# မြဝတီ — The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ စနေနေ့ (5-12-2015) (၈၄၀၅)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင်ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့သခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# အစိုးရအပြောင်းအလဲဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် အစိုးရအဖွဲ့အစည်းအားလုံးနှင့် ဝန်ထမ်းအားလုံးကို လိုအပ်သည့်ညွှန်ကြားချက်များပေးပြီး အစီအစဉ်များ စနစ်တကျ ဆောင်ရွက်လျက်ရှိ

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က နိုင်ငံတစ်ဝန်းရှိ ပြည်သူများထံ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်



ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါခင်ဗျား။

မိဘပြည်သူများထံ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ ပထမပတ်အတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ကျွန်တော်တို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အဓိကကျသည့် အဆင့်တစ်ခုဖြစ်သော ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို ပြီးခဲ့သည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့်လည်း ရွေးကောက်ပွဲမတိုင်မီကာလများကတည်းက ကြိုတင်ပြောကြားခဲ့သည့်အတိုင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရန်အတွက် အုပ်ချုပ်ရေးကဏ္ဍမှ အကောင်းဆုံးဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံရေးဖြစ်စဉ်အတွင်း ပြည်သူများပါဝင်လာနိုင်ရန်အတွက် ကျွန်တော်တို့ တာဝန်ထမ်းဆောင်ခဲ့သည့် ငါးနှစ်တာကာလအတွင်း အရေးကြီးသည့် နိုင်ငံရေးအခြေခံများကို တည်ဆောက်ခဲ့ပါသည်။ နိုင်ငံရေးဖြေလျှော့မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံရေးဖြစ်စဉ်များ အရှိန်မြင့်တက်လာသည်နှင့်အမျှ ပြည်သူများ၏ နိုင်ငံရေးနိုးကြားမှုနှင့် နိုင်ငံရေးရေချိန် မြင့်မားလာခဲ့ပါသည်။

စေ့စပ်ဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကိုလည်း အုတ်မြစ်ချနိုင်ခဲ့သည့်အတွက် နိုင်ငံရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့ပါသည်။ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့ခြင်းများ၏ ရလဒ်ကောင်းအနေဖြင့် ကျယ်ပြန့်သည့် နိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအင်အားစုအားလုံး ပါဝင်လာပြီး လွတ်လပ်မှုအရှိဆုံး ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသည့် ပါတီများနှင့် ကိုယ်စားလှယ်များကိုလည်း ကျွန်တော့်အနေဖြင့် ဂုဏ်ပြုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် အနိုင်မရရှိခဲ့သည့်တိုင် စည်းကမ်းတကျဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။ ဤရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ မှတ်တိုင်တစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံဖြတ်သန်းနေရသည့် အနေအထားအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆက်လက်အောင်မြင်ရန်နှင့် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကိစ္စရပ်များသည်လည်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ယနေ့ မာတိကာ


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း — စာမျက်နှာ - ၁၀

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း — စာမျက်နှာ - ၁၀


# အာဆီယံစီးပွားရေးအသိုက်အဝန်းများ အပြိုင်အဆိုင်ဝင်ရောက်လာကြပြီဆိုလျှင် အိမ်၊ ခြံ၊ မြေ ဈေးကွက်များလှုပ်ခတ်လာမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုများ ဖြစ်ပေါ်လာတော့မည့် မြန်မာနိုင်ငံအတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်းများ(ASEAN ECONOMIC COMMUNITY) အပြိုင်အဆိုင် ဝင်ရောက်လာပြီဆိုလျှင် အိမ်၊ ခြံ၊ မြေ ဈေးကွက်များ ပြန်လည်လှုပ်ခတ်လာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)မှ သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များအလိုက် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇွန်လပိုင်းကတည်းက အိမ်၊ ခြံ၊ မြေ ဈေးကွက်များ အေးလာခဲ့ခြင်းဖြစ်ပြီး တိုက်ခန်းများနှင့် လုံးချင်းအငှားပိုင်းဆိုင်ရာများသာ အားကောင်းခဲ့ကြောင်း၊ ရွေးကောက်ပွဲ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်ရှိ တိုက်တာအဆောက်အအုံများကို တွေ့ရစဉ်။




ကြေးမုံစာတည်းရှုထောင့် ၅-၁၂-၂၀၁၂၊ ဗုဒ္ဓဟူးနေ့

# ပြည်သူ့ကျန်းမာရေးစိတ်အေး

ပြည်သူများ၏အရေးသုံးပါးမှာ စား၊ ဝတ်၊ နေရေးဖြစ်ပါသည်။ မျက်မှောက်ကာလတွင် ထိုအရေးသုံးပါးအပြင် ကျန်းမာရေးသည်လည်း အရေးကြီးသည်။ လောလောဆယ်တွင် နေရေးသည် ပထမဖြစ်ပြီး ဒုတိယအရေးမှာ ကျန်းမာရေးဖြစ်သည်။

ပြည်သူများအနေဖြင့် မကျန်းမမာဖြစ်မှာကို စိုးရိမ်ပူပန်ကြသည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟုဆိုသည်နှင့်အညီ ကျန်းမာစွာနေထိုင်လိုကြသည်။ မကျန်းမာလျှင်လည်း ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ကုသလိုကြသည်။ ယခင်က စားစရာမရှိလျှင်နေ၊ မကျန်းမမာဖြစ်လျှင် ကျန်းမာရေးစရိတ်ကို မဖြစ်မနေရှာဖွေရသည်။ ကုသမှုစရိတ်မရှိလျှင် ချေးငှားရှာဖွေရယူရသည်။

ထင်ရှားသည့် ဆရာတော်ကြီးတစ်ပါးက မိမိတို့ စည်းစိမ်ဥစ္စာကုန်ဆုံးခြင်းနှင့်ပတ်သက်၍ ရန်သူမျိုးငါးပါးအပြင် အထူးကုဆေးရုံကိုပါ ထည့်သွင်းပြီး ရန်သူမျိုးခြောက်ပါးဟု မိန့်ကြားဖူးသည်။ မကျန်းမာ၍ အထူးကုဆေးရုံတက်ရမည်ဆိုပါက ရောဂါအကြီးအသေးအလိုက် ငွေကုန်ကြေးကျများပြီး အသက်အန္တရာယ်အတွက် ကြီးမားသောရောဂါများဖြစ်ပါက ရှိသမျှစည်းစိမ်ကုန်လုနီးပါး ဖြစ်ကြရသည်ကို ဆိုလိုခြင်းဖြစ်သည်။

ပြင်ပဆေးရုံများတွင် တက်ရောက်ခွဲစိတ်ကုသမည်ဆိုပါက အနည်းဆုံး ငွေကျပ်သိန်း ၄၀ မှ ငွေကျပ်သိန်း ၁၀၀ အတွင်း ကုန်ကျနိုင်ပြီး နာတာရှည်ရောဂါနှင့်ပါ ပေါင်းစပ်လိုက်မည်ဆိုပါက ထိုထက်မက အဆပေါင်းများစွာ ကုန်ကျလာဦးမည်ဖြစ်သည်။ ငွေကြေးချမ်းသာသူဖြစ်ပါက မထောင်းသာသော်လည်း ငွေကြေးမတတ်နိုင်သူပြည်သူအများစုအတွက် အသက်ကိုရင်းရတော့မည့် သဘောဖြစ်သည်။


ယခုအခါ ကျန်းမာရေးကဏ္ဍတွင် ပြည်သူ့ဗဟိုပြု ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးနိုင်မှုကြောင့် အများပြည်သူတို့အနေဖြင့် ဆေးကုသမှုစရိတ်အတွက် စိုးရိမ်ပူပန်မှုလျော့ကျလာသည်ဟု သိရသည်။ ပြင်ပကုသမှု၌ သိန်းပေါင်းများစွာကုန်ကျနေချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုကုန်ကျစရိတ် ပိုမိုသက်သာခြင်းနှင့် ဝန်ဆောင်မှုကောင်းမွန်ခြင်းတို့ကြောင့် ပြည်သူများပိုမိုယုံကြည်အားထားလာကြသည်ဟု ဆိုကြသည်။

ကိုယ်တွေ့ကြုံသူပြည်သူများ၏ ပြောကြားချက်အရ ဆရာဝန်များမှာ ကျွမ်းကျင်မှုရှိသလို လူနာအား အစစအရာရာ ဂရုစိုက်မှုရှိကြသည်ဟုဆိုသည်။ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များပေးနေသလို သွေးစစ်ခြင်း၊ ခွဲစိတ်ခြင်းတို့တွင်ပါ ငွေကုန်ကြေးကျမရှိဟု ပြောလာကြသည်။ နယ်အရပ်ဒေသမှ လာရောက်ကုသကြသော လူနာမိသားစုများအတွက် ဝန်ဆောင်မှုကောင်းပြီး ဆေးဝါးကုန်ကျမှုမရှိဘဲ မိသားစုအတွက် တည်းခိုနေထိုင်စရိတ်သာရှိသဖြင့် ကျေနပ်မှုဖြစ်ကြသည်ဟု ကြားသိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယမန်နှစ် ဩဂုတ် ၁ ရက်နေ့မှ စတင်၍ အခမဲ့သွေးအိတ်ပေးခြင်း၊ ဒီဇင်ဘာ ၁ ရက်နေ့မှစတင်၍ ဆေးရုံတက်လူနာများအား အောက်ဆီဂျင်အခမဲ့ပေးခြင်း၊ ယခုနှစ် မတ်လ ၁ ရက်နေ့မှစတင်၍ အခြေခံခွဲစိတ်ခွဲစမ်းသပ်မှု ခုနစ်မျိုးမှ ၁၅ မျိုးအထိ တိုးမြှင့်ပေးခြင်းနှင့် အရေးပေါ် လူနာများသာမက အတွင်းလူနာများကိုပါ အိတ်စရေး၊ အာထရာဆောင်း၊ စီတီစကင်မှအစ အခမဲ့စမ်းသပ်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ငါးထပ်ဆေးရုံအသစ်ဆောက်လုပ်ပြီးစီးခဲ့ပြီး တိုးတက်များပြားလာသော လူနာများအား ကုသမှုပေးနိုင်ရန် ကျန်းမာရေးအသုံးစရိတ်ဘတ်ဂျက်ငွေများကို နိုင်ငံတော်က ပိုမိုမြှင့်တင်ထောက်ပံ့ပေးထားသဖြင့် ယခုကဲ့သို့ ပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများကို ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အနယ်နယ်အရပ်ရပ်မှ နေ့စဉ်လူနာ ၁၅၀၀ ခန့်ကုသပေးနေရပြီး ဆေးရုံတက်လူနာမှာ နေ့စဉ် ၂၀၀ မှ ၃၀၀ ကြားရှိသည်ဟုသိရသည်။

ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးအခါကာလတွင် ပြည်သူများအတွက် ဒုတိယဦးစားပေးကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို သိသာထင်ရှားစွာ ပြောင်းလဲဖြည့်ဆည်းပေးနိုင်သောကြောင့် ပြည်သူ့ဗဟိုပြုသည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်အား ကြိုဆိုပါကြောင်း တင်ပြလိုက်ပါသည်။ ။




## ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်တွင် အပန်းဖြေရင်း ပန်းအလှစိုက်ခင်းများကို ကြည့်ရှုလေ့လာသူများဖြင့် စည်ကား

**ပြင်ဦးလွင် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သည် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ နေ့စဉ်ရောက်ရှိလည်ပတ်သည့် ဒေသတစ်ခုဖြစ်ကာ ယင်းမြို့ရှိ ကန်တော်ကြီးဥယျာဉ်တွင် အပန်းဖြေရင်း ပန်းအလှစိုက်ခင်းများ ကြည့်ရှုလေ့လာသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

"တန်ဆောင်တိုင်ပွဲတော်အတွင်းမှာလည်း ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်တွေ အစုအဖွဲ့အလိုက်၊ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် ကန်တော်ကြီးဥယျာဉ်ထဲကို လာရောက်လည်ပတ်အပန်းဖြေရင်း ပန်းအလှစိုက်ခင်းတွေကို ကြည့်ရှုလေ့လာကြတယ်။ ဒီဇင်ဘာလထဲမှာပဲ ကန်တော်ကြီးဥယျာဉ်မှ ပန်းအလှပွဲတော်နဲ့ ဂီတပွဲတော်ကျင်းပဖို့ရှိသေးတော့ လာရောက်လည်ပတ်သူတွေနဲ့ စည်ကားနေဦးမှာဖြစ်ပါတယ်။ ပုံမှန်ဆိုလည်း စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေနဲ့ နေ့ကြီးရက်ကြီးတွေမှာ လာရောက်လည်ပတ်သူတွေနဲ့ ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်က အမြဲမပြတ် စည်ကားနေတာဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့ ကန်တော်ကြီးဥယျာဉ်ကို ၁၉၂၄ ခုနှစ်က မေမြို့ အစိုးရရုက္ခဗေဒဥယျာဉ်အဖြစ် စတင်တည်ထောင်ခဲ့ပြီး ဥယျာဉ်ကိုအဆင့်မြှင့်မွမ်းမံ ပြုပြင်တည်ဆောက်ပြီး ၂၀၀၁ ခုနှစ် ဧပြီ ၈ ရက်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)အမည်ဖြင့် ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## အချိန်အခါမိုးကြောင့် ပဲစိုက်တောင်သူများအဆင်ပြေ

**ရေတာရှည် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးရိတ်သိမ်းပြီးနောက် ပဲအမျိုးမျိုးစိုက်ပျိုးလျက်ရှိရာ ဒီဇင်ဘာ ၃ရက် ညပိုင်းက ရွာသွန်းခဲ့သောမိုးကြောင့် လက်ရှိပဲစိုက်ထားသည့် တောင်သူများအတွက် များစွာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဆောင်းဆိုပေမယ့် နေအပူရှိန်ကပြင်းတော့ အောက်အစိုဓာတ်ဆုတ်ကုန်တယ်။ အချို့နေရာတွေမှာဆို ရေတင်ရတာတွေတောင်ရှိတယ်။ နှင်းကလည်း ကောင်းကောင်းမလိုက်သေးတော့ အခုမိုးရွာတဲ့အတွက် ပဲခင်းတွေကောင်းတာပေါ့"ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာရှိ တောင်သူတစ်ဦးက ပြောသည်။

ပဲမျိုးဈေးနှုန်း မြင့်တက်ခြင်းကြောင့် စိုက်ပျိုးစရိတ် မြင့်တက်သော်လည်း လက်ရှိဈေးကွက်အရ ပဲဈေးနှုန်းလည်း ကောင်းမွန်မည့်အလားအလာများရှိနေခြင်းကြောင့် ပဲစိုက်ပျိုးသည့် တောင်သူများ ယခင်နှစ်ကကဲ့သို့ များပြားကာ မတ်ပဲ၊ ပဲတီစိမ်း၊ စွန်တာနီ၊ ထောပတ်ပဲ၊ ပဲတိုင်ထောင် အစရှိသော ပဲမျိုးများကို တိုးမြှင့်စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်(ရွှေဈေး) ၇၃၄၀၀၀ - ၇၃၄၀၀၀၊ မန္တလေး(ရွှေဈေး) ၇၃၄၀၀၀ - ၇၃၄၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၈၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၁၄.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂.၄၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆.၁၅၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၃၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၅.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၉၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၉.၆၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၇.၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးနာဒူး(လ်)ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

(ကြေးမုံ)

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

# မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ကဏ္ဍစုံတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

အစိုးရတိုင်းက အလေးထားစဉ်းစားရမည့် ကိစ္စရပ်များ ဖြစ်ပါသည်။

အစိုးရသစ်ဖွဲ့စည်းရေးနှင့် တာဝန်လွှဲပြောင်းရေးဖြစ်စဉ်အတွက် စိုးရိမ်ပူပန်မှုများရှိသည်ကိုလည်း ကြားသိရပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လျှောက်လှမ်းနေဆဲနိုင်ငံများတွင် ယခုကဲ့သို့စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်တတ်ခြင်းသည် သဘာဝကျသည့်ကိစ္စဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် ညင်သာချောမွေ့သည့် တာဝန်လွှဲပြောင်းရေး ဖြစ်စဉ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အစိုးရအပြောင်းအလဲဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် အစိုးရအဖွဲ့အစည်းအားလုံးနှင့် ဝန်ထမ်းအားလုံးကို လိုအပ်သည့် ညွှန်ကြားချက်များပေးပြီး အစီအမံများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော့်အနေဖြင့် ဤဖြစ်စဉ်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒီဇင်ဘာ ၂ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ယခုကဲ့သို့ အချိန်ကာလမျိုးတွင် နိုင်ငံရေးတည်ငြိမ်မှုရှိရန် အထူးအရေးကြီးသည့်အတွက် နိုင်ငံရေးအင်အားစုများ အားလုံးအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့်အပြိုင် အရေးကြီးသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည်လည်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် အခြေခံကောင်းများ ရရှိနေပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အချိန်ဇယားအတိုင်း ပစ်ခတ်တိုက်ခိုက်မှုများကို ရှောင်လွှဲနိုင်ရန်အတွက် ကော်မတီများဖွဲ့စည်းပြီး ကျင့်ဝတ်များ၊ လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ တစ်ဆက်တည်းတွင် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လိုအပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုလည်း နိုင်ငံရေးအင်အားစုအားလုံး ပူးပေါင်းပါဝင်သည့် ကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းမူဘောင်ကို မကြာမီ ရက်အနည်းငယ်အတွင်း အပြီးသတ်ရေးဆွဲနိုင်တော့မည် ဖြစ်သည်ကိုလည်း အသိပေးပြောကြားလိုပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ သဘောတူရေးဆွဲထားသော NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့်အဖွဲ့များအနေဖြင့်လည်း ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူများ၏ဘဝများကို ထည့်သွင်းစဉ်းစားပြီး အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးကြရန် တိုက်တွန်းအပ်ပါသည်။ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းကို စွဲကိုင်ပြီး မိမိတို့၏ နိုင်ငံရေးလိုလားချက်များကို ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ကြရန်လည်း အလေးအနက်ထားပြီး ထပ်မံ တိုက်တွန်းအပ်ပါသည်။

ကျွန်တော့်အနေဖြင့် နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးတက်ရောက်လာကြသည့် ခေါင်းဆောင်များအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ညင်သာစွာ အသွင်ကူးပြောင်းရေး လုပ်ဆောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံတော်အစိုးရကို ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ ယခုကဲ့သို့ ဒေသအတွင်း ထူးခြားသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးပါသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အသက်ဝင်လာခြင်းနှင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် ကျွန်တော်တို့ မြန်မာပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုအဖြစ် ကျွန်တော့်အနေဖြင့် ရှုမြင်ပါသည်။

နိုဝင်ဘာ ၁၃ ရက် ညနေပိုင်း ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်းတစ်ရာကျော် အသက်ဆုံးရှုံးခဲ့ရသည်ကို ဝမ်းနည်းဖွယ်ကြားသိရပါသည်။ ထိုဝမ်းနည်းဖွယ်ဖြစ်ရပ်အတွက် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြင်သစ်ပြည်သူများအားလုံးနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း ကြေညာအပ်ပါသည်။ မြန်မာပြည်သူများအနေဖြင့်လည်း ပြင်သစ်ပြည်သူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲလျက်ရှိကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။

လူသားများ၏ လွတ်လပ်မှု၊ ယုံကြည်မှုနှင့် အေးချမ်းစွာ ဘဝရှင်သန်မှုတို့ကို ခြိမ်းခြောက်နေသည့် မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို ကမ္ဘာ့ပြည်သူများအားလုံးက တညီတညွတ်တည်း ရှုတ်ချရမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့်လည်း ထိုအစွန်းရောက် အကြမ်းဖက်မှုများကို လက်တွဲတိုက်ဖျက်သွားရမည်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာသည့် မည်သည့် အကြမ်းဖက်မှုမျိုးကိုမဆို မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့်အတူ လက်တွဲတွန်းလှန်သွားမည်ဟု ထပ်လောင်းဖော်ပြအပ်ပါသည်။

ဖားကန့်ဒေသတွင် ဖြစ်ပွားခဲ့သည့် မြေပြိုကျမှုအတွင်း အသက်ဆုံးပါးသွားခဲ့ရသော ပြည်သူများနှင့် ကျန်ရစ်သည့် မိသားစုများအတွက် ကျွန်တော့်အနေဖြင့် ဝမ်းနည်းမိပါကြောင်း ဦးစွာပြောကြားလိုပါသည်။ ယခုကဲ့သို့ အန္တရာယ်များသည့် လုပ်ငန်းခွင်များအတွက် မူဝါဒဆိုင်ရာများကို ပြန်လည်သုံးသပ်ရန် လိုနေပြီဆိုသည်ကို သင်ခန်းစာရယူရမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အကာအကွယ်ကိရိယာအစုံအလင်ရှိရေးနှင့် အလျင်အမြန်ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရေးစသည့် ထိန်းကျောင်းမှုများ၊ စည်းကမ်းများကိုလည်း အထူးတင်းကြပ်ရမည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစုများအတွက်လည်း ဆောင်ရွက်ရမည့် အစီအမံများကို ဒေသအာဏာပိုင်များအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော့်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်လည်းကောင်း၊ ပြည်သူများ၏စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်များ ဖန်တီးပေးနိုင်စေရန်လည်းကောင်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

❐ **အာဆီယံမှ**

ကာနီးကပ်လာခဲ့သဖြင့် ယင်းကဲ့သို့ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီနောက်ပိုင်း၌မူ တိုက်ခန်းများနှင့် လုံးချင်း အငှားပိုင်းဆိုင်ရာများ အားနည်းလာခဲ့ရကြောင်း၊ အိမ်အငှားများကလည်း ဈေးနှုန်းလျှော့ပေါ့ငှားရမ်းခဲ့ကြရကြောင်း၊ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလတွင်ကျင်းပမည့် အာဆီယံ စီးပွားရေးအသိုက်အဝန်းများ (ASEAN ECONOMIC COMMUNITY) အပြိုင်အဆိုင်ဝင်ရောက်လာကြပြီဆိုလျှင် အိမ်၊ခြံ၊မြေ ဈေးကွက်များပြန်လည်လှုပ်ခတ်လာနိုင်တော့မည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း စီးပွားရေးမူဝါဒများအား ထင်သာမြင်သာ ပြုလုပ် လုပ်ဆောင်မှုများရှိလာမည်ဆိုပါက လာမည့် နိုင်ငံရေး၊စီးပွားရေးများအပါအဝင် အိမ်၊ ခြံ၊ မြေဈေးကွက်များ တည်ငြိမ်မှုများဖြစ်ပေါ်လာမည် ဖြစ်ကြောင်းနှင့် လာမည့် ၂၀၁၆ ခုနှစ် ဧပြီလမှစတင်ကာ အိမ်၊ ခြံ၊ မြေ ဈေးကွက်များ ပြန်လည်လှုပ်ရှားနိုင်သည့် အရိပ်အယောင်များ မြင်တွေ့ရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)မှ တာဝန်ရှိသူများက သုံးသပ်ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံအိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို) မှဥက္ကဋ္ဌ ဦးခင်မောင်သန်းက "အိမ်၊ခြံ၊မြေ ဈေးကွက်က အရောင်းအဝယ်အေးနေတယ်ဆိုပေမယ့် တချို့နေရာတွေမှာ အနည်းအကျဉ်းတော့ အရောင်းအဝယ်ပြန်လည် လှုပ်ရှားမှုတွေဖြစ်ပေါ်လာတာမြင်တွေ့နေရပါတယ်။ ဒါပေမယ့် တစ်ချိန်တစ်ခါက အင်မတန် ဖြစ်ပေါ်မြင့်တက်ခဲ့တဲ့ အိမ်၊ခြံ၊မြေ ဈေးကွက်အဆင့်ကတော့ ဖြစ်ပေါ်လာနိုင်စရာအားနည်းခဲ့ပါပြီ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဒီဇင်ဘာလမှာ စတင်ပေါ်ပေါက်လာတော့မှာမို့ပဲဖြစ်ပါတယ်။ အရင်တုန်းကဆို ငွေကြေးတတ်နိုင်တဲ့သူတွေကဒီ အိမ်၊ ခြံ၊ မြေ ဈေးကွက်ထဲမှာမျက်စိမှိတ်မြှုပ်နှံထားတာရှိကြပါတယ်။ နိုင်ငံအသီးသီးကလည်း ဖွံ့ဖြိုးတိုးတက်လာတော့မယ့် အနေအထားကို ကြည့်ပြီးတော့ ပူးပေါင်းဆောင်ရွက်ကြမယ့် အနေအထားတွေရှိလာတာကြောင့် နိုင်ငံတော် အိမ်၊ ခြံ၊ မြေဈေးကွက်ရဲ့စီးပွားရေးဟာလှုပ်ရှားမှုတွေဖြစ်ပေါ်လာတော့မှာဖြစ်ပြီး ကောင်းမွန်တဲ့ဈေးကွက်တစ်ခုပေါ်ပေါက်လာတော့မှာပါ။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းတွေ ပေါ်ပေါက်လာမှာကို ပြည်သူတွေ မြင်တွေ့ကြရတော့မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်အတွင်း နေထိုင်သော မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေအသင်းဝင် ဒေါ်မြင့်မြင့်အေးကလည်း "ရန်ကုန်မြို့ရဲ့ အိမ်၊ ခြံ၊ မြေ ဈေးကွက်အရောင်းအဝယ်ကလည်း ခုဆို နည်းနည်းအေးနေပါတယ်။ ဒါပေမယ့် နည်းနည်းလျှော့ရောင်းကြလို့ နည်းနည်းပါးပါး ထွက်နေတာလေးတွေတော့ရှိပါတယ်။ သဘောက အိမ်အရောင်းထွက်ဖို့ကအရင်ကဆို ငွေကျပ်သိန်း ၃၅၀ ကိုငွေကျပ်သိန်း ၃၂၀ နဲ့ ငွေကျပ် ၃၂၉ သိန်း အဲ့လို မျိုးလေးတွေလျှော့ရောင်းပြီးဈေးပေါက်နေတာလေးတွေတော့ရှိပါတယ်။ ပါးပါးလျှော့ရောင်းကြတာပါ။ အိမ်အငှားကျပြန်တော့လည်းမြေညီထပ်က အရင်တုန်းကဆို ငွေကျပ်သိန်း ၄၅၀ ပေါက်တာ အခုဆို ငွေကျပ် ၃၅၀ နဲ့ ၃၀၀ ကြားကို ဖြစ်နေပါတယ်။ အိမ်ခန်းရောင်းကြမယ့်သူတွေကခုဆိုအရမ်းများပါတယ်။ ရောင်းမထွက်ဘူးဖြစ်နေတာပါ။ လောလောဆယ် ၃ လ နီးပါးလောက်က အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်တွေအေးနေအုံးမှာပါ။ နောက်ပိုင်း ပုံမှန်ဈေးပေါက်လာနိုင်ပါတယ်။ အရင်လို အိမ်၊ခြံ၊မြေ ဈေးကွက်က ဈေးနှုန်းမမြင့်မားတော့ဘဲ ဈေးကွက်တည်ငြိမ်မှုများ ဖြစ်လာနိုင်ပါတယ်"ဟု ၎င်း၏ အမြင်အားသုံးသပ်ပြောဆိုခဲ့သည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံအိမ်၊ခြံ၊မြေ ဝန်ဆောင်မှုအသင်း(ဗဟို)မှာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဇွန် ၂၈ ရက်က အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၏ တရားဝင် မှတ်ပုံတင်အမှတ်ဖြင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များအားအသင်းအတွင်း ဝင်ရောက်နိုင်ကြစေရေးအတွက် ၂၀၁၂ ခုနှစ် ဇူလိုင် ၇ ရက်ကတည်းက စတင်စည်းရုံးဝင်ရောက်ခဲ့စေခြင်းဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြန်မာနိုင်ငံ အိမ်၊ခြံ၊မြေ အသင်းဝင်ပေါင်း ၁၇၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)မှ ပို့ချပေးနေသောသင်တန်းများမှာ ရန်ကုန်မြို့အတွင်း (၁၇) ကြိမ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် (၄၂) ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရုံးခွဲပေါင်း ၂၀ အားဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျစ်လစ်ခိုင်မာသည့် အောင်လက်မှတ်ရ သင်တန်းသား၊ သင်တန်းသူဦးရေပေါင်း ၄၀၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်းနှင့် မြို့နယ်အလိုက် ၂၆ မြို့နယ်ရှိ အိမ်၊ခြံ၊မြေ အကျိုးဆောင်များအားလည်း စည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ကြောင်း မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း(ဗဟို)မှ ထပ်မံသိရသည်။

**သတင်း-စိုးဝင်း(MLA)**
**ဓာတ်ပုံ-ညီညီ(သမိုင်း)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတကာ

# ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့အား စစ်ဆင်ရေးဆင်နွှဲမည့် အစီအစဉ်ကို ဂျာမန်လွှတ်တော်အတည်ပြု



**ဘာလင်  ဒီဇင်ဘာ  ၄**

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား စစ်ဆင်ရေးဆင်နွှဲရန် အစိုးရ၏အစီအစဉ်များကို ဂျာမနီအောက်လွှတ်တော်က ဒီဇင်ဘာ ၄ ရက်တွင် အတည်ပြုလိုက်သည်။

မဲခွဲဆုံးဖြတ်ရာတွင် ဥပဒေပြုလွှတ်တော်အမတ် ၅၉၈ ဦးအနက် ၄၄၅ ဦးက ထောက်ခံမဲပေးခဲ့ပြီး ၁၄၆ ဦးက ကန့်ကွက်မဲပေးကာ ခုနှစ်ဦးက ကြားနေမဲပေးခဲ့သည်။ အဆိုပါမစ်ရှင်တွင် ပြင်သစ်လေယာဉ်တင်သင်္ဘော ချားလ်ဒီဂေါအား ကာကွယ်စောင့်ရှောက်ရန် တော်နေဒိုးထောက်လှမ်းရေး ဂျက်လေယာဉ်ခြောက်စင်းနှင့် ဖရီးဂိတ်တစ်စီး၊ လောင်စာဆီဖြည့်လေယာဉ်နှင့် စစ်ဘက်တပ်ဖွဲ့ဝင် ၁၂၀၀ စေလွှတ်ရေးတို့ ပါဝင်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံသည် ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံများကဲ့သို့ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်နေသောတိုင်းပြည်များနှင့် ပူးပေါင်းမည်မဟုတ်ပေ။

**ရိုက်တာ။**

# အမေရိကန်စစ်ဘက်၌ တိုက်ခိုက်ရေး အခန်းကဏ္ဍများတွင် အမျိုးသမီးများ အမှုထမ်းခွင့် လမ်းဖွင့်ပေးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်စစ်ဘက်၏ တိုက်ခိုက်ရေးအခန်းကဏ္ဍများ အားလုံးတွင် အမျိုးသမီးများ အမှုထမ်းရွက်ခွင့် ရရှိတော့မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့များ၌ ကျားမလိင်ကွဲပြားခြားနားမှုအရ အမျိုးသမီးများအနေဖြင့် အလုပ်လုပ်ကိုင်ခွင့် အတားအဆီးများရှိနေခြင်းကို ရှင်းလင်းဖယ်ရှားပေးခြင်းမှာ သမိုင်းဝင် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးကာတာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကာကွယ်ရေးမူဝါဒ အပြောင်းအလဲအရ အနာဂတ်ကာလ၌ အမျိုးသမီးစစ်သည်များသည် သံချပ်ကာကားမောင်းခြင်း၊ မော်တာစိန်ပြောင်း ပစ်ခတ်ခြင်း၊ ခြေလျင်စစ်သည်များနှင့် ရင်ပေါင်တန်းကာ ရှေ့တန်းထွက်ခြင်းစသည်တို့ ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း၊ ရိန်းဂျားတပ်ဖွဲ့၊ အမေရိကန်ကြည်းတပ်အထူးတပ်ဖွဲ့၊ ရေတပ်ကွန်မန်ဒိုတပ်ဖွဲ့၊ မရိန်းတပ်ဖွဲ့၊ လေတပ်ကယ်ဆယ်ရေး လေထီးတပ်ဖွဲ့ စသည့်တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်ခွင့် ရရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးကာတာက ပြောကြားသည်။

ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ မရိန်းတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်ဖို့ဒ်က ကန့်ကွက်မှုများ ရှိနေသည့်ကြားမှ ကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မူဝါဒအပြောင်းအလဲပြုလုပ်ခြင်းဖြင့် တိုက်ခိုက်ရေးလုပ်ငန်းများ ပိုမိုထိရောက်မှုရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးကာတာက ပြောကြားသည်။

တိုက်ခိုက်ရေး အခန်းကဏ္ဍများ၌ အမျိုးသမီးများ အလုပ်လုပ်ကိုင်ခွင့် ရရှိရေး မူဝါဒသစ်ကို သမ္မတဘာရက်အိုဘားမားက ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်သည် ဝန်ကြီးကာတာ၏ ဆုံးဖြတ်ချက်ကို သုံးသပ်ဆွေးနွေးရန် ရက်ပေါင်း ၃၀ အချိန်ရရှိမည်ဖြစ်သည်။

**ရိုက်တာ။**



# ရာသီဥတုပြောင်းလဲလာမှု၏အကျိုးဆက် ကမ္ဘာ့ရိက္ခာလုံခြုံရေးကို အန္တရာယ်ပေးနိုင်

**ပါရီ  ဒီဇင်ဘာ  ၄**

ရာသီဥတုပြောင်းလဲလာမှုသည် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးအတွက် ဘေးအန္တရာယ်ပေးလာနိုင်ကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာနက ပြင်သစ်နိုင်ငံပါရီ၌ ကျင်းပနေသော ကုလသမဂ္ဂရာသီဥတုထိပ်သီးညီလာခံသို့ တင်သွင်းသောအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ရာသီဥတုပြောင်းလဲလာမှုသည် စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှုနှင့် စားနပ်ရိက္ခာလုံခြုံမှုတို့ကို ထိခိုက်စေနိုင်ကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီး တမ်ဗီဆက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုက စိုက်ပျိုးရေးလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများကို အဆိုပါ အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည်။

ရာသီဥတုပြောင်းလဲလာမှုကြောင့် တောင်သူလယ်သမားများနှင့် စားသုံးသူများရင်ဆိုင်လာရနိုင်သည့် စိန်ခေါ်မှုများကို အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ရာသီဥတုပြောင်းလဲမှုအား ဖြစ်ပေါ်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၂၅ ခုနှစ်ထက်နောက်မကျဘဲ ၂၀၀၅ ခုနှစ် ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏအောက် ၂၆ မှ ၂၈ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဟု ပါရီ ရာသီဥတု ထိပ်သီးညီလာခံတွင် သမ္မတ အိုဘားမားက ကတိပြုပြောကြားခဲ့သည်။

**ရိုက်တာ။**

# လာဘ်စားမှုကြောင့် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဟောင်းအား ထောင် ၁၂ နှစ်ချ

**ပေကျင်း ဒီဇင်ဘာ ၄**

ယွမ် ၁၆ သန်းဝန်းကျင် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း)ရှိ လာဘ်ငွေများလက်ခံမှုကြောင့် အသက် ၅၃ နှစ်ရှိ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ရှန်ပေပင်းအားထောင်ဒဏ် ၁၂ နှစ် ချမှတ်လိုက်ကြောင်း ပေကျင်းတရားရုံးတစ်ရုံးက ဒီဇင်ဘာ ၃ရက်တွင် ကြေညာခဲ့သည်။

ပေကျင်းတရားရုံး၏စီရင်ချက်အရ စွပ်စွဲချက်များအပေါ် အပြစ်ရှိကြောင်း ဝန်ခံခဲ့မှုကြောင့် ရှန်၏အိမ်ခြံမြေများကို သိမ်းဆည်းခဲ့ပြီး ယွမ်နှစ်သန်းတန်ကြေးရှိသော ပိုင်ဆိုင်မှုပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းယူမည်ဖြစ်ကြောင်း သိရသည်။ ရှန်သည် ၂၀၀၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဒေသခံကုမ္ပဏီများ၊ သံမဏိရိုင်းရောင်းချမှုများနှင့် ကြေးနီတူးဖော်ရှာဖွေမှုများအတွက် အကျိုးဖြစ်ထွန်းစေရန် တန်ချောင်စီရင်စု ကွန်မြူနစ်ပါတီအကြီးအကဲနှင့် ယူနန်ပြည်နယ် စီမော်မြို့တော်ဝန်ဟူသော ၎င်း၏ရာထူးများကိုအသုံးပြု၍ အခွင့်အရေးများ ရယူခဲ့သူဖြစ်သည်။

၎င်းမှာ ထိုဖြစ်ရပ်တွင်ပါဝင်သော ကုမ္ပဏီပိုင်ရှင်များထံမှ ယွမ် ၁၆ ဒသမ ၁၅ သန်းဝန်းကျင်တန်ဖိုးရှိ ငွေကြေးနှင့်တန်ဖိုးကြီးပစ္စည်းများ လက်ခံခဲ့သည်။ အခြားကိစ္စရပ်များတွင် တရားစီရင်ရေးအဖွဲ့များသို့ အချက်အလက်များပေးခဲ့သော်လည်း စုံစမ်းစစ်ဆေးမှုတွင် အထောက်အထားများ ဖုံးကွယ်ရန် ကြိုးစားခဲ့ပြီး တရားမဝင်ရရှိခဲ့သည့် ပိုင်ဆိုင်မှုများကို ထုတ်ပြန်ကြေညာမှု မရှိသောကြောင့် ၎င်းအားတရားရုံးက သက်ညှာမှုပေးခြင်းမရှိခဲ့ပေ။

**ဆင်ဟွာ။**

# ဘန်ကောက်၊ ဖူးခက်နှင့် ပတ္တရာ ကမ်းခြေဒေသများသို့ အိုင်အက်စ်စစ်သွေးကြွများ ဝင်ရောက်ခဲ့ဟုဆို

**ဘန်ကောက်  ဒီဇင်ဘာ  ၄**

ရုရှားနိုင်ငံ၏ အကျိုးစီးပွားများအား တိုက်ခိုက်နိုင်ရန် ယခုနှစ် အောက်တိုဘာလအတွင်း အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် ဆီးရီးယားစစ်သွေးကြွ ၁၀ ဦးခန့်သည် ထိုင်းနိုင်ငံ ဘန်ကောက်၊ ဖူးခက်နှင့် ပတ္တရာကမ်းခြေအပန်းဖြေစခန်းများသို့ ဝင်ရောက်ခဲ့ကြောင်း ရုရှားပြည်ထောင်စု လုံခြုံရေးဌာန၏ ထောက်လှမ်းရေးသတင်းကို ကိုးကားလျက် ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ရုရှားအာဏာပိုင်များက စိုးရိမ်ပူပန်မှုရှိသည့် ပစ်မှတ်ထားခံရနိုင်သောနေရာများတွင် လုံခြုံရေး တင်းကျပ်ထားရန် ရုရှားလုံခြုံရေးဌာနက သတိပေးခဲ့ပုံကို လျှို့ဝှက်အဆင့်ရှိ စာလွှာစာတမ်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အဖွဲ့၏ ပစ်မှတ်များကို စက်တင်ဘာ ၃၀ ရက်က စတင်တိုက်ခိုက်ခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်များ၌ လေကြောင်းတိုက်ခိုက်မှုများကို တိုးမြှင့်ပြုလုပ်ခဲ့သည့် အိုင်အက်စ်အဖွဲ့က အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ ရုရှားလေကြောင်းပိုင် လေယာဉ်တစ်စင်းကို ပစ်ချခဲ့ပြီးနောက် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်သည် အောက်တိုဘာလက အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်ကျခဲ့ပြီး လေယာဉ်ပေါ်ပါလူ ၂၂၄ ဦးစလုံး သေဆုံးခဲ့ရသည်။

ထိုင်းအထူးရဲတပ်ဖွဲ့က အစ္စလာမ့်စ် စစ်သွေးကြွများ ဝင်ရောက်လာခဲ့သည့်ကိစ္စရပ်အား အမျိုးသားလုံခြုံရေးကိစ္စအဖြစ် သတ်မှတ်ကာ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ပြောကြားသည်။

**ဆင်ဟွာ။**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီ နဝမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ သာသနာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော် ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ က ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်း အနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ အပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော် မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြ သည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန် ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာ ကိစ္စများ၊ ပညာရေးရာဆောင်ရွက်ချက်များ နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်း လင်းလျှောက်ထားတော်မူကြပြီး တတိယအကြိမ် တာဝန် ကျရာ ကာလအတွင်းဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အတည်ပြုချက်ရယူပြီး အစည်း အဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် များက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာ ကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြ သော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး များအား အလှူရှင် ကျိုက္ကစံ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတနှင့် တပည့်ဒါယကာ ဒါယိကာမ များက သောဠသမအကြိမ်မြောက် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**




# မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမုဒ္ဒရာအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဒုတိယအကြိမ် အထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**ဘန်ကောက် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အိန္ဒိယသမုဒ္ဒရာ အတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဒုတိယအကြိမ် အထူးအစည်းအဝေးဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ANANTARA ဟိုတယ်၌ ကျင်းပရာ ထိုင်းနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒွန်ပရာမိုဝိနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ထိုင်း၊ ဘင်္ဂလား ဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ သြစတြေးလျ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ ဗီယက်နမ် ၊ ဂျပန်၊ လာအို၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်နိုင်ငံနှင့် အီးယူ တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာအဖွဲ့အစည်း၊ ကုလသမဂ္ဂဒုက္ခ သည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှု ဆိုင်ရာ အဖွဲ့အစည်းနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့မှ ကိုယ်စားလှယ် များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွှေ့ပြောင်း သွားလာမှုအခြေအနေ၊ ယခင် မေလ အစည်းအဝေး နောက်ပိုင်း ဆက်လက် ဆောင်ရွက်ချက်များနှင့် စိန်ခေါ်မှုများ၊ ဘေးကင်းစွာ ရွှေ့ပြောင်းသွားလာမှုနှင့် ရေရှည်တည်တံ့သည့် အသက်မွေး ဝမ်းကျောင်းမှုများစသည့် ခေါင်းစဉ် များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များနှင့် စီးပွားရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက မြန်မာလှေစီးသွားလာသူများကို လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ကယ်ဆယ် စောင့်ရှောက်၍ ညှိနှိုင်းလျက် ပင်ရင်း နိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့် ဆောင်ရွက်ချက်များ၊ လှေစီးသွားလာ သူများဖြစ်ပေါ်စေသည့် အကြောင်းရင်း များအပြင် ၎င်းတို့သွားရောက်ရန် ဆွဲဆောင်နေသည့် အချက်များ၊ တရားဝင် ရွှေ့ပြောင်းသွားလာမှုကို ပိုမိုတိုးတက်ကျယ်ပြန့်လာစေရန် ဆောင်ရွက်ရန် လိုအပ်ချက်များ၊ လက်ခံသည့်နိုင်ငံများတွင် ဥပဒေ ကြောင်းအရ ကာကွယ်ပေးရန် ကိစ္စ များ စသည်တို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်မှသာ ပြည့်စုံပြီး ရေရှည် တည်တံ့သည့်အဖြေတစ်ရပ်ပေါ်ထွက် လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် အစည်းအဝေး နှစ်ရပ်လုံး အားပါဝင်တက်ရောက်ခဲ့ပြီး ဒေသ တွင်းနှင့် နိုင်ငံတကာမိတ်ဆွေများဖြင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိ ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

မွန်းလွဲပိုင်း အစည်းအဝေးတွင် လည်း မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က အသက်မွေး ဝမ်းကျောင်းမှုများ ရေရှည်တည်တံ့ဖြစ် ပေါ်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ချက်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဥပဒေပိုင်း၊ လက်တွေ့ပိုင်းဆောင်ရွက်ချက်များ နှင့် အာဆီယံအစည်းအဝေးများမှ သဘောတူဆုံးဖြတ်ချက်များ ဆက်လက် အကောင်အထည်ဖော်ရန် လိုအပ်ချက် များကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနနှင့် ပြန်ကြားရေး ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ နှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအပါအဝင် မြန်မာ သံရုံးမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြသည်။

**(သတင်းစဉ်)**

# သတင်းအတတ်ပညာအထူးပြုနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းရိုက်ကူးခဲ့သည့် သတင်းမှတ်တမ်းများ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သတင်းအတတ်ပညာအထူးပြု (၂၀၁၄-၂၀၁၅)ပညာသင်နှစ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လက်တွေ့ကွင်းဆင်းပြီး ရိုက်ကူးခဲ့သည့် ကလေးအလုပ်သမား၊ ရွှေ့လျားဈေးသည်၊ မျှော်လင့်ချက်၊ ထန်းတစ်ပင်လုံး အသုံးဝင်ပုံ၊ ဓာတုကင်းလွတ်သီးနှံခေါင်းစဉ်များဖြင့် ထုတ်လုပ်ခဲ့သည့် သတင်းမှတ်တမ်းများကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက် နံနက် ၁၁ နာရီ၊ညနေ ၄ နာရီ၊ ညနေ ၆ နာရီ သတင်းများအပြီးတွင် မြန်မာ့ရုပ်မြင် သံကြား News Channel မှထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိ အမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်း အမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်း အဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၄-၁၂-၂၀၁၅)ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁)ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ (၁)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူဂျာနယ်ထုတ်ဝေခွင့်(၄)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်(၃)ဦး၊ အထွေထွေ ထုတ်ဝေခွင့်(၈)ဦး၊ ပေါင်းလုပ်ငန်းအသစ်(၁၅)ဦး၊ သတင်းအေဂျင်စီ(၂)ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်း(၁)ဦးအားလည်း ခွင့်ပြုပေးခဲ့ပြီး မှတ်တမ်းတင်ခြင်း (၁)ရပ်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက်သက်တမ်းတိုး(၁၀၃၈)ဦးနှင့် အသစ်လျှောက်ထားသူ (၂၄၉)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း အတွက်သက်တမ်းတိုး (၉၉၀)ဦးနှင့် အသစ်လျှောက်ထားသူ (၆၄၆)ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ (၂၃)ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၉၄၆)စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁)ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ (၂)ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

(၉၅)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး

# အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသည့် ပညာရေးအခြေခံကောင်းများရှိမှ မျိုးချစ်စိတ်ဓာတ်မြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကျည်မြဲမြံမည်

**ဦးကျော်စိန်(မန္တလေး)**

## (၉၅)နှစ်မြောက် အမျိုးသားနေ့

၁၂၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)

မြန်မာနိုင်ငံ၏ "အမျိုးသားနေ့" ဖြစ်ပေါ်လာပုံမှာ ၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ တက္ကသိုလ်ကော်မတီကို ဖွဲ့စည်းခဲ့ရာမှ စတင်ခဲ့သည်။ ပြင်ဆင်ရေးဆွဲထားသော ဥပဒေမူကြမ်းကို ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဘုရင်ခံစစ်ကောင်စီအစည်းအဝေး၌ တင်သွင်းခဲ့ကြသည်။ ဗြိတိသျှတို့ စိတ်ကြိုက်ခန့်ကော်မတီ၏ ဥပဒေကြမ်းကို မြန်မာနိုင်ငံမှ အမတ်များက အကျယ်တဝင့် ဝေဖန်ကန့်ကွက်ခဲ့ကြသည်။ မြန်မာတို့သည် မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုရှိစေလိုသော်လည်း ဥပဒေကြမ်းအရ ဗြိတိသျှတို့ တည်ထောင်ပေးမည့် တက္ကသိုလ်မျိုး မလိုလားကြချေ။ ထို့ကြောင့်ပင် တက္ကသိုလ်ဥပဒေကြမ်း ထွက်ပေါ်လာကတည်းက ကန့်ကွက်လာခဲ့ကြ၏။ ဥပဒေပြုလွှတ်တော်တွင်း/အပြင်ကပါ ကန့်ကွက်၍ လိုလားချက်အချို့ကို ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ကြ၏။

ဗြိတိသျှတို့၏ ချုပ်ချယ်ဟန့်တားမှုများတွင် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို အခွန့်ရှည်စေမည့် ကျွန်ပညာရေးဥပဒေသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ယင်းဥပဒေကို ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ထုတ်ပြန် ကြေညာခဲ့သည်။ ယင်းဥပဒေတွင် -

(၁) မြန်မာနိုင်ငံတွင် တက္ကသိုလ်ကျောင်းတစ်ကျောင်းသာရှိရမည်။
(၂) ကောလိပ်ကျောင်း၌ ပညာသင်လိုလျှင် ကျောင်းအိပ်ကျောင်းစားနေရမည်။
(၃) ဆယ်တန်းစာမေးပွဲတွင် အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုခုတွင် ဂုဏ်ထူးမှတ်ရမှသာလျှင် တက္ကသိုလ်၊ ကောလိပ်ဝင်ခွင့်ရမည်။
(၄) ဂုဏ်ထူးတန်းနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ကြိမ်ကျရှုံးလျှင် နောက်ထပ်စာမေးပွဲဖြေဆိုခွင့်မရှိစေရ။
(၅) ဆယ်တန်းအောင်ပြီးလျှင် တက္ကသိုလ်ဝင်ခွင့်အတန်းတစ်တန်း၌ တစ်နှစ်သင်ယူပြီးမှ တက္ကသိုလ်ဝင်ခွင့်ရမည်။
(၆) တက္ကသိုလ်ဝင်ရန် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်သင်ယူရန်၊ အဆင့်မမီလျှင် နောင်မည်သည့်အခါမျှ တက္ကသိုလ်သို့ ဝင်ရောက်ခွင့်မရှိစေရ။

ယင်းဥပဒေကို ကျောင်းသားထုအပါအဝင် ပြည်သူတစ်ရပ်လုံးက မနှစ်သက်ကြပေ။ အကြောင်းမူကား မြန်မာအမျိုးသားလူငယ်များ ပညာတတ်ဖြစ်လာရန် တားဆီးခံထားရသောကြောင့်ဖြစ်၏။ အထူးသဖြင့် ထိုဥပဒေသည် ဆင်းရဲသော လယ်သမား၊ အလုပ်သမားများ၏ သားသမီးများအတွက် အထက်တန်းပညာကို သင်ကြားခြင်းမပြုနိုင်စေရန် ကန့်သတ်ချုပ်ချယ်ထားခြင်းကြောင့်ပင်ဖြစ်သည်။ ဂျီစီဘီအေအသင်းကြီး၊ ကျောင်းသားအစည်းအဝေးများ၊ မြန်မာသတင်းစာများက ကန့်ကွက်နေသည့်ကြားမှ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ၁၉၂၀ ပြည့်နှစ် စက်တင်ဘာ ၆ ရက်နေ့တွင် မြန်မာပြည် အတိုင်ပင်ခံဥပဒေပြုအဖွဲ့မှ အတည်ပြုလိုက်၏။ အိန္ဒိယဘုရင်ခံချုပ်ကလည်း ယင်းဥပဒေကို ထိုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးလိုက်ပြန်သည်။ ဤသို့ဖြင့် ဗြိတိသျှနယ်ချဲ့တို့သည် ရန်ကုန်မြို့ရှိ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်နှစ်ခုကိုပေါင်းကာ တက္ကသိုလ်ခေါ် ရန်ကုန်ယူနီဗာစီတီကို တည်ထောင်လိုက်ကြောင်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဤသို့ဖြင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားထုတစ်ရပ်လုံးက မကျေနပ်ကြသဖြင့် ဆန္ဒပြရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုခေတ်အခါက ကောလိပ်မှ ဒီဂရီဘွဲ့တစ်ခုခုရလျှင် မြို့အုပ်၊ နယ်ပိုင်၊ မြို့ပိုင်၊ အရေးပိုင်အစရှိသည့် ရာထူးတစ်ခုခုရရှိရန် အာမခံပြီးဖြစ်နေသည်။ ဤသို့သော ပုဂ္ဂလိက အခွင့်အရေးများ ရှိနေလင့်ကစား ကျောင်းသားများက ကိုယ်ကျိုးကိုစွန့်၍ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပေသည်။ ယင်းတို့စခန်းတည်ရာမှာ ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်တိုက် ဆရာတော် ဦးအရိယ၏ ကျောင်းတိုက်ဖြစ်သည်။ ကျောင်းသားခေါင်းဆောင်များမှာ ဦးဘခင်၊ ဦးညီပိတ် စသော ကျောင်းသားကြီး ကိုးဦးနှင့် ကိုယ်စားလှယ် ၂၆ ဦးပါသော ဆန္ဒပြမည့် ကော်မတီကို ဖွဲ့စည်းခဲ့၏။

ထိုသို့ ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကျောင်းသားများ ခေါင်းဆောင်၍ မြန်မာတစ်ပြည်လုံးရှိ အစိုးရကျောင်း၊ အထောက်အပံ့ခံကျောင်း၊ အစောင့်အရှောက်ခံကျောင်း၊ တိုင်းရင်းသားကျောင်း၊ ဝိုင်အမ်ဘီအေအသင်းများက တည်ထောင်သောကျောင်း၊ ဗုဒ္ဓဘာသာကျောင်းများတွင် ဆန္ဒပြခဲ့ကြသည်။ ယင်းသည် ဗြိတိသျှအစိုးရအား အထိနာစေခဲ့သော ပထမဦးဆုံးဆန္ဒပြပွဲကြီးပင်ဖြစ်သည်။ ထိုနေ့မှာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၀) ရက်နေ့ဖြစ်သည်။

ဤကျောင်းသားလှုပ်ရှားမှုကြီးကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်မှာ တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းပေါင်း ၉၀ မျှ ပေါ်ပေါက်လာပြီး အမျိုးသားပညာရေးအဖွဲ့ချုပ်ပေါ်ပေါက်လာခဲ့သည်။ ထင်ရှားသော ကျောင်းသားများအဖြစ် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးဝန်ကြီးချုပ် ဦးနု၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်နှင့် တို့ဗမာအစည်းအရုံးတည်ထောင်သူ သခင်ဘသောင်း အပါအဝင် ထင်ရှားသော မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်များသည် ဤသို့သော အမျိုးသားအထက်တန်းကျောင်းများတွင် ပညာသင်ကြား၍ တက္ကသိုလ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသူများဖြစ်သည်။

၁၉၂၀ ပြည့်နှစ် မြန်မာပြည်အတွင်းတွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးတောင်းဆိုမှု ဝံသာနုရက္ခိတတရား စောင့်ထိန်းမှုစသော လှုပ်ရှားမှုအဖုံဖုံတို့နှင့် ပြည့်နှက်နေသည်။ ထိုအချိန်တွင်ပင် ကျောင်းသားများလည်း ပညာရေးကိစ္စအတွက် လှုပ်ရှားလာခဲ့ကြပေသည်။ ဤသို့ဖြင့် ဗြိတိသျှအစိုးရအား ဆန့်ကျင်တိုက်ခိုက်သော အကြမ်းမဖက်သည့် လူထုတိုက်ပွဲတစ်ရပ် မြန်မာနိုင်ငံတွင် ပထမဦးစွာ ပေါ်ပေါက်လာခဲ့သည်။ ဗြိတိသျှတို့၏ ကိုလိုနီကျွန်ပညာရေးကို မြေလှန်ဖြိုဖျက်၍ အမျိုးသားပညာရေးဖြင့် အစားထိုးနိုင်ရန် ရှေးဦးစွာကြိုးပမ်းချက်ပင်ဖြစ်တော့သည်။

၁၉၂၁ ခုနှစ် မြန်မာပြည်အနှံ့အပြား အမျိုးသားကျောင်း (နေရှင်နယ်ကျောင်း)များ တည်ထောင်ဖွင့်လှစ်ကြရာ ဆရာကြီး ဦးရာဇတ်သည် ၁၉၂၁ ခုနှစ် ဇန်နဝါရီလ (၅)ရက်နေ့တွင် "မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်း (နေရှင်နယ်ကျောင်း)"ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ဗဟိုအမျိုးသားကျောင်း (နေရှင်နယ်ကျောင်း)ကြီးအောက်တွင်-

(၁) ဆိုင်းတန်း(သဘော်တန်းရပ်) အမျိုးသားအလယ်တန်းကျောင်း၊
(၂) ညောင်ပင်ဈေးရပ် အမျိုးသားအလယ်တန်းကျောင်း၊
(၃) မင်္ဂလာဈေးရပ် အမျိုးသားအလယ်တန်းကျောင်း၊
(၄) တရုတ်တန်းရပ် အမျိုးသမီးအထက်တန်းကျောင်းဟု ကျောင်းခွဲများ တည်ထောင်ခဲ့သည်။

ကျောင်းသားများ ဆန္ဒပြမှုသည် နယ်ချဲ့လက်အောက်မှ ပထမဦးဆုံး ရုန်းကန်ထမြောက်ခဲ့သည့် လှုပ်ရှားမှုဖြစ်သည်နှင့်အညီ မြန်မာတစ်မျိုးသားလုံး၏ မီးခဲပြာဖုံးဖြစ်နေသော အမျိုးသားရေးဇာတိမာန်(ဝါ) အမျိုးသားရေးစိတ်ဓာတ်ကို နိုးထစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာခေါင်းဆောင်ကြီးများသည် အမျိုးသားရေးစိတ်ဓာတ်ကို အရှည်သဖြင့် စောင့်ထိန်းသွားရန် လိုအပ်သည်ကို သတိပြုမိကြ၍ ၁၉၂၁ ခုနှစ် မန္တလေးမြို့၌ ကျင်းပသည့် နဝမအကြိမ်မြောက် ဂျီစီဘီအေ ခေါ် မြန်မာအမျိုးသားအသင်းချုပ်ကြီး၏ အစည်းအဝေးတွင် မြန်မာအမျိုးသားနေ့ကို အများသဘောတူ သတ်မှတ်ပေးနိုင်ရန် တင်ပြဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် အစည်းအဝေးကြီးက မြန်မာတို့ အမွန်အမြတ်ထားသော သီပေါမင်းပါတော်မူနေ့၊ ဆရာတော် ဦးဥတ္တမ ထောင်ကျသောနေ့နှင့် မြန်မာတက္ကသိုလ်ကျောင်းသားများ သပိတ်စတင်မှောက်သောနေ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့)ကို "National Day (ဝါ) အမျိုးသားနေ့" ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ သတ်မှတ်ခဲ့သောကြောင့် အကျိုးဆက်အားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းခဲ့ပြီး မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးဇာတိမာန် (ဝါ) အမျိုးသားရေးစိတ်ပြင်းထန်လာခဲ့သည်။ ဆက်လက်၍ သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်ခဲ့ရာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။ နိုင်ငံတိုင်းသည် ထိုနိုင်ငံ၊ ထိုလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို ရှေးရှုသည့် ပညာရေးအခြေခံကောင်းများရှိမှသာ ထိုနိုင်ငံသည် မျိုးချစ်စိတ်ဓာတ်မြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံမည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၉၅)နှစ်ကြာ ကာလက ပညာရေးကိုအခြေခံသည့် သန္ဓေတည်ခဲ့သော မျိုးချစ်စိတ်ဓာတ်ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

မျက်မှောက်ကာလ နည်းပညာခေတ်တွင် ပြည်ပမှ ထိုးဖောက်ဝင်ရောက်လာသော နိုင်ငံရေးနှင့် ယဉ်ကျေးမှုအတွေးအခေါ်တို့ကို မှန်ကန်စွာသုံးသပ်ရှုမြင်ပြီး မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြမှသာ ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေဆဲဖြစ်သည်။ ဒီမိုကရေစီသက်တမ်း ငါးနှစ်နီးပါးကာလအတွင်း စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်ရာ ပြည်သူအားလုံးအနေဖြင့် အမျိုးသားရေးဇာတိမာန် ထက်သန်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံသားအားလုံး၏ အသက်သွေးပင်ဖြစ်၏။ အမျိုးသားစိတ်ဓာတ်ပြင်းပြသော နိုင်ငံများသည် ဖွံ့ဖြိုးမှုနှုန်းမြန်ဆန်လှပါသည်။ "အမျိုးသား"ဆိုသည်မှာ မိမိနိုင်ငံ၏ ရေမြေနယ်နိမိတ်အတွင်း နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည့် နိုင်ငံသားများပင်ဖြစ်သည်။ မိမိတို့၏ နိုင်ငံနှင့် လူမျိုးကို ချစ်ခင်မြတ်နိုးတွယ်တာသည့် စိတ်နှင့်ပေါင်းစပ်ကာ မည်သူမျှဝင်ရောက်ဖြိုဖျက်ဟန့်တားနိုင်စွမ်း မရှိပေ။

ထို့ကြောင့် (၉၅)နှစ်မြောက် "အမျိုးသားနေ့"မှသည် မိမိတို့ ရှေးရှုချီတက်နေသော ဒီမိုကရေစီနိုင်ငံတော်သစ်ခရီးတွင် တစ်မျိုးသားလုံးက အမျိုးသားရေးဇာတိမာန်အပြည့်အဝဖြင့် အမျိုးသားရေးတာဝန်အဖြစ် မှတ်ယူကာ နိုင်ငံသူနိုင်ငံသားအားလုံး ကောင်းစားရေး၊ ငြိမ်းချမ်းစွာ လက်တွဲအတူနေထိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောသော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးကို ရှေးရှုဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် (၉၅)နှစ်မြောက် "အမျိုးသားနေ့"ကို ဂုဏ်ပြုလိုက်ရပါသည်။

❖ နိုင်ငံတိုင်းသည် ထိုနိုင်ငံ၊ ထိုလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသည့် ပညာရေးအခြေခံကောင်းများရှိမှသာ ထိုနိုင်ငံသည် မျိုးချစ်စိတ်ဓာတ် မြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကျည်မြဲမြံမည်ဖြစ်သည်။

❖ မျက်မှောက်ကာလ နည်းပညာခေတ်တွင် ပြည်ပမှ ထိုးဖောက်ဝင်ရောက်လာသော နိုင်ငံရေးနှင့် ယဉ်ကျေးမှုအတွေးအခေါ်တို့ကို မှန်ကန်စွာသုံးသပ်ရှုမြင်ပြီး မျိုးချစ် စိတ်ဓာတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ကြမှသာ ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားမည်ဖြစ်သည်။

# မိတ္ထီလာတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနားကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၄**

မိတ္ထီလာတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ ( World AIDS DAY ) အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနမှပေးပို့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်၏ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ (World AIDS DAY)အထိမ်းအမှတ်သဝဏ်လွှာကို ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒုတိယခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှဌေးမင်းက ဖတ်ကြားသည်။

ထို့နောက် ခရိုင်အတွင်း ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အဖွဲ့ခေါင်းဆောင် ဒေါက်တာ အေးအေးကျော်က ရှင်းလင်းပြောကြားပြီး ယခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ ဆောင်ပုဒ်ဖြစ်သည့် ခွဲခြားနှိမ့်ချကင်းစင်ဝေး၊ ကူးစက်သေဆုံးမှုမရှိရေး၊ ART အေအာရ်တီဖြင့် ကုသပေး၏ အဓိပ္ပာယ်ကို ရောင်ခြည်ဦးကွန်ရက်အဖွဲ့မှ ဒေါက်တာတင်စိန်က ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကောလိပ်နှင့် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

လွှတ်တော်ရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံအစိုးရ၏ အထူးသံတမန်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထူးသံတမန်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်တင်၊ ဦးစံရွှေအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Hong Liang လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

ပြည်သူ့လွှတ်တော်အစည်းအဝေး

## ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး အစီရင်ခံစာ ၃ ခု တင်သွင်းခြင်း၊ အစီရင်ခံစာ ၂ ခု အတည်ပြုခြင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။




အစည်းအဝေးတွင် **ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏အစီရင်ခံစာ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ**တို့ကို လွှတ်တော်သို့ဖတ်ကြားတင်သွင်းကြသည်။

ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းနောက် လွှတ်တော်က **ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ၏ အစီရင်ခံစာ**တို့ကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ **(အပေါ်ပုံ)**က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

## အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို အစီအစဉ် ၁၂ ခုဖြင့် ကျင်းပရာ **မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်း (၅)ခုကို အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၅)မှ<br>ဦးစိုင်းတင့်အောင်။



တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၇)မှ<br>ဦးမိုးမြင့်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင့်အောင်က ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့်က ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း အတည်ပြုသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့စဉ်။** (သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရှိ မေတ္တာစမ်းရေဆေးခန်း၌ လာရောက်ပြသသော ကိုယ်ဝန်ဆောင်များ၊ ဆေးခန်းတွင် တက်ရောက်မွေးဖွားသည့် မွေးဖွားပြီးမိခင်များကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့ပေးခဲ့သည်။

ထိုသို့ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများ ကျွေးမွေးထောက်ပံ့ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များဖြစ်သည့် ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ထွေးရီ၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၏ ဇနီးများက လှူဒါန်းကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရှိ မေတ္တာစမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များအား အပတ်စဉ် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျန်းမာရေးစောင့်ရှောက်မှုများ ကြည့်ရှုစစ်ဆေးပေးလျက်ရှိပြီး အပတ်စဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ရက်များတွင် လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်မိခင် ၈၀ ကျော်ခန့်ရှိကြောင်း သိရသည်။

ဆေးခန်းသို့ လာရောက်ပြသသော ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးကောင်းမွန်စေရန် စားသောက်မှုပုံစံများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို တာဝန်ခံဆရာဝန် ဒေါက်တာ စန်းစန်းလှိုင် ဦးဆောင်သော ဆရာဝန်များ၊ သူနာပြုဆရာမများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အစားအစာများ ကျွေးမွေးထောက်ပံ့ခြင်းကို အပတ်စဉ် ကိုယ်ဝန်ဆောင်မိခင်များ ကြည့်ရှုစစ်ဆေးပေးသည့်ရက်များတွင် ဝန်ကြီးဌာနများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများက အလှည့်ကျ ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

■ ■

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူနေသော တပ်မတော်သားများအားတွေ့ဆုံအားပေး

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။**(အောက်ပုံ)**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး ဆေးရုံတက် အရာရှိ၊ စစ်သည်များအတွက် ငွေနှင့်လက်ဆောင်ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် အမျိုးသမီးလူနာဆောင်တွင် ဆေးကုသမှုခံယူနေသော တပ်မတော်မိသားစုဝင်များကို တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**





# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းစီကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများ နှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး**(အပေါ်ပုံ)** သင်တန်းဆင်း အရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်သည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် သဘင်ဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# (၉)ကြိမ်မြောက် အာရှနိုင်ငံတကာကလေးများရုပ်ရှင်ပွဲတော်(၂၀၁၅)တွင် မြန်မာလူငယ်နှစ်ဦး Award Winner ဆုရ

သတင်း » ရီရီမြင့်၊ ဉမ္မာသန့်

**ရန်ကုန် ဒီဇင်ဘာ ၄**

(၉)ကြိမ်မြောက် အာရှနိုင်ငံတကာကလေးများ ရုပ်ရှင်ပွဲတော်(၂၀၁၅)ကို နိုဝင်ဘာ ၂၈ ရက်နေ့က ဂျပန်နိုင်ငံ ဟိုကိုင်းဒိုကျွန်း ခိတမိမြို့၌ ကျင်းပခဲ့သည်။ ပွဲတော်တွင် နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် တရုတ်(တိုင်ပေ)မှ ပြိုင်ပွဲဝင် သုံးမိနစ်စာ ဇာတ်လမ်းတိုရုပ်ရှင်ကားပေါင်း ၃၀၀ ကျော်ရှိ၍ ၄၄ ကားရွေးချယ်ခံရပြီး ၁၆ ဆုချီးမြှင့်သည့်အနက် မြန်မာနိုင်ငံ Laurel Art Academy အနုပညာသင်တန်းကျောင်းမှ မောင်ကျော်သီဟနှင့် မောင်သန်းနောင်ဝင်းတို့ Award Winner ဆုများရရှိခဲ့သည်။

ယခုနှစ်ပွဲတော်တွင် မြန်မာနိုင်ငံအတွက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း လူငယ်များကို ရွေးချယ်ပြီး "ကျွန်ုပ်၏အပျော်ရွှင်ဆုံးအချိန်" ခေါင်းစဉ်ဖြင့် ဇာတ်လမ်းတိုများကို ရိုက်ကူးစေခဲ့သည်။ နောင်နှစ်ပွဲတော်တွင် "ကျွန်ုပ်၏အမုန်းဆုံးအရာ"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိမှုနှင့်ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဒါရိုက်တာကိုပေါက်နှင့် ဆုရ လူငယ်နှစ်ဦးတို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်။

**ကိုပေါက်(ဒါရိုက်တာ)**

ဒီခရီးစဉ်က ကျွန်တော့်အတွက်ကော ကလေးတွေအတွက်ပါ စိတ်ကူးသစ်တွေ၊ အနုပညာအတွက်လုပ်စရာလမ်းကြောင်းတွေ အများကြီးရခဲ့ပါတယ်။ အကျိုးတွေလည်း အများကြီးရှိပါတယ်။ နောက်ထပ် လူသားတစ်ယောက်ချင်းတစ်ယောက်ချင်းစီက ဂျပန်နိုင်ငံ ဂျပန်လူမျိုးကို အတုယူပြီး ကျွန်တော်တို့တွေ ပြုပြင်ရမယ့်ကိစ္စတွေအများကြီးတွေ့လာခဲ့တယ်။ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်တဲ့အတွက် သူတို့နိုင်ငံက ဒီလိုအောင်မြင်တဲ့လူတွေကို မွေးထုတ်ပေးတယ်။ အောင်မြင်တဲ့နိုင်ငံ ထူထောင်ဖို့ဆိုတာ လူတစ်ယောက်ချင်းစီ စည်းကမ်းရှိဖို့လိုတယ်။ အတွေ့အကြုံတွေများစွာရခဲ့ပါတယ်။ နောက်ပြီး သူတို့ဆီမှာတစ်ယောက်နဲ့တစ်ယောက် နားလည်မှု၊ လေးစားမှုတွေရှိကြတယ်။ သူတို့နိုင်ငံမှာဆိုရင် ခွင့်မတောင်းဘဲနဲ့ ဓာတ်ပုံရိုက်တာ ရိုက်လို့ရတယ်။ ဖေ့စ်ဘွတ်စာမျက်နှာတွေမှာတင်ရင် ပြဿနာရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်လေးစားမှုလေးတွေ အတုယူသင့်တယ်လို့ ခံစားမှုလေးရှိတယ်။ ဒီအတွေးအခေါ်လေးတွေ ကျွန်တော်တို့နိုင်ငံက လူတွေလည်းရစေချင်တယ်။

နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဆိုတာက Short Film နဲ့ Documentary ပြိုင်တဲ့လမ်းကြောင်းပါ။ အချိန်အများကြီးပေးရတယ်။ အဲဒီမှာ နေရာတစ်ခုရခဲ့တာ ဒါရိုက်တာဆိုလည်း ဒီလိုပဲ။ ဒါရိုက်တာရဲ့အရည်အချင်း အများကြီးပါတယ်။ Documentary ရိုက်ဖို့ မင်းသားမင်းသမီးမလိုဘူး။ အပြင်လက်ရှိဘဝမှာဖြစ်နေတဲ့လူတွေရဲ့အကြောင်းကို အကောင်းဆုံးတင်ပြနိုင်ရင် နိုင်ငံတကာပွဲတော်တွေမှာ သွားပြလို့ရတယ်။ Short Film သူများမတွေးတဲ့အတွေးတစ်ခု ငါးမိနစ်စာသော်လည်းကောင်း၊ သုံးမိနစ်စာသော်လည်းကောင်း အတွေးလေးတစ်ခုကို အကောင်းဆုံးရိုက်ပြနိုင်ရင် ကားလေးတစ်ကားနဲ့လည်း နိုင်ငံတကာအတွေ့အကြုံရပြီး ဆုတွေအများကြီးရနိုင်တယ်။ အဲဒါကြောင့် လူငယ်တွေအနေနဲ့ ဘယ်လမ်းကြောင်းကို သွားချင်သလဲ။ ဘယ်လမ်းကြောင်းကိုပဲသွားသွား အဓိကကတော့ စာများများဖတ်ဖို့လိုတယ်၊ အများကြီး လေ့လာဖို့လိုတယ်။ အဲဒါတွေနဲ့ဆို ဘယ်လမ်းကြောင်းသွားသွား အောင်မြင်မှုရလိမ့်မယ်လို့ မျှော်လင့်တယ်။

ကလေးတွေ ရုပ်ရှင်ကား သုံးကားရိုက်တယ်။ တစ်ကားကို သုံးယောက်နှုန်းနဲ့ ကိုးယောက်သွားတာပါ။ ကျွန်တော်တို့ နှစ်ကား ဆုရခဲ့တယ်။ ပေးတဲ့ဆုက အများကြီးရှိတယ်၊ ပထမ၊ ဒုတိယ၊ တတိယဆိုတာ မရှိဘူး။ ခေါင်းစဉ်တွေနဲ့ဆုပေးတာပါ။ နောက်နှစ်မှာ ကလေးတွေ ဒီထက်အရည်အချင်းရှိပြီး ဒီထက်ကောင်းတဲ့ကားတွေ ဝင်ပြိုင်ပြီး ဆုကြီးတွေရဖို့ ပံ့ပိုးပေးသွားမှာပါ။

**မောင်ကျော်သီဟ(Laurel Art Academy အနုပညာသင်တန်းကျောင်း)**

Award Winner ဆုရပါတယ်။ ဇာတ်ကားဆုအနေနဲ့ရတာပါ။ ဇာတ်ကားဆု ခြောက်ကားပေးတာ မြန်မာနိုင်ငံက နှစ်ဆုရပါတယ်။ အခုလိုဆုရတဲ့အတွက် တော်တော်ပျော်ပါတယ်။ ပထမကတော့ မရတော့ဘူးထင်ပြီး ရင်တွေအလွန်တုန်နေပါတယ်။ အဲဒီအချိန်မှာ စကားပြန်က ကျော်သီဟ မင်းအသင့်ပြင်ထား။ ပြီးရင်ဆုတက်ယူရမယ်လို့ ပြောပါတယ်။ ဒါပေမယ့် မယုံသေးဘူး။ ဆုကို ဂျပန်က နာမည်ကြီးအဆိုတော်က ကြေညာပေးတာပါ။ Laurel Art Academy က ကျော်သီဟလို့လည်း ကြေညာရော။ ကျွန်တော် ဘယ်လိုဖြစ်သွားမှန်းမသိတော့ဘူး။ စင်ပေါ်မှာလည်း ဘာမှမပြောနိုင်ဘူး။ ကျေနပ်ပါတယ်။ ဒါပေမယ့် ဇာတ်ကားဆုကို သိပ်မမျှော်မှန်းထားဘူး။ Lighting ပိုင်းတွေမှာ နည်းနည်းလိုနေတယ်။ ဒါပေမယ့် ဆုပေးတဲ့သူက အသည်းနှလုံးနဲ့ ကြည့်သွားတဲ့အတွက် ကျွန်တော်ဆုရခဲ့တာလို့ ထင်ပါတယ်။

**မောင်သန်းနောင်ဝင်း(Laurel Art Academy အနုပညာသင်တန်းကျောင်း)**

အနုပညာနာမည်က တိုးတိုးပါ။ သရုပ်ဆောင်သင်တန်း တက်နေပါတယ်။ ကျောင်းက ဝင်ပြိုင်ခိုင်းတယ်။ ကိုယ်တိုင်လည်း ဝင်ပြိုင်ချင်လို့ ဝင်ပြိုင်ဖြစ်တာပါ။ အသက်အရွယ်ကန့်သတ်ချက်ကလည်း အခွင့်အလမ်းတစ်ခုပါ။ ကျွန်တော် ဒီဇာတ်ကားရိုက်တော့ မြန်မာနိုင်ငံမှာ ရေဘေးဖြစ်နေတယ်။ အဲဒီမှာ မြန်မာလူမျိုးတွေရဲ့ အလှူအတန်း ရက်ရောတဲ့စိတ်ကို အခြေခံပြီး ရိုက်လိုက်တာပါ။ တခြားနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားတွေကြည့်ပြီး ကျွန်တော့်ဇာတ်ကားကို အားမရဘူး။ Award Winner ဆုရတာပါ။ ဆုရလို့ ပျော်ပါတယ်။ ဒါပေမယ့် ကိုယ်ရိုက်တဲ့ ဇာတ်ကားမှာ လိုအပ်ချက်လေးတွေ ရှိနေသေးတယ်လို့ ထင်ပါတယ်။

# အသွင်သစ်နှင့် နိုဝင်ဘာလထုတ်သုတပဒေသာစာစောင် ထွက်ပြီ

**နေပြည်တော် ဒီဇင်ဘာ ၄**




အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့်ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(နိုဝင်ဘာလ)ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

နိုဝင်ဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာ ဦးဟန်ညွန့်(ဥပဒေ)၊ သန့်လွင်ထွန်း၊ သန်းစော(စီပီအေ)တို့၏ "ကာယ၊ ဉာဏ အလုပ်သမားတိုင်းအတွက် ဘေးကင်းလုံခြုံမှုနှင့် ပြည့်ဝထိုက်တန်သော အခွင့်အရေးရရှိရေး"မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ ကြည်မင်း၊ မောင်ကျေးဇူးတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ အောင်ချိန်ဘွား၊ စည်သူလှိုင်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ တင်တင်ဝင်း(စာပေဗိမာန်)၊ ယဉ်မင်းထွေး(စာပေဗိမာန်)၊ သိန်းထက်ထက်စံတို့၏ နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဦးထွန်းရီ၊ ပြည်ကြီး၊ မောင်တင်ဦး(ရုက္ခ)၊ သောင်းထိုက်ဦး(သယံဇာတ)၊ ရဲထက်ဇော်တို့၏ သိပ္ပံနှင့် နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆောင်းပါးများ၊ အေးဖြူ သာလူရှည်၊ မြသိန်း၊ တင်ညွန့်၊T Nay Yar တို့၏ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ ဆောင်းပါးများ၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဒေါက်တာလှဖေ၊ စိုးစိုး(ပန်းတောင်း)၊ နွယ်နွယ်မာ၊ ဆောင်းဝင်းလတ်၊ တက္ကသိုလ်တင်ခ၊ နိုင်သောင်းထွဋ်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများကို ရောင်စုံဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့်စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင်(၈၆)လမ်း၊ (၂၁)လမ်းနှင့်(၂၂)လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းရေးရာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း နေထက်လင်းအား ဆုချီးမြှင့်စဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်း အောင်သူနိုင်အား ဆုချီးမြှင့်စဉ်။ (မြဝတီ)

## ☆ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဝဏ္ဏကျော်ထင်ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်း အုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇)မှ အောင်စစ်သည်ဆုနှင့် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၆၄၆ ဗိုလ်လောင်း နေထက်လင်း၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၆၂၃ ဗိုလ်လောင်း ထူးဝင့်မောင်၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ် ၂၉၉၁၁ ဗိုလ်လောင်း အောင်သူနိုင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း အမှတ် ၂၉၅၈၁ ဗိုလ်လောင်း ဇော်လွင်ဦးတို့အား ဆုများအသီးသီးပေးအပ် ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်ဆိုသည့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့်အညီ တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ခြင်းဖြစ်၍ ထက်မြက်သည့် လက်ရုံးရည်၊ မှန်ကန်သည့် နှလုံးရည်များနှင့် ယုံကြည်ကိုးစား ရသော ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စဉ်ဆက် မပြတ် လေ့လာမှုသည် ဘဝတစ်လျှောက် အောင်မြင်တိုးတက်မှုကို အထောက် အကူပြုနေမည်ဖြစ်ကြောင်း၊ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်အတိုင်း လေ့လာမှတ်သားမှုများ စဉ်ဆက်မပြတ်ပြုလုပ်ပြီး ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိထားသည့် လေ့လာမှု၊ လေ့ကျင့်မှုတို့အပေါ် လုပ်ငန်းခွင်၌ လိုက်နာဆောင်ရွက်ခြင်းသည် အောင်မြင် မှုကို ရရှိစေမည်ဖြစ်ကြောင်း။

တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်၍ မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်မှန်ကန်သည့် ကိုယ်ကျင့်တရား မြင့်မားရန်လိုကြောင်း၊ တပ်မတော်စွမ်းရည် ရှိမှုသည် စစ်စည်းကမ်းကောင်းမွန်မှု၊ ဥပဒေလေးစားလိုက်နာမှုပေါ်တွင် များစွာတည်ကြောင်း၊ ပြည်သူက ရွေးချယ် သည့် နိုင်ငံရေးစနစ်သည်လည်း စည်းကမ်းကောင်းမွန်မှု၊ ဥပဒေလေးစားမှု အပေါ်တွင် တန်ဖိုးထားသည့်အတွက် ခေါင်းဆောင်များအနေဖြင့် ဥပဒေ လေးစားလိုက်နာမှုကို စံနမူနာပြ လုပ်ဆောင်ပြရန်လိုကြောင်း။

တပ်မတော်ကို အရည်အချင်းပြည့်ဝပြီး အရည်အသွေးရှိသည့် ခေတ်မီ တပ်မတော်(Standard Army)အဖြစ် တည်ဆောက်နေချိန်ဖြစ်၍ ဆောင်ရွက် ရမည့် လုပ်ငန်းရပ်အားလုံးကို ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် စစ်ရေးစွမ်းရည်၊ အုပ်ချုပ် ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များ အမြဲထက်မြက်နေရန်လိုကြောင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံမှသာ ပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုမှ ပေါက်ဖွားလာကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးမှ လွတ်လပ်ရေးရသည်အထိ ပြည်သူ့ရှေ့က မားမား မတ်မတ်ရပ်တည်ပြီး လက်တွဲတိုက်ပွဲဝင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အချိန်ထိ အရေးကြုံတိုင်း ပြည်တွင်းပြည်ပ အန္တရာယ်အသွယ်သွယ်ကို တိုက်ဖျက်ချေမှုန်းရင်း နိုင်ငံတော်နှင့် ပြည်သူအတွက် ရပ်တည်ကာကွယ်ပေး ခဲ့ကြောင်း၊ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ခေတ်စနစ်ပြောင်းလဲတိုင်းမှာလည်း ဦးဆောင်ဦးရွက်ပြုခဲ့ရကြောင်း၊ တိုင်းရင်းသားမိဘပြည်သူများမှ ပေါက်ဖွား လာပြီး အစဉ်အလာကောင်းများနှင့် ရှင်သန်ရပ်တည်နေသော တပ်မတော်၏ သမိုင်းကြောင်းသည် နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် အစဉ်အမြဲ ဒွန်တွဲလျက် ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်၊ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်သားများ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ပြီး ခိုင်မာသည့်တပ်မတော် မရှိပါက နိုင်ငံတော်ယိမ်းယိုင်ချည့်နဲ့သွားနိုင်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ် ခိုင်မာ အောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရ မည်ဖြစ်ကြောင်း။

ယနေ့ပြည်သူက ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် လျှောက်လှမ်းနေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဗဟိုဦးစီးအုပ်ချုပ်သည့်စနစ်မှ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပထမခြေလှမ်းသစ် ပြောင်းလဲလျှောက်လှမ်း ခဲ့ကြောင်း၊ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်း၏ ဒုတိယခြေလှမ်း လျှောက်လှမ်းရန် လိုအပ်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ ယင်းလမ်းကြောင်းကိုသွားရာတွင် စည်းကမ်းပြည့်ဝရန် လွန်စွာအရေးကြီးပြီး ဒီမိုကရေစီ၏ အခြေခံအကျဆုံးအချက်သည် စည်းကမ်းလိုက်နာခြင်းနှင့် ဥပဒေကို တန်ဖိုးထားလေးစားခြင်းတို့ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်မှာ သူ့တန်ဖိုး၊ ကိုယ့်တန်ဖိုးကို ကျိုး ဘုတ်ရိုသေ၊ ဘုတ် ကျိုးရိုသေ ဆိုသကဲ့သို့ အပြန်အလှန်လေးစား၊ အပြန်အလှန်အထောက်အကူပြု ဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ ခေတ် အဆက်ဆက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားရေးကိုရှေးရှုပြီး ငြိမ်းချမ်းရေးကိုကြိုးပမ်းအားထုတ်ခဲ့သည်ကို မြန်မာ့ နိုင်ငံရေးသမိုင်းကြောင်းတွင် အထင်ကရတွေ့မြင်ရမည်ဖြစ်ကြောင်း၊ တပ်မတော် သည် ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို ချမှတ်ထားကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အရင်း ခံဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ငြိမ်းချမ်းရေးဆောင်ရွက်နိုင်ရန် နိုင်ငံတော် က ဖိတ်ခေါ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရန် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ဆွေးနွေးမှုရလဒ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးရန် ကျန်သည့်အဖွဲ့များ အတွက်လည်း အမြဲတမ်းတံခါးဖွင့်ပေးထားပြီး ကြိုဆိုလျက်ရှိကြောင်း။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ် ရေးထိုးရုံဖြင့်မပြီးဘဲ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆောင်ရွက်ရ မည့်လုပ်ငန်းစဉ်များ အများအပြား ကျန်ရှိနေသေးကြောင်း၊ ထာဝရငြိမ်းချမ်း ရေးကို ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးကို အမှန်တကယ် ရယူလိုသည့်ဆန္ဒရှိရန် လိုအပ်ပြီး စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်း ကြောင်းကို အရင်းခံလျှောက်လှမ်းဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးသည် မလွဲမသွေ ရရှိမည်ပင်ဖြစ်ကြောင်း။

အမိစစ်တက္ကသိုလ်၏ ဂုဏ်ကိုဆောင်နိုင်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူလူထုမှ အားကိုးယုံကြည်ထိုက်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်း များ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည် ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်း ဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(မြဝတီ)**

## ❖ နိုင်ငံပိုင်မှ

ဟောင်ကောင် Kai Tak လေဆိပ်သို့ ပျံသန်းပြေးဆွဲမှုများရှိခဲ့ သည်။ ယခုပြန်လည်ပြေးဆွဲနိုင်မှုသည် ၂၂ နှစ်တာ ကာလအတွင်း ဟောင်ကောင်မြို့သို့ ပြန်လည်ပြေးဆွဲနိုင် ခြင်းဖြစ်သည်ဟုသိရသည်။

ရန်ကုန်-ဟောင်ကောင်-ရန်ကုန် ခရီးစဉ် စတင် ပြေးဆွဲခြင်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် CIP ခန်းမ၌ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်ယော်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်ဦးသန်းထွန်း၊ လေကြောင်း ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြား ရေးမှူးချုပ်(ပူးတွဲ) ဦးမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လေကြောင်းလိုင်းတာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ ခရီးစဉ်သို့လိုက်ပါမည့် ခရီးသည်များနှင့် ဖိတ်ကြားထား သော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

"ကျွန်တော်တို့ ဟောင်ကောင်ကို တစ်ပတ်ကို လေးရက်ပါ။ သောကြာ၊ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး တို့ပါ။ သောကြာနေ့ကတော့ ဒီနေ့ နံနက် ၇ နာရီ ၅၅ မိနစ် ထွက်တယ်။ ကျန်တဲ့ရက်တွေကတော့ နံနက် ၉ နာရီ ထွက်မှာပါ။ ကျွန်တော်တို့ လေကြောင်းလိုင်းကတော့ ရောက်ရှိတဲ့အချိန်က Day Time ဖြစ်တဲ့အတွက် ခရီးသွား တွေအတွက် သွားလို့လာလို့အဆင်ပြေစေပါတယ်။ အဓိက ဟောင်ကောင်ကို ရွေးချယ်ရတဲ့အပိုင်းက အခုပြေးဆွဲနေ တာက Dragon Air တစ်လိုင်းပဲရှိပါတယ်။ ဟောင်ကောင် မြို့ဟာ အာရှရဲ့ ခရီးသွားဆွဲဆောင်ရာ မြို့ကြီးတစ်မြို့ဖြစ်ပြီး မြန်မာနိုင်ငံဟာလည်း လှပတဲ့ ပင်လယ်ကမ်းခြေတွေ၊ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်တွေနဲ့ သမိုင်းဝင်အမွေ အနှစ်တွေရှိတဲ့ ခရီးသွား ဆွဲဆောင်ရာဒေသဖြစ်တဲ့အတွက် အခုလို လေကြောင်းခရီးစဉ် ချိတ်ဆက်ပျံသန်းပြေးဆွဲနိုင် မှုဟာ ခရီးသွားကဏ္ဍကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ဖွင့်ပွဲအခမ်းအနားတွင် မှတ်ချက် ပြုပြောကြားခဲ့သည်။

ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လည်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ လေယာဉ် သစ် ခရီးစဉ်သစ်ကို ခရီးဦးကြိုဆိုခဲ့ကြပြီး ဟောင်ကောင်- ရန်ကုန်-ဟောင်ကောင်ခရီးစဉ် စတင်ပျံသန်းပြေးဆွဲခြင်း အတွက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သည့် နိုင်ငံပိုင်လေကြောင်းလိုင်း ကို "မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေး (ပ. လ. သ. ဖ) Union of Burma Airways အမည်ဖြင့် စတင်တည်ထောင်ပြေးဆွဲခဲ့သည်။ စတင်ချိန်တွင် De Havilland Dove လေယာဉ်ကြီးဖြင့် ပြည်တွင်းရှိ လေဆိပ် ပေါင်း ၁၉ ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဘန်ကောက်၊ ကိုလ်ကတ္တား၊ စစ်တကောင်းမြို့တို့သို့ ပျံသန်းမှုစတင်ခဲ့သည်ဟု သိရသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းကို နိုင်ငံတကာပျံသန်းမှု များအတွက် လုပ်ငန်းစဉ်တိုးချဲ့မှုအစီအစဉ်တစ်ခုအရ Union of Burma Airways ၁၉၅၂ ခုနှစ် အက်ဥပဒေ အောက်တွင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခဲ့ပြီး တိုးချဲ့ဆောင် ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တိုင်သည်အထိ စင်ကာပူ၊ ခတ္တမန္ဒူ၊ နောက်ပိုင်းတွင် ဘန်ကောက်၊ ကိုလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာ စသည့်မြို့များသို့ ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ စတင်ကာ မြန်မာ့ လေကြောင်း Myanma Airways အမည်သို့ ပြောင်းလဲ ကာ မြို့ပေါင်း ၂၀ မြို့သို့ ပျံသန်းပြေးဆွဲခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ ပြောင်းလဲကာ မြန်မာ အမျိုးသားလေကြောင်းလိုင်းအမည်သစ်ဖြင့် အစိုးရ၏ ညွှန်ကြားမှုအောက်တွင် စီးပွားရေးလည်ပတ်မှုတစ်ခုလုံးကို လုပ်ဆောင်နေသည့် နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပြည်တွင်းလေကြောင်း လိုင်း ဝန်ဆောင်မှုကို ပြန်လည်မိတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံ အတွင်း မြို့ပေါင်း ၂၆ မြို့သို့ ပျံသန်းပြေးဆွဲနေပြီး နိုင်ငံ တကာခရီးစဉ် ပြန်လည်ပျံသန်းမိတ်ဆက်မှုကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စင်ကာပူခရီးစဉ်ဖြင့် စတင်ပြန်လည်ပြေးဆွဲခဲ့ သည်။ ဒုတိယမြောက် ခရီးစဉ်အဖြစ် ဟောင်ကောင်သို့ ပြန်လည်ပြေးဆွဲနိုင်ခဲ့ခြင်းနှင့်အတူ ပြည်ပခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ်များကို ခရီးသွားဆွဲဆောင်မှုအဖြစ် ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် ပျံသန်း ပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားများမှာ Boeing Next-Generation 737-800s (ခြောက်စင်း မှာယူထားပြီး ၂၀၁၅ ခုနှစ်တွင် နှစ်စင်းရောက်ရှိကာ စင်ကာပူနှင့် ဟောင်ကောင်သို့ ပြေးဆွဲနေ)၊ Boeing 737 Max 8s (လာမည့်နှစ်အနည်းငယ်အတွင်းရောက်ရှိမည်)၊ Embraer 190၊ ATR၊ Caravan၊ Beech အမျိုးအစားတို့ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

(ပြည်သူအများ လေ့လာကြည့်ရှုအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို
ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)

၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဎ) ၏နောက်တွင် ပုဒ်မခွဲ (ဍ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဍ) ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း အကြောင်းကြားပါက အကြောင်းကြားသည့်နေ့ရက်မှ သုံးလအတွင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ဆောင်ရွက်ခြင်း"

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဍ) ကို ပုဒ်မခွဲ (ဎ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

(ပြည်သူအများ လေ့လာကြည့်ရှုအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်
ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)

၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

## ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ဓားဖြင့်ထိုးသတ်သူကို သေဒဏ်အမိန့်ချမှတ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာနေ (ဘ) ဦးအေးသိန်း၏သား တရားခံ တင်မြင့်(ခ) အေးလွင်အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၁ခ)အရ သေဒဏ်ကျခံစေရန် (မသေမချင်း လည်ပင်းကြိုးကွင်းစွပ်သတ်စေ)၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၂ အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ် ကျခံစေရန်နှင့် ပြစ်မှုနှစ်ရပ်အား သီးခြားစီကျခံစေရန် ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးမှ ဒုတိယ ခရိုင်တရားသူကြီး(၁) ဦးဉာဏ်ထွန်းက ယနေ့ အမိန့်ချမှတ်လိုက်သည်။

အမှုမှာလွန်ခဲ့သည့် စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က သန်လျင်မြို့မရဲစခန်းမှ ရဲအုပ်အောင်နိုင်၊ ရဲတပ်ကြပ်သူရလွင်နှင့်အဖွဲ့သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ၁၈ ကုန်းထိပ် သဘာဝအလှတည်းခိုရိပ်သာတွင် တရားခံပြေး တင်မြင့် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးစဉ် တရားခံတင်မြင့်က ပြန်လည်ခုခံကာ ရဲအုပ်အောင်နိုင်အား လည်ပင်း ထိုးသွင်းဒဏ်ရာ၊ ရဲတပ်ကြပ်သူရလွင်အား ညာဘက်ရင်အုံ ထိုးသွင်းဒဏ်ရာ နှစ်ချက်ဖြင့် အခင်းဖြစ်နေရာတွင် ထိုးသတ်ခဲ့ပြီး ကျန်ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာအနာတရရရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် ထိုသို့ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က အမျိုးသားတစ်ဦးကို ဓားဖြင့်ထိုးခဲ့သည့်အမှုအတွက်လည်း တရားခံတင်မြင့်ကို သန်လျင်မြို့နယ်တရားရုံးကပြီးခဲ့သည့် အောက်တိုဘာ ၂၉ ရက်တွင် ပြစ်မှု ၃၂၆ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခု သေဒဏ်(မသေမချင်း လည်ပင်း ကြိုးကွင်းစွပ်သတ်စေ) ပြစ်ဒဏ်ချမှတ်ခံရသူ တရားခံ တင်မြင့်သည် ၁၉၉၀ ခုနှစ်က တရားခံပြေးအဖြစ် ထွက်ပြေးတိမ်းရှောင်စဉ် လိုက်လံဖမ်းဆီးသူ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ ရဲတပ်ဖွဲ့ဝင် တစ်ဦးကို ဓားဖြင့်ထိုးသတ်ခဲ့၍လည်းကောင်း၊ တရားရုံး၌ ရုံးထုတ်စစ်ဆေးစဉ် သံခြေချင်းကိုဖြုတ်၍ အစောင့်ရဲအား ရိုက်နှက်ထွက်ပြေးခဲ့၍လည်းကောင်း ယနေ့ နံနက် ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးသို့ ၎င်းအား ရုံးထုတ်စဉ် လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင် အများအပြားက အသင့်အနေအထားဖြင့် စောင့်ကြပ်လိုက်ပါခဲ့ကြပြီး တရားရုံး၏ အမိန့်ချမှတ်မှုအပြီးမှာပင် ချက်ချင်းပြန်လည်ခေါ်ဆောင်သွားသည်ကို တွေ့ရသည်။

တရားခံတင်မြင့်၏ ယခုသေဒဏ်ပြစ်ဒဏ်ကျခံခဲ့ရသည့် အဆိုပါမှုခင်းဖြစ်စဉ်သည် လူမှုကွန်ရက်ထက်တွင် လျင်မြန်စွာ ပျံ့နှံ့ခဲ့၍ တစ်နိုင်ငံလုံးက ပိုမိုစိတ်ဝင်စားခဲ့ကြသည်။ အထူးသဖြင့် ဒေသခံ သန်လျင်မြို့ခံ ပြည်သူများ အထူးစိတ်ဝင်စားခဲ့ကြပြီး ဓားဖြင့်ထိုးသတ်ခံရသူ ရဲအုပ်အောင်နိုင်နှင့် ရဲတပ်ကြပ်သူရလွင်တို့၏ ဈာပနကျင်းပရာ သန်လျင်မြို့နယ်ရှိ သုသာန်သို့ ဒေသခံများအပါအဝင် ပြည်သူတစ်သိန်းနီးပါးခန့် လာရောက်ပို့ဆောင်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဓားဖြင့်ထိုးသတ်သူ တင်မြင့်(ခ)အေးလွင်အား တွေ့ရစဉ်။** (ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)



**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်း အငှားယာဉ်မောင်းအား လူသတ်လုယက်သူများကို ဖော်ထုတ်ဖမ်းဆီးရမိစဉ်။** (ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)

## အငှားယာဉ်မောင်းအား သတ်ဖြတ်လုယက်သူများအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၄**

တာမွေမြို့နယ်နေ ဒေါ်ဌေးဌေးဦးသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ၎င်း၏ခင်ပွန်း အငှားယာဉ်မောင်းဖြစ်သူ ဦးမောင်မောင်မြိုင်မှာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မောင်းမကန်လမ်းပေါ်တွင် လည်ပင်းဝဲဘက်နှင့် ညှပ်ရိုးကျိုး၊ ထိုးသွင်းဒဏ်ရာ၊ လည်ပင်းပွန်းခြစ် ဒဏ်ရာများဖြင့် သေဆုံးနေ၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းတွင် ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၅ ရက် ညပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အငှားယာဉ်မောင်း ဦးမောင်မောင်အား ငှားရမ်းစီးနင်းသည့် လူငယ်သုံးဦးက ရိုက်နှက်ထိုးကြိတ်ကာ ယာဉ်အား ယူဆောင်သွားသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းတွင် ပြစ်မှုပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

အဆိုပါ အမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏စီမံမှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းဖော်ထုတ်ကြရာ ဒီဇင်ဘာ ၁ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ရဲတပ်ဖွဲ့ဝင်များက ယာဉ်ပိတ်ဆို့စစ်ဆေးရာမှ မှတ်ကြီး(ခ)ကိုထက်ထံမှ အရိုးအသွား ၁၁ လက်မခန့်ရှိ စကေဘာတစ်ချောင်း တွေ့ရှိခဲ့ပြီး လက်နက်များ အက်ဥပဒေ ပုဒ်မ ၁၉(ဂ)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ စစ်ဆေးချက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဖိုးခွား(ခ)ဖြိုးသဲအား ဒီဇင်ဘာ ၁ ရက်တွင်လည်းကောင်း၊ ကြွက်ပေါက်(ခ) နိုင်လင်းထွန်းအား ဒီဇင်ဘာ ၂ ရက်တွင်လည်းကောင်း ဖမ်းဆီးရမိပြီး ထွက်ပြေးတိမ်းရှောင်သူ အဖိုးကြီး(ခ) ကျော်ကြီး(ခ) ကျော်ဇင်မင်းထွန်းအား ဒီဇင်ဘာ ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဖမ်းဆီးရမိသည်။

အဆိုပါဖမ်းဆီးရမိသူ လေးဦးအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းက စစ်ဆေးရာ ပြစ်မှုပုဒ်မ ၃၀၂ ကို ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း အငှားယာဉ်မောင်းအား သတ်ဖြတ်လုယက်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ကိုရဲ)**

ပြည်တွင်းရေးရာ

# မိုးယံသို့ချီ ကြက်သွန်နီ

နာမည်ကျော် စာရေးဆရာကြီး သော်တာဆွေလိုပဲ မတန်တရာမောင်ချစ်ဖေလည်း ကိုယ်တိုင်ဈေးခြင်းတောင်းဆွဲပြီး ဈေးသွားဝယ်ရတာကို နှစ်ခြိုက်သဗျ။ ရပ်ကွက်ဈေးထဲမှာ သတင်းတွေရှိတယ်၊ ဟင်းတွေရှိတယ်၊ မျက်မှောက်နိုင်ငံရေးပြယုဂ်တွေရှိတယ်၊ ခေတ်တစ်ခေတ်ရဲ့ နိမိတ်တွေ၊ အရိပ်တွေရှိတယ်၊ မျက်မှောက်ခေတ်ရဲ့လူမှုစီးပွားဘဝ သရုပ်သကန်တွေရှိတယ်၊ အခြေခံလူတန်းစားများရဲ့ဘဝတွေ ရှိတယ်။

သို့ကလိုကြောင့် နိုင်ငံရေးဆရာတွေ၊ အုပ်ချုပ်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ စာရေးဆရာ သတင်းစာဆရာတွေ၊ မျက်မှောက်နိုင်ငံရေးပြယုဂ်ကို သိချင်လား၊ မျက်မှောက်ခေတ်လူမှုစီးပွားဘဝကို လေ့လာချင်လား၊ တိုင်းပြည်ရဲ့အများစုဖြစ်တဲ့အခြေခံလူတန်းစားတို့ရဲ့ဘဝကို သိချင်လား၊ ရပ်ကွက်ဈေးထဲကို ကိုယ်တိုင်သွားလို့ပဲ မောင်ချစ်ဖေက မေတ္တာရပ်ခံတိုက်တွန်းချင်တယ်။

လစာထုတ်ပြီးစ ဒီဇင်ဘာ ၁ ရက် နံနက်ထုံးစံအတိုင်း ဈေးခြင်းတောင်းကိုယ်တိုင်ဆွဲပြီး မောင်ချစ်ဖေ ရပ်ကွက်ဈေးသို့ ထွက်ခဲ့တယ်။ တစ်လစာ ရိက္ခာစို၊ ရိက္ခာခြောက်တွေ ဝယ်မလို့ပေါ့။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်တော့ ဝယ်ပြီးပြီ။ ကြက်သွန်ဝယ်ရအုံးမယ်။ ယခုရက်ပိုင်းအတွင်း မိုးယံသို့ချီ ကြက်သွန်နီဈေးနှုန်းရဲ့ခြောက်လှန့်မှုကြောင့် မောင်ချစ်ဖေ ကြောက်လန့်နေတုန်းပဲ။

သို့ပေမယ့် တာဝန်ရှိလူကြီးမင်းများက အိမ်နီးချင်း ဂန္ဓာလရာဇ်စိနတိုင်းက ဝယ်ယူတင်သွင်းနေတယ်ဆိုတော့. . .

"ကြက်သွန်နီတစ်ပိဿာ ဘယ်လောက်လဲ"

"ဒီကျုံးချိန်က ၃၄၀၀ ပါ"

"ဟင် ကြက်သွန်နီဈေးက မိုးယံသို့ချီဆဲ၊ ဗေဒါပျံ့အံကိုခဲ ပန်းပန်လျက်ပဲကိုး"လို့ မောင်ချစ်ဖေစိတ်ထဲမှာ ရေရွတ်မိတော့တယ်။

ပြီးခဲ့တဲ့မိုးတွင်းက ရှစ်ရာ၊ တစ်ထောင်။ ဟောသီတင်းကျွတ်တော့ ၁၅၀၀၊ ၂၀၀၀။ အခုရွေးခွင့်မရဘဲ အပုံထဲက သိမ်းကျုံးပြီးချိန်ဈေးက ၃၄၀၀။ သို့မို့ကြောင့် လတ်ရှယ်ဈေးတွေကြီး၊ ရှယ်ဈေးတွေကို မောင်ချစ်ဖေ ဆက်မမေးတော့။ ကိုယ်နိုင်သလောက်ကျုံးချိန်ငါးဆယ်သားသာ ဝယ်လိုက်တော့တယ်။

သို့တစေ ပြည်တွင်းဖြစ် ကြက်သွန်နီဈေးနှုန်းက ဤမျှ မာနကြီးနေသည်ကိုမူ စိတ်ထဲကမကျေနပ်။ တစ်ခေတ်တစ်ခါက ငွေကျပ် သိန်း ၄၀ နီးပါး၊ နောက်ပိုင်း ၁၅ သိန်း၊ ၁၂ သိန်းနီးပါး ပေးဝယ်ရသော GSM မိုဘိုင်းဆင်းကတ်ဖုန်းများပင် ယခု လူတိုင်းနီးပါး ငွေကျပ် ၁၅၀၀ နဲ့ ကိုင်တွယ်သုံးစွဲနိုင်သည့်ခေတ်မှာ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၃၄၀၀ ပေးဝယ်နေရခြင်းကြောင့် မောင်ချစ်ဖေ မနှစ်သက်ရခြင်းဖြစ်ပါတယ်။

> **တစ်ချိန်က ဘီဇနက်သမားတွေသာ ကိုင်တွယ်သုံးစွဲနိုင်တဲ့ MPT မိုဘိုင်းဖုန်းတွေက ပြည်ပအခြေစိုက်ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်ပြီး ရှေ့သို့လှမ်းချီ MPT ရယ်ဆိုပြီး ပရိုမိုးရှင်းလုပ်နေရတဲ့ခေတ်မှာ စားဖိုဆောင်သုံး ကြက်သွန်နီဈေးက မိုးယံသို့ချီ ကြက်သွန်နီဖြစ်နေရခြင်းက အိမ်ကြီးပေါ် အိမ်ငယ်ဆောက်၊ အမြင်မတော် ဆင်တော်နဲ့ခလောက်ဖြစ်နေ။**

တစ်ချိန်က ဘီဇနက်သမားတွေသာ ကိုင်တွယ်သုံးစွဲနိုင်တဲ့ MPTမိုဘိုင်းဖုန်းတွေက ပြည်ပအခြေစိုက်ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်ပြီး ရှေ့သို့လှမ်းချီ MPT ရယ်ဆိုပြီး ပရိုမိုးရှင်းလုပ်နေရတဲ့ခေတ်မှာ စားဖိုဆောင်သုံး ကြက်သွန်နီဈေးက မိုးယံသို့ချီ ကြက်သွန်နီဖြစ်နေရခြင်းက အိမ်ကြီးပေါ်အိမ်ငယ်ဆောက်၊ အမြင်မတော် ဆင်တော်နဲ့ခလောက် ဖြစ်နေသလိုပါပဲ။

သို့ပါသော်လည်း ခေတ်အဆက်ဆက် အုပ်ချုပ်သူတို့ အနိုင်မယူနိုင်သည့် ကုန်ဈေးနှုန်းရိုက်ခတ်မှုကြောင့် မောင်ချစ်ဖေ၏ ဦးခေါင်းသည် သွေးချင်းချင်းနီးသော်လည်း ဦးကားမည္တတ်ဆိုဘိနှယ် ကြက်သွန်နီမပါသည့် ဟင်းလျာများကိုသာ စဉ်းစားရွေးချယ်ချက်ပြုတ်တော့မည်။ ဒီမိုကရေစီခေတ်စကားအရဆိုရင် တစ်ကိုယ်တော်ဆန္ဒပြခြင်းပါပေ။

ဤနည်းလမ်းကလည်း အဆန်းမဟုတ်ပါ။ မောင်ချစ်ဖေတို့ဘကြီးဖြစ်သူ မော်ကွန်းဝင် ပထမအဆင့်ရဦးချစ်မောင်၏ လမ်းစဉ်သာဖြစ်ပါပေတယ်။

ဘကြီးဦးချစ်မောင်ဟာ လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှာ အရာရှိကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူတော့ ညီမအပျိုကြီးတွေကပဲ အစ်ကိုလူပျိုကြီးကို ချက်ပြုတ်ကျွေးမွေးကြရပါတယ်။

သို့သော်ငြား ဘကြီးကို ဟင်းအမျိုးအမည်တွေရဲ့ဈေးနှုန်းကိုတော့ အမှန်မပြောရဲကြပါဘူး။ အဲဒီခေတ် ၁၉၈၀ ကျော်လွန်နှစ်များက ဘဲဥတစ်လုံး နှစ်ကျပ်လို့ ပြောလိုက်မိရင် ဘကြီးက အရင်ဘဲဥတစ်လုံး ပြား ၄၀၊ ပြား ၆၀ ကနေ နှစ်ကျပ်အထိ တက်ရမလားဆိုပြီး မစားတော့ဘဲ ငါးပိ၊ တို့စရာနဲ့ပဲစားပြီး မီးဖိုချောင်အတွင်းမှာ တစ်ကိုယ်တော်ဆန္ဒပြလို့ဖြစ်သဗျ။

သို့ကလိုကြောင့် ဘမျိုးဘိုးတူမောင်ချစ်ဖေလည်း ဘကြီးနည်းတူ လိုသည်ထက်ပိုပြီး ဈေးနှုန်းကြီးရင် ဘယ်လောက်ချဉ်ခြင်းတက်တက် မစားဘူးဗျ။ သူ့ထက်ကဲရှေ့ပြည်စိုးတောင်လုပ်သေးသဗျ။

ဈေးသည်ကို ဈေးမေးပြီး မဝယ်ရုံမက "ဒီဟင်းရွက်က၊ ဒီအသီးက အမေရိကန်က၊ အင်္ဂလန်ကလာတာလား"လို့ ရိသလို ကလိသလို ပြောပြောနေလို့ မဒမ်က ရှင့်ကို ဘယ်နေ့ဈေးသည်တွေ ရိုက်မလဲမသိဘူး။ ပြောပုံကရိုက်ပေါက်လို့တောင် ဆုံးမရသဗျ။

"ကဲ" လက်ရှိကုန်ဈေးနှုန်းဒီကာကို မောင်ချစ်ဖေ ချဲ့နေတာနဲ့ ချစ်စွာသော စာဖတ်ပရိသတ်ကြီးလည်း ဈေးထဲကမထွက်နိုင်ဖြစ်ရော့မယ်။ ဈေးက ပြန်အုံးမှ။

သို့သော်ငြား ဆရာကြီးသော်တာဆွေကို အခုခေတ် FB Fri တွေလို ဈေးသွားဈေးပြန်မိတ်ဆွေတွေက "ကိုသော်တာ ဈေးထဲမှာ ဒီနေ့ ဘာပေါသလဲ"လို့ မေးရင်တော့ ဆရာကြီးသော်တာဆွေ ပြောတယ်။

"ပိုက်ဆံရှိတဲ့သူတွေအတွက် အကုန်ပေါတယ်"

"ပိုက်ဆံမရှိသူတွေအတွက် အကုန်ရှားတယ်" သို့ကလိုပဲ မောင်ချစ်ဖေလည်း ဖြေမိမှာပဲလေ။

**(ခင်မောင်ထွေး)**



## ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆဋ္ဌမအကြိမ်တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘွဲ့နှင်းသဘင်ခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသော တိုင်းရင်းဆေးပိုစတာများကို လိုက်လံကြည့်ရှု အားပေးသည်။ **(အပေါ်ပုံ)**

စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုတေသနစာတမ်း ၂၇စောင်၊ ပိုစတာ ၁၀ခု ခင်းကျင်းပြသကာ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် သုတေသနစာတမ်းဖတ်ပွဲကို နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးကောင်းမွန်ပြီး အသုံးချနိုင်သည့်တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုပေါ်ထွန်းလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်အား အတွေ့အကြုံအခြေပြုဆေးပညာရပ်မှ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမည့် သက်သေအထောက်အထားအခြေပြုဆေးပညာအဖြစ်သို့ ပြောင်းလဲတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေးပြဿနာများနှင့် ကူးစက်နိုင်ခြင်းမရှိသည့် ရောဂါများကုသနိုင်ရေးအတွက် တိုင်းရင်းဆေးကုထုံးသစ်နှင့် ဆေးဝါးအသစ်များ ပေါ်ထွက်လာစေရန်၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများနှင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးအတွက် အခြေခံကောင်းများဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြစ်သားမြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးအသစ်ထိုးနှံ

**မြစ်သား ဒီဇင်ဘာ ၄**

မြစ်သားမြို့ မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၁ နာရီက ကာကွယ်ဆေးအသစ် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်၌ စတင်ထည့်သွင်းထိုးနှံခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုး၏ လက္ခဏာများ၊ ရောဂါကူးစက်ပုံများ ပိုလီယိုအကြောသေရောဂါဖြစ်ပွားလာပါက ကုသရန်နည်းလမ်းမရှိ၍ ကာကွယ်ဆေးသည်သာ အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်ပါကြောင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေး (ထိုးဆေး)သည် အလွန်အန္တရာယ်ကင်းရှင်းပါကြောင်း၊ ဆေးထိုးသောနေရာတွင် အနည်းငယ်နီမြန်းခြင်း၊ နာကျင်ခြင်းသာရှိပြီး ပြင်းထန်သော ဘေးထွက်ဆိုးကျိုးမရှိပါကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုက ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ရဲဝင်းထွန်း)**

## ထင်သာမြင်သာပြုပြင်စရာ



**မည်သည့်ယာဉ်မျှမရပ်ရဟု ရေးထားသော်လည်း ရပ်နားနေမှုကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရ**

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၄**

မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့် မြယာကုန်းလမ်းရှိ မီးပွိုင့်အနီးအနား အနီရောင်ဆိုင်းဘုတ်ပေါ်တွင် အဖြူစာလုံးနှင့် ရေးထားသော ယာဉ်မရပ်ရလမ်း၊ မည်သည့်ယာဉ်မျှမရပ်ရ ရေးထားသည့် ဆိုင်းဘုတ်စိုက်ထူထားသော်လည်း ယာဉ်များရပ်ထားသည်ကို တွေ့မြင်နေရသည်။

ယင်းမီးပွိုင့်နေရာသည် ယာဉ်များအလွန်ရှုပ်ထွေးသောနေရာဖြစ်သည့်အတွက် ယင်းသို့ပြုလုပ်ခြင်းများကြောင့် ပြည်သူများ လမ်းသွားရာတွင် ယင်းလမ်းမပေါ်၌ သွားလာနေရသည့်အတွက် ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း ခရီးသွားပြည်သူများက ပြောဆိုနေသည်ကို ကြားသိနေရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ပိုလီယိုကာကွယ်ဆေး (ထိုးဆေး)စတင်ထိုးနှံခြင်း ချောင်းဦးမြို့၌ ဆောင်ရွက်

**ချောင်းဦး ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ၂၀၁၅ ခုနှစ် ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) စတင်ထိုးနှံခြင်းကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာတင့်ဆွေက ပိုလီယိုကာကွယ်ဆေးထိုးဆေး (IPV)နှင့် ပါးစပ်မှတိုက်ရသော ပိုလီယိုရောဂါကာကွယ်ဆေး (OPV) ဆေးတိုက်ခြင်းအကြောင်းများနှင့် ပိုလီယိုရောဂါကာကွယ်ဆေး(ထိုးဆေး)တွင် ပိုလီယိုရောဂါပိုးအမျိုးအစား ၁၊ ၂၊ ၃ သုံးမျိုးစလုံးပါဝင်၍ သုံးမျိုးစလုံးတို့မှ ကာကွယ်မှုပေးကြောင်း၊ ပိုလီယိုရောဂါပိုး လုံးဝပပျောက်သည့်အချိန်ထိ ရောဂါကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ပါးစပ်မှတိုက်ရသော ပိုလီယိုကာကွယ်ဆေးကို အသုံးပြုခြင်းသာဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး အသက်(၄)လအရွယ် ကလေးငယ်များကို ထိုးနှံပေးမည်ဖြစ်ကြောင်း ရှင်းလင်းသည်။

ထို့နောက် အသက်(၄)လအရွယ် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး (ထိုးဆေး)နှင့် အစက်ချဆေးများကို တိုက်ကျွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၅ - ၁၂ -၂၀၁၅ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -သီချင်းကြီးပဒေသာ
၆း၁၅ ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပတ်လည်အရွေ့" (ပြေဇင်၊ ဖူးချစ်၊ ဆုမြတ်ရွှေစင်၊ နန်းဒေဝီ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၆း၄၅ ပျော်ရွှင်စေသောနေ့ရက်များ မျက်နှာဖုံးချစ်သူ (အပိုင်း-၅) (မိုးမိုး၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ သဇင်၊ အေးသီတာ)
၇း၀၀ ဟိုးတုန်းက. . . ကက်ဆက်ဇာတ်လမ်းများ "ကိုဗထူး၊ မဦးခင်၊ တင်မောင်မောင်"(ဝေယံမင်း၊ စောယုနန္ဒာ၊ထက်နေချမ်း) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
၈း၄၅ "ဘုရိဒတ်ဇာတ်တော်ကြီး" (ဒုတိယပိုင်း)
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "မှော်ရုံဒေဝါအလန်းဖူးစာ" (ပြေတီဦး၊ မိုးဟေကို) [ဒါရိုက်တာ-ကိုဇော်(အာရုဏ်ဦး)]

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "မဟာသတိပဋ္ဌာနသုတ္တာန်" (အပိုင်း-၉) ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၁)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (10th Anniversary Yangon Film School Annual Screening)
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၅)
၁၀း၄၅ Healthy Life(ပန်းလှိုင်စီလုံ ဆေးရုံကြီး၏ အထွေထွေ ရောဂါကုသမှု အစီအစဉ်)
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၉+၅၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ရမ္မက်လွှန်ပန်းတစ်ပွင့် (အပိုင်း-၁)]
၃း၄၀ Fashion Week (မျိုးမင်းစိုး-Haung Kaung)
၄း၄၅ MISS MYANMAR WORLD 2015 \ Air Asia ၏ ခရီးစဉ်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃၂)
၇း၂၅ Let's Talk
၁၁း၃၀ Forever Music Tribute Raggae (အပိုင်း-၄)
၃း၄၅ MRTV-4 Stage

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၀ | မေတ္တာပို့ |
| ၆း၁၆ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၃၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၅ | မြဝတီနေ့စဉ်သတင်း |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၀၇ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အချစ်(သို့)ကွိုင် စည်ဖြိုး ၊ ပိုင်ဖြိုးသုနှင့် သရုပ်ဆောင်များ ဒါရိုက်တာ ကိုပေါက် |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေအပိုင်း(၁၄) |
| ၁၄း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၁၃ | ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄း၂၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၅ | ကျန်းမာသုတ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၈၃) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်းအပိုင်း(၄၁) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူ့ရှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၂၃) |

### mitv

07:03 Am News
07:26 Great Shwedagon- The Exhibition Hall Of The Great Chronicle Of Buddha
07:53 Tea
08:26 A Famous Festival & Its Fantastic Fair
08:53 Temple Stalls
09:26 Myanmar Delicate Artistic Creations- Gem Stone Painting
09:44 Htan Taw Drums (Part-II) "Dobat"
10:26 Aesthetic Chinlone
10:52 My Life & My Art
07:26 Mrauk U, Treasure Trove of Rakhine Culture
07:45 [Doctor] [Painter]
07:50 Today Myanmar: Fish Feed Production
08:26 An Aficionado Of Alluring Antiques

## Captain America ရုပ်ရှင်သစ်တွင် ပင့်ကူလူသားလည်း ဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်မည်



ကမ္ဘာကျော်လူစွမ်းကောင်းရုပ်ရှင်များအနက် လူစွမ်းကောင်းများစွာပါဝင်သော ရုပ်ရှင်ဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် "Captain America ရုပ်ရှင်သစ် "Captain America: Civil War" တွင် ပါဝင်နေကြ လူစွမ်းကောင်းဇာတ်ဆောင်များအပြင် နောက်ထပ်လူစွမ်းကောင်းတစ်ဦးအဖြစ် ပင့်ကူလူသားကို ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်တွင် လူစွမ်းကောင်းတစ်ဦးဖြစ်သည့် သံလူသား (Iron Man)အဖြစ် ပါဝင်သရုပ်ဆောင်ထားသော ရောဘတ်ဒေါင်နေဂျူနီယာက မကြာသေးမီက အန်တာတိန်းမန့် ဝိကလီးလ်နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ယင်းရုပ်ရှင်သည် "Captain America "ရုပ်ရှင်များ၏ တတိယမြောက်ရုပ်ရှင်ဖြစ်ပြီး အဆိုပါရုပ်ရှင်တွင် ယခုကဲ့သို့ ဇာတ်ကောင်သစ်ထည့်သွင်း ရိုက်ကူးရန်အတွက်လည်း ဆိုနီနှင့် မာဘယ်စတူရီယိုတို့ ထုတ်လုပ်ခွင့်လိုင်စင်အတွက် နှစ်ဦးသဘောတူစာချုပ်ကို မကြာသေးမီကပင် ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

ယခင် ရိုက်ကူးခဲ့ပြီးသည့် Captain America ရုပ်ရှင်များတွင် ကပ္ပတိန်အမေရိက၏ ခေါင်းဆောင်မှုအောက်၌ အခြားသောလူစွမ်းကောင်းများက ကမ္ဘာမြေကြီးကို ကာကွယ်ရန် အစွမ်းကုန် ကြိုးပမ်းခဲ့ကြပုံများကို ရိုက်ကူးထားပြီး ယခုထွက်ရှိမည့်ရုပ်ရှင်သစ်တွင် လူစွမ်းကောင်းများသည် ကပ္ပတိန်အမေရိက၏ ခေါင်းဆောင်မှုနောက်သို့လိုက်သောအဖွဲ့နှင့် သံလူသား (Iron Man)၏ ခေါင်းဆောင်မှု နောက်သို့လိုက်သောအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ကွဲသွားသည်။ လူစွမ်းကောင်းများအနက်က အမျိုးသမီးလူစွမ်းကောင်းတစ်ဦးဖြစ်သော မင်းသမီး စကားလက်ဂျိုဟန်စန်ပါဝင် သရုပ်ဆောင်ထားသည့် ဇာတ်ကောင် "ဘလက်ခ်ဝတ်ဒိုး"က အဆိုပါအုပ်စု နှစ်စုအကြား ညှိနှိုင်းစေ့စပ်ပေးသူ ဖြစ်လာခဲ့သည်။

ဒါရိုက်တာများအဖြစ် အန်တိုနီနှင့် ဂျိုးရက်စိုတို့ တာဝန်ယူရိုက်ကူးပေးမည့် အဆိုပါရုပ်ရှင်ကို မြောက်အမေရိက၌ ၂၀၁၆ခုနှစ် မေ ၆ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

## တေလာဆွစ်အနေဖြင့် ရည်းစားဟောင်းအပေါ် ခံစားချက်ရှိနေမည်ကို ကယ်လ်ဗင်ဟဲရစ်စိုးရိမ်


Taylor Swift & Calvin Harris
Taylor Swift & Harry Styles

အမေရိကန်ပေါ့ပ်ဂီတလောကမှာ ထိပ်တန်းအဆိုတော်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ တေးသံရှင် တေလာဆွစ်ဟာ ဂီတလောကမှာအောင်မြင်မှုကြောင့် အနုပညာကြယ်ပွင့်တွေအနက် ကျော်ကြားသူတစ်ဦး ဖြစ်လာရုံသာမက သူ့ရဲ့အချစ်ရေးကြောင့်လည်း နာမည်ကျော်ရသူတစ်ဦးပါ။ သူဟာ ဟောလိဝုဒ်မှာ ကျော်ကြားတဲ့ နာမည်ကြီးများစွာနဲ့ ချစ်သူဖြစ်ခဲ့ဖူးပါတယ်။ သူ့ရဲ့အသည်းကွဲဇာတ်လမ်းတွေကြောင့်လည်း သီချင်းရေးကောင်းသူတစ်ဦးဖြစ်လာခဲ့ပြီး သူ့ရဲ့အချစ်ဇာတ်လမ်းတွေထဲက ထင်ရှားတဲ့ဇာတ်လမ်းတစ်ခုကတော့ ဗြိတိန်နာမည်ကြီးပေါ့ပ်တေးဂီတအဖွဲ့ "One Direction"က ဟယ်ရီစတိုင်လ်စ်နဲ့ဇာတ်လမ်းပါ။

သူတို့နှစ်ဦးချစ်သူဖြစ်ကြတဲ့အချိန်မှာ နှစ်ဦးစလုံးလျှမ်းလျှမ်းတောက်အောင်မြင်နေချိန်ပါ။ ဟယ်ရီဟာ တေလာထက်အသက်တစ်နှစ်ငယ်ပေမယ့် သူတို့နှစ်ဦးကို လိုက်ဖက်တဲ့ ပေါ့ပ်ကြယ်ပွင့်စုံတွဲအဖြစ် ပရိသတ်တွေက အသိအမှတ်ပြုခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ လအနည်းငယ်ကြာ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြပြီး ၂၀၁၃ခုနှစ် ဇန်နဝါရီလအတွင်းမှာ လမ်းခွဲခဲ့ကြတာပါ။

တေလာဆွစ်ဟာ မကြာသေးမီက လမ်းခွဲခဲ့ပြီးပြီဖြစ်တဲ့ ရည်းစားဟောင်းအတွက်ရည်ရွယ်တဲ့ စာသားအချို့ကို အင်တာနက်စာမျက်နှာကနေတစ်ဆင့်ဖော်ပြခဲ့ရာ လတ်တလောမှာ တေလာနဲ့ ချစ်သူတွေဖြစ်နေကြတဲ့ ဒီဂျေပညာရှင်ကယ်လ်ဗင်ဟဲရစ်က တေလာအနေနဲ့ ချစ်သူဟောင်းဟယ်ရီအပေါ် စိတ်ဝင်စားမှုများရှိနေသေးလားဆိုတဲ့ စိုးရိမ်စိတ်တွေပေါ်လာခဲ့ပြီး ဟယ်ရီအပေါ် မနာလိုစိတ်တွေ ဖြစ်ပေါ်ခဲ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေးလ်ကွန်းက ဖော်ပြခဲ့ပါတယ်။

ကယ်လ်ဗင်ဟာ တေလာနဲ့လက်တွဲခဲ့ပြီးနောက်မှာ သူ့ရဲ့ယခင်က ရှုပ်ထွေးတဲ့အကျင့်စရိုက်တွေကို စွန့်လွှတ်ခဲ့ပြီး တေလာအပေါ်မှာပဲ အာရုံထားခဲ့သူဖြစ်တာမို့ တေလာကိုလည်း အခြားသော ရည်းစားဟောင်းတွေအပေါ် အာရုံစိုက်တာမျိုးကို သူ့အနေဖြင့် မလိုလားကြောင်းနဲ့ ယခုပြုမူခဲ့တဲ့ တေလာရဲ့အပြုအမူက ကယ်လ်ဗင်ကို စိတ်ပျက်စေခဲ့ကြောင်းလည်း သတင်းရင်းမြစ်တစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ဒေးလ်ကွန်းကို ပြောကြားခဲ့ပါတယ်။

**အေးပြည့် - ရေးသားသည်။**

## အသက်လေးဆယ်အထိ Celltrion အလှကုန်ကုမ္ပဏီရဲ့ ကိုယ်စားလှယ်ဖြစ်ခွင့်ရခဲ့တဲ့ ကင်မ်တေဟီး



ကမ္ဘာကျော် ဘိုင်အိုကုမ္ပဏီတစ်ခုဖြစ်တဲ့ "Celltrion" က တောင်ကိုရီးယားမင်းသမီးချော ကင်မ်တေဟီးကို ကုမ္ပဏီမှ ထုတ်လုပ်တဲ့ အလှကုန်တွေအတွက် မိတ်ဆက်ပေးမယ့် ပင်တိုင်မော်ဒယ်တစ်ယောက်အဖြစ်ခန့်အပ်ဖို့ ရွေးချယ်ခဲ့ပါတယ်။ ကင်မ်ဟာ ယင်းကုမ္ပဏီရဲ့ ကိုယ်စားလှယ်တစ်ယောက်အဖြစ် သူ့အသက် (၄၀)အရွယ်အထိ ဖြစ်ခွင့်ရမှာပါ။

ကင်မ်တေဟီးဟာ လတ်တလောမှာ အသက်(၃၅)နှစ်ရှိပြီဖြစ်တဲ့အတွက် နောက်ငါးနှစ်တာကာလမှာ အဆိုပါကုမ္ပဏီရဲ့ အလှကုန်တွေအတွက် ပင်တိုင်မော်ဒယ်အဖြစ် ရပ်တည်ခွင့်ရနေမှာဖြစ်ပါတယ်။

အဆိုပါကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက "ကင်မ်တေဟီးရဲ့အလှဟာ သဘာဝအလှပါ။ နောက်ပြီးနန်းစံတယ်။ ထက်မြက်တဲ့ပုံလည်းပေါ်လွင်တယ်။ ဒါကြောင့်သူဟာ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေအတွက် ပင်တိုင်မော်ဒယ်တစ်ဦးအဖြစ်နဲ့ ထုတ်ကုန်သစ်တွေကို ပရိသတ်နဲ့ မိတ်ဆက်တဲ့အခါ ကုမ္ပဏီရဲ့ အယူအဆနဲ့ ရည်ရွယ်ချက်အမြင်တွေကို ထင်ဟပ်ပြသသွားနိုင်မယ်လို့ ယုံကြည်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တောင်ကိုရီးယားအနုပညာရှင်အများစုဟာ အလှအပအတွက် မျက်နှာကို ခွဲစိတ်ပြုပြင်မှုတွေပြုလုပ်လေ့ရှိပေမယ့် ကင်မ်ကတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ခွဲစိတ်ပြုပြင်ထားတာ လုံးဝမရှိပါဘူး။

ထုတ်ကုန်သစ်တွေကိုစတင်မိတ်ဆက်မယ့် ၂၀၁၆ခုနှစ် နှစ်စပိုင်းမှစတင်ကာ ကင်မ်ဟာ ယင်းဘိုင်အိုကုမ္ပဏီရဲ့ အလှကုန်တွေအတွက် ကြော်ငြာရိုက်ကူးခြင်းနဲ့ အခြားသောအနုပညာလှုပ်ရှားမှုတွေကို စတင်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

# အားကစား

## ဒီဇင်ဘာ ၅/၆ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၅**

| | | | |
|---|---|---|---|
| စတုတ်စီးတီး | - | မန်စီးတီး | ည-၇း၁၅ |
| ဆောက်သမ်တန် | - | ဗီလာ | ည-၉း၃၀ |
| ဆွမ်ဆီး | - | လက်စတာ | ည-၉း၃၀ |
| ဝက်ဖို့ဒ် | - | နော့ဝှစ်ချ် | ည-၉း၃၀ |
| အာဆင်နယ် | - | ဆန်းဒါးလန်း | ည-၉း၃၀ |
| ဝက်စ်ဘရွန်း | - | စပါး | ည-၉း၃၀ |
| မန်ယူ | - | ဝက်စ်ဟမ်း | ည-၉း၃၀ |
| ချယ်လ်ဆီး | - | ဘုန်းမောက် | ည-၁၂း၀၀ |

**စီးရီးအေ ပွဲစဉ်-၁၅**

| | | | |
|---|---|---|---|
| တိုရီနို | - | ရိုးမား | ည-၈း၃၀ |
| အင်တာမီလန် | - | ဂျီနိုအာ | နံနက်-၂း၁၅ |

**လာလီဂါ ပွဲစဉ်-၁၄**

| | | | |
|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | - | ဂီတာဖေး | ည-၉း၃၀ |
| ဂရန်နာဒါ | - | အက်သလက် | ည-၁၁း၄၅ |
| ဗလန်စီယာ | - | ဘာစီလိုနာ | နံနက်-၂း၀၀ |
| ဒီပို့တီဗို | - | ဆီဗီလာ | နံနက်-၃း၃၀ |
| ဘက်တစ် | - | ဆယ်တာဗီဂို | နံနက်-၃း၃၅ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၅**

| | | | |
|---|---|---|---|
| ဂလက်ဘက် | - | ဘိုင်ယန်မြူးနစ် | ည-၉း၀၀ |
| ဟမ်းဘတ် | - | မိန့်ဇ် | ည-၉း၀၀ |
| ကိုလုံး | - | အော့စ်ဘတ် | ည-၉း၀၀ |
| ဟာသာဘာလင် | - | လေဗာကူဆင် | ည-၉း၀၀ |
| အင်ဂိုလ်စတက် | - | ဟောဖန်ဟိမ်း | ည-၉း၀၀ |
| ဝုဖ်ဘတ် | - | ဒေါ့မွန် | ည-၁၂း၀၀ |

**ပြင်သစ်လီဂူ ပွဲစဉ် - ၁၇**

| | | | |
|---|---|---|---|
| **လိုင်ယွန်** | - | **အန်းဂါးစ်** | ည-၁၀း၃၀ |
| ဂါဇီလက် | - | နန့်တက်စ် | နံနက်-၁း၃၀ |
| ဘက်စတီယာ | - | မိုနာကို | နံနက်-၁း၃၀ |
| ကိန်း | - | လိုင်လီ | နံနက်-၁း၃၀ |
| ရိမ်း | - | ထရွိုင်ယက်စ် | နံနက်-၁း၃၀ |
| တူးလော့စ် | - | လိုရီယန့် | နံနက်-၁း၃၀ |

**မောင်မောင်ဇော်**

## တိုတိုထွာထွာအားကစားရေးရာ

- ➢ ပီအက်စ်ဂျီ နှင့် လာမည့်နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်အား ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။
- ➢ နာပိုလီတိုက်စစ်မှူး ဟီဂူအင်မှာ ဘာစီလိုနာမှ မက်ဆီကဲ့သို့ပင် ရလဒ်ကို ပြောင်းလဲနိုင်သည့် အရေးပါဆုံး ကစားသမားဖြစ်သည်ဟု မာဆယ်လိုလစ်ပီက ချီးကျူးပြောကြားခဲ့သည်။
- ➢ စီရိုနယ်လ်ဒို၏ လက်ရှိအကောင်းဆုံးပုံစံပျောက်ဆုံးနေမှု၊ မက်ဆီ၏ ဒူးဒဏ်ရာရရှိမှုတို့က နေမာအား ဘလွန်းဒီအောဆုရရှိစေရန် အထောက်အပံ့ဖြစ်စေနိုင်သည်ဟု အလှပဆုံးသွင်းဂိုးဆန်ခါတင်စာရင်းတွင် ပါဝင်လာသူဗီလာနိုဗာတိုက်စစ်မှူး လီရာက ဆိုသည်။
- ➢ တိုက်စစ်မှူး ချီရစ်ရှက်ဗ်အား ထည့်သွင်းအသုံးပြုခဲ့သည့် ကိစ္စရပ်နှင့် ပတ်သက်၍ ဗီလာရီးယဲလ်အသင်းက ယင်းကိစ္စရပ်မှာ ရီးယဲလ်နှင့်သာ တိုက်ရိုက်သက်ဆိုင်ပြီး ၎င်းတို့ဘက်မှ တာဝန်မရှိကြောင်း ပြောကြားခဲ့သည်။

## မသန်စွမ်းအားကစားသမားများ ရိုးရာခြင်းလုံးသရုပ်ပြကစား



**ဘားအံ ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ၃ ရက်နေ့တွင်ကျရောက်သော မသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ် ဘားအံမြို့ ခြင်းလုံးအားကစားလေ့ကျင့်ရေးရုံ၌ မသန်စွမ်းအားကစားသမားများက ရိုးရာခြင်းအလှခတ်သရုပ်ပြကစားပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက ကစားခဲ့သည်။

အဆိုပါခြင်းလုံးကစားပွဲသို့ ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ်အပါအဝင် တာဝန်ရှိသူများ၊ ခြင်းလုံးအားကစားဝါသနာရှင်များနှင့် လူမှုအဖွဲ့အစည်းများက လာရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ရိုးရာခြင်းလုံး သရုပ်ပြကစားကြမည့် မသန်စွမ်းအားကစားသမားများက ကွင်းအတွင်းနေရာယူပြီး တစ်ဦးချင်းမိတ်ဆက်ကြကာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်က အားပေးအမှာစကားပြောကြားသည်။

ထို့နောက် အားကစားသမားများက မြန်မာ့ရိုးရာခြင်းလုံး အားကစား နည်း၊ ခြင်းကြီး၊ ခြင်းလေး၊ ခြင်းလတ်ခတ်ကွက်ကစားနည်းများအနက်မှ အခြေခံအထိ ခြောက်ချက်ဖြစ်သော ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမြက်တို့ဖြင့် အလှခတ်သရုပ်ပြခတ်ကစားခဲ့ကြပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ်က မသန်သော်လည်း စွမ်းဆောင်နိုင်သည့်အားကစားသမားများအား ထောက်ပံ့ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပီရက်ဇ်ဘာပဲပြောပြော ရီးယဲလ်သာအပြစ်တွေအားလုံးရဲ့ဇစ်မြစ်ပါ




ရီးယဲလ်ဥက္ကဋ္ဌကြီးပီရက်ဇ်က ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃ ရက်မှာ ကစားခဲ့တဲ့ ကိုပါဒယ်ရေးဖလားပြိုင်ပွဲက အဖြစ်အပျက်နဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ တစ်ခုပြုလုပ်ကာ မီဒီယာတွေကတစ်ဆင့် ရီးယဲလ်လ်ရဲ့ လက်ရှိအခြေအနေကိုရှင်းလင်းမှုပြုခဲ့ပါတယ်။ ပီရက်ဇ်က ရီးယဲလ်အသင်းအနေနဲ့ ဘာအမှားမှမလုပ်ခဲ့သလို သူကိုယ်တိုင်တောင် ချီရစ်ရှက်ဖ်အနေနဲ့ ပွဲပယ်ပြစ်ဒဏ်ကျခံရတာကို မသိပါဘူးလို့ဆိုပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ၃ရက်နေ့က ရီးယဲလ်နဲ့ ကာဒက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါဒယ်ရေး စတုတ္ထအဆင့်(၃၂ သင်းပတ်လည်) ပွဲစဉ်မှာ ရီးယဲလ်က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ရီးယဲလ်အတွက် အဖွင့်ဂိုးသွင်းသူ ချီရစ်ရှက်ဖ်ဟာ မနှစ်က ဗီလာရီးယဲလ်မှာ အငှားနဲ့ သွားရောက်ကစားနေစဉ်အတွင်း အဝါကတ်သုံးကတ်ထိထားတာကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်ကျခံထားရသူဖြစ်ပါတယ်။

ဒါ့ကြောင့် ချီရစ်ချက်ဗ်က အခုပွဲမှာ ပါဝင်ခွင့်တားမြစ်ခံထားရသူဖြစ်ပါတယ်။ နည်းပြ ဘင်နီတက်ဇ်က သူ့ကို ဒုတိယပိုင်းအစမှာပဲ လူစားလဲလှယ်မှုပြုလုပ်ခဲ့ပေမယ့် ကာဒစ်ဇ်အသင်းက ဒီဖြစ်ရပ်ကို ကန့်ကွက်ဖို့ စီစဉ်ထားတာကြောင့် ရီးယဲလ်အနေနဲ့ ပြိုင်ပွဲကနေ ထုတ်ပယ်ခံရနိုင်တဲ့ အခြေအနေရှိနေတာပါ။ ဒီပွဲအပြီးမှာ ဘင်နီတက်ဇ်ကတော့"ကျွန်တော် ဒီဖြစ်ရပ်ကို သိသိချင်း လူစားလဲခဲ့တာပါ။ ပြိုင်ပွဲကနေ ထုတ်ပယ်ခံရမှာလားဆိုတာတော့ ဒါက ကံတရားအတိုင်းပါပဲ"လို့ သတင်းထောက်တွေရဲ့ မေးမြန်းချက်ကို ဖြေကြားခဲ့ပါတယ်။

ပီရက်ဇ်က " ကစားသမားကလည်းမပြောရင်၊ ဗီလာရီးယဲလ်ဘက်ကလည်း အကြောင်းမကြားရင်၊ ဘောလုံးအဖွဲ့ချုပ်ကလည်း အသိမပေးရင် ဒီကိစ္စကို ကျွန်တော်တို့အသင်းဘက်က ဘယ်လိုလုပ်သိနိုင်မှာလဲ" လို့ ဘာနေဗျူးမှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒါပေမယ့် COPE အဖွဲ့က ပြီးခဲ့တဲ့ ဇူလိုင်လကပဲ ချီရီရှက်ဖ်ကို ပွဲပယ်ပြစ်ဒဏ်ချမှတ်တဲ့အကြောင်း လာလီဂါအသင်းတွေအားလုံးကို ဖတ်စ်ကတစ်ဆင့် အကြောင်းကြားစာ ပို့ထားပြီးဖြစ်တာကြောင့် ဒီကစားသမားကို တစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ထားတာကို ရီးယဲလ်ကမသိဘူးဆိုတာဟာ ပကတိအခြေအနေကို မျက်စိစုံမှိတ်ငြင်းနေတာနဲ့ ပဲတူနေပါတယ်။ ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံထားရတဲ့ ကစားသမားစာရင်းရဲ့ စာမျက်နှာအလယ်လောက်မှာ "ချီရစ်ချက်ဗ် (ဗီလာရီးယဲလ်)" လို့ရေးသားထားတာကို ထင်ထင်ရှားရှား မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ချီရစ်ရှက်ဗ်က ဒီအကြောင်းကြားစာပို့ပြီးနောက်ပိုင်း ဇူလိုင်၂၇ရက်မှသာ ရီးယဲလ်ကိုပြန်လည်ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုအဖြစ်အပျက်က ရီးယဲလ်ကသာ စဖြစ်လာတာမဟုတ်ဘဲ ရာအူးလ်ဂါစီယာဟာ အက်သလက်တီကိုမှာ ကစားနေတုန်း ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရပြီး နွေစျေးကွက်မှာ ဘီဘာအိုကိုပြောင်းရွှေ့ခဲ့တာကြောင့် ယခုလိုကိစ္စရပ်မျိုး ဖြစ်ပွားတာ ကြုံတွေ့ခဲ့ရဖူးပါတယ်။ ဒါ့ကြောင့် ကလပ်အသင်းအနေနဲ့ သတိမပြုမိရင်တောင် ချီရီရှက်ဗ်အနေနဲ့ မကစားခင်ညမှာပဲ သူဟာ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံထားရတယ်ဆိုတာကို ကလပ်အသင်းကိုအကြောင်းကြားရမှာ ဖြစ်ပါတယ်။

ပီရက်ဇ်က "ဂါစီယာကိစ္စတုန်းက အက်သလက်ဘက်က အကြောင်းကြားပေးခဲ့တယ်။ ဒါက ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပါ။ စပိန်ဘောလုံးဥပဒေရဲ့ ပုဒ်မ(၂) အပိုဒ်ငယ်(၄၁)မှာ ကစားသမားကိုယ်တိုင် အကြောင်းမကြားခင်အထိ ပွဲပယ်ပြစ်ဒဏ်မှာ အကျိုးသက်ရောက်ခြင်းမရှိစေရဆိုပြီး ပါရှိပါတယ်" လို့ စပိန်ဘောလုံးဥပဒေပုဒ်မ(၂)ကို ကိုးကားကာ ပြန်လည်ရှင်းချက်ထုတ်ခဲ့ပါတယ်။

ဒါ့အပြင် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရတာနဲ့ပတ်သက်ပြီး အပိုဒ်ငယ်(၁၁၂)မှာ "ပွဲပယ် အမည်စာရင်းထည့်သွင်းခံထားသူများအနေဖြင့် (ယခင်) တတိယအဆင့်ကိုရောက်ရှိလာလျှင်(ယခု) ၃၂သင်းပတ်လည်အဆင့်မှာပင် ပြစ်ဒဏ်မှာ အလိုအလျောက် ပျက်ပြယ်သည်ဟု ယူဆနိုင်သည်"လို့ပါရှိတဲ့အတွက် တကယ်လို့ ပြိုင်ပွဲက ထုတ်ပယ်မယ်ဆိုတဲ့ ပြစ်ဒဏ်ချမှတ်ခံရရင်လည်း ကျွန်တော်တို့ဘက်က ဥပဒေနဲ့ အညီ ခုခံချေပဖို့ အသင့်ပါပဲ"လို့ ပီရက်ဇ်က ရှင်းလင်းခဲ့ပါတယ်။ ဒါ့ကြောင့် ပီရက်ဇ်က ရီးယဲလ်အနေနဲ့ ပွဲပယ်ပြစ်ဒဏ်ခံထားရတဲ့ ဘယ်ကစားသမားကို ဝင်ရောက်ကစားခိုင်းတာမျိုးမှ မရှိခဲ့ဘူးလို့ပဲ ယူဆရမယ်လို့ နိဂုံးချုပ်စကားပြောခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ပီရက်ဇ်ရဲ့ ရှင်းလင်းချက်ကိုကြည့်ရင် ရီးယဲလ်က ဘာအမှားမှ လုပ်ဆောင်ခဲ့ခြင်း မရှိဘူးလို့ ယေဘုယျအားဖြင့် ယူဆရမှာဖြစ်ပေမယ့် ကမ္ဘာ့အချမ်းသာဆုံးနဲ့ အင်အားအကြီးဆုံးကလပ်အသင်းကြီးက ဒီလို အသေးအဖွဲ့တွေကို မှားလို့မရပါဘူး။ ရီးယဲလ်အနေနဲ့ ပြိုင်ပွဲကနေ ထွက်ရမလား၊ မထွက်ရမလားဆိုတဲ့ ပြစ်ဒဏ်ကို ဒီဇင်ဘာ ၄ ရက်နေ့ (စပိန်စံတော်ချိန်)မှာ ချမှတ်သွားမှာဖြစ်ပါတယ်။ တကယ်လို့ ပြိုင်ပွဲကနေ ထုတ်ပယ်ခံရရင်လည်း ရီးယဲလ်အနေနဲ့ ဘယ်သူတစ်ဦးတစ်ယောက်၊ ဘယ်အဖွဲ့အစည်းကိုမှ အပြစ်တင် ယိုးမယ်ဖွဲ့ဖို့ မသင့်ဘဲ ကိုယ့် အပြစ်နဲ့ကိုယ်သာလို့ သဘောပိုက်ရမှာ ဖြစ်ပါတယ်။

**မေလဲ့သင်း**

## ဂျူဗင်မှာ အသင်းကောင်းဖြစ်သော်လည်း ဘိုင်ယန်မှာ ဂျူဗင်ထက်ပိုကောင်းဟုဆို




အသက်(၂၈)နှစ်အရွယ်ရှိ ချီလီတိုက်စစ်မှူး ဗီဒယ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ ကာလအတွင်းက ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီး မြူးနစ်၌ ကမ္ဘာ့အကောင်းဆုံးကစားသမားများနှင့်အတူ တွဲဖက်ကစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ဗီဒယ်သည်ယခင်က အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတွင် ကစားခဲ့သော်လည်း ဂျူဗင်တပ်အသင်းသည် ၎င်း၏ ကစားသမားဘဝတွင် အကောင်းဆုံးအသင်းဟု ဆိုနိုင်ကြောင်း၊ သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းမှာ ဂျူဗင်တပ်အသင်းထက် ပိုကောင်းသောအသင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်စစ်မှူး ဗီဒယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျူဗင်တပ်အသင်းနှင့်အတူ အီတလီစီးရီးအေဖလားနှင့် အီတလီယာကိုပါဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပြီး တစ်နှစ်တည်းဖလားသုံးလုံးရရှိမည့်အခွင့်အရေးဖြစ်သည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင်မူ ဘာစီလိုနာအသင်းအား ရှုံးနိမ့်ခဲ့ရသည်။

သို့ရာတွင် ယင်းအောင်မြင်မှုသည် ဂျူဗင်တပ်အသင်းအတွက် တိုက်စစ်မှူး ဗီဒယ်အား အသင်းတွင် ဆက်ထိန်းနိုင်လောက်သည့်ဆွဲဆောင်နိုင်မှုမဟုတ်ခဲ့ဘဲ တိုက်စစ်မှူး ဗီဒယ်သည် ကစားဖော်များဖြစ်ကြသည့် ကားလို့တီဗက်ဇ်၊ ပီယာလို၊ ကင်စလေကိုမန်းတို့နှင့်အတူ ဂျူဗင်တပ်အသင်းမှ အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့သွားစေခဲ့သည်။

"ဘိုင်ယန်ကို ရောက်လာတာဟာ ဘုရားပေးတဲ့ဆုလာဘ်ပါ။ ဘိုင်ယန်မှာ ကစားစဉ်ကာလအတွင်းမှာ အရေးပါတဲ့ ဆုဖလားတွေ ရယူပေးနိုင်ဖို့လည်း မျှော်လင့်ထားပါတယ်"ဟု တိုက်စစ်မှူး ဗီဒယ်က ဆိုသည်။

တိုက်စစ်မှူး ဗီဒယ်သည် ကမ္ဘာ့အကောင်းဆုံးကစားသမား ၅၀ စာရင်းတွင်လည်း ဖော်ပြခံခဲ့ရသူဖြစ်ပြီး ထောက်ခံအားပေးတဲ့ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ငွေကြယ်**

❑❑❑

# မန္တလေးမြို့တွင် စည်းကမ်းမဲ့ယာဉ်များအား ဖမ်းဆီးအရေးယူ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးမြို့ ခြောက်မြို့နယ်အတွင်း သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များအား ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့များ ပါဝင်သည့် စစ်ဆေးဖမ်းဆီးရေးအဖွဲ့မှ နေ့စဉ် လှည့်လည်စစ်ဆေး၍ ဒဏ်တပ်အရေးယူ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကာလအတွင်း စည်းကမ်းဖောက်ဖျက်သော သုံးတန်နှင့်အထက် ကုန်တင်ယာဉ် ၅၄၂ စီးအပါအဝင် စည်းကမ်းမဲ့ယာဉ် စုစုပေါင်း ၄၀၇၂ စီးအား ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဓိကလမ်းမကြီးများပေါ်နှင့် စက်မှုဇုန်တို့တွင် သုံးတန်နှင့်အထက် ကုန်တင်ယာဉ်ကြီးများနှင့်ပတ်သက်၍ အသိပေးဆိုင်းဘုတ်များ စိုက်ထူထားပြီးဖြစ်ကြောင်း၊ ပြည်သူလူထုမှ လတ်တလောဆောင်ရွက်ပေးရန် နေ့စဉ် တိုင်ကြားလာမှုများအပေါ်တွင်လည်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့အား စေလွှတ်၍ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးအရေးယူခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်ကနောင်မင်းသားကြီး လမ်းပေါ်တွင်လည်း ကုန်တင်ယာဉ်ကြီးများမရပ်ရ ဆိုင်းဘုတ်များ စိုက်ထူခဲ့ပြီး စည်းကမ်းမဲ့ ကုန်တင်ယာဉ်ကြီး ၁၄ စီးအား ဖမ်းဆီးအရေးယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်တင်ယာဉ်ကြီးများအနေဖြင့် ဂိုဒေါင်အတွင်းတွင်သာ ကုန်တင်ကုန်ချပြုလုပ်ရန်နှင့် လမ်းပေါ်တွင်ရပ်နားခြင်း၊ ကုန်တင်ကုန်ချခြင်းတို့မပြုလုပ်နိုင်ရန် စည်းကမ်းထိန်းသိမ်းရေး စုပေါင်းအဖွဲ့ဖြင့် နေ့စဉ် လှည့်လည်စစ်ဆေးကြပ်မတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းက တိုင်းဒေသကြီးလွှတ်တော် ပထမနေ့တွင် ပြောကြားခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်၊ စက်မှုရပ်ကွက်နှင့်အတူ မန္တလေးမြို့ ခြောက်မြို့နယ်တွင် ကုန်တင်ယာဉ်ကြီးများ၊ တွဲယာဉ်ကြီးများဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ ကုန်တင်-ကုန်ချပြုလုပ်ခြင်း၊ ကုန်တင်ယာဉ်ကြီးများ လမ်းပေါ်ရပ်နားခြင်းမရှိရန်နှင့် ပြည်သူလူထုသွားလာရာ၌ အနှောင့်အယှက်မဖြစ်စေရန်ရည်ရွယ်၍ ပြည်ကြီးမင်္ဂလာ အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းအား ၂၀၁၃ခုနှစ် မတ်လ ၁၃ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဒီစီအီး(မန်းကိုယ်ပွား)**



# မုပ္ပလင်တွင် အရှိန်မထိန်းနိုင်သော ကုန်တင်ယာဉ်က ခရီးသည်တင်ယာဉ်အား တိုက်မိ၍ ဒဏ်ရာများရရှိ

**ကျိုက်ထို ဒီဇင်ဘာ ၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာတွင် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက အရှိန်မထိန်းနိုင်သော ကုန်တင်ယာဉ်တစ်စီးက ခရီးသည်တင်ယာဉ်အား ပွတ်တိုက်မိသော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မုပ္ပလင်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၉၃/၅)နှင့် (၉၃/၆)ကြားတွင် ဝေါဘက်မှ ကျိုက်ထိုဘက်သို့ ဘုရားကြီးမြို့နေ လင်းဇင်ဦး(၂၁)နှစ် မောင်းနှင်လာသော Forland အမျိုးအစား ကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ကျိုက်ထိုမြို့နေ ဇော်မင်းဦး(၃၆)နှစ် မောင်းနှင်လာသော Light Truck ခရီးသည်တင်ယာဉ်၏ ဘေးအား ဝင်ရောက်ပွတ်တိုက်ပြီးနောက် ဦးအေးစိုး၏ နေအိမ်ခြံစည်းရိုးနှင့် ခြံဝင်းထဲရှိ အုတ်ရေကန်ကိုပါအား ထပ်မံတိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် Light Truck ယာဉ်ပေါ်ပါ ကျိုက်ထိုမြို့နယ်နေသူများဖြစ်ကြသော မစိမ်းနုအောင်(၂၆)နှစ်၊ ဒေါ်သန်းသန်းမော်(၄၀)နှစ်နှင့် ဦးကျော်နိုင်(၅၃)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

# နမ့်စန်မြို့တွင် မီးလောင်မှုဖြစ်ပွား

**နမ့်စန် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့ ပြည်ထောင်စုလမ်းမကြီးဘေး အမှတ်(၂) ရပ်ကွက်ရှိ ဦးတင်ဝင်း၏ နေအိမ် (ဆိုင်ကယ်အပိုပစ္စည်းရောင်းဆိုင်) တွင် ယနေ့ ညနေ ၃ နာရီခန့်က ဆိုင်ကယ်ဆီဖြည့်ရာမှ



တစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ နမ့်စန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် နှစ်စီး၊ နမ့်စန်လေတပ်စခန်း ဌာနချုပ်မှ မီးသတ်ယာဉ် နှစ်စီး၊ လွိုင်လင်ခရိုင် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် တစ်စီး စုစုပေါင်း မီးသတ်ယာဉ် ငါးစီးနှင့်ရေသယ်ထော်လာဂျီများဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရာရှိ စစ်သည်များနှင့် ပြည်သူများက စုပေါင်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် အပြီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးတင်ဝင်းအား နမ့်စန်မြို့ရဲစခန်းမှ ပ/၃၄(၂၀၁၅) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ဘရိတ်ပေါက်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကလေး-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ်(၁၂/၂-၃) ကြား ဘော်ပြင်းကျေးရွာတောင်ဘက်ရှိ ဝါးရှင်းချောင်းအဆင်းတွင် ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း ကန်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ တမူးဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စန္ဒကူး(၅)ရပ်ကွက်နေ စိုင်းဇော်မင်းဦး မောင်းနှင်ပြီး ကုန်နှင့်ခရီးသည်များတင်ဆောင်လာသော ၅ခ/---- ခရီးသည်တင်ယာဉ်သည် ဝါးရှင်းချောင်းအဆင်းအရောက် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း စိုင်းဇော်မင်းဦး၊ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စန္ဒကူး(၅) ရပ်ကွက်နေ မောင်အိုက်ငယ်ပါ လေးဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ပြီး မောင်အိုက်ငယ်မှာ ဆေးရုံတွင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် စိုင်းဇော်မင်းဦး အား ကန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ရေတာရှည်မြို့နယ်တွင် အမျိုးသားတစ်ဦး ရထားတိုက်၍သေဆုံး

**ရေတာရှည် ဒီဇင်ဘာ ၄။** ။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး ရထားတိုက်မိကာ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့ မြောက်ဘက် ညောင်ပင်ကိုင်း ရထားလမ်း-ကားလမ်းဆုံရာနေရာတွင် အမျိုးသားတစ်ဦးရထားတိုက်ခံရပြီး သေဆုံးနေကြောင်း သတင်းအရ မြို့မရဲစခန်းမှူး ဒု-ရဲမှူး ကျော်ဇေယျ ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ သံလမ်းဂိတ်မြောက်ဘက် ရထားလမ်း နှစ်ခုအကြား၌ ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက်နေ ဦးကြည်အေး(၅၃)နှစ် (စိတ်ဝေဒနာရှင်)သည် နေပြည်တော် - ရန်ကုန် အမှတ်(၃၂) အမြန်ရထားဖြင့်တိုက်မိပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်းသိရ၍ ရေတာရှည်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





**(၂၇)ကြိမ်မြောက်မဟာပဋ္ဌာန်းအောင်ပွဲနှင့်သံဃနာယကဆရာတော်ကြီးများအား ပူဇော်ပွဲစုပေါင်းသီလရှင်ဝတ်စုံလှူဒါန်းပွဲဖိတ်ကြားလွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ခေမာရာမသီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း၌ ဆရာကြီး၊ ဆရာလေးများနှင့် မြတ်စွာဘုရားအား မဟာပဋ္ဌာန်းတော်မြတ်ကြီးဖြင့် (၂၁-၁၂-၂၀၁၅)မှ (၂၅-၁၂-၂၀၁၅)ရက် အထိ ရွတ်ဖတ်ပူဇော်ပါမည်။ ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက်၊ သောကြာနေ့ (၂၅-၁၂-၂၀၁၅)ရက် ပဋ္ဌာန်းအောင်ပွဲ၊အပါး(၇၀)ဆရာတော်ကြီးများအားပူဇော်ပွဲ၊ သီလရှင်အပါး(၁၅၀၀)တို့အား စုပေါင်းဒကာ၊ ဒကာမများနှင့် စုပေါင်းသီလရှင်ဝတ်စုံလှူဒါန်းပွဲ၊ အလှူတော်မင်္ဂလာအခမ်းအနားသို့ ကြွရောက်လှူဒါန်းကြည်ညိုသာဓုအနုမောဒနာခေါ်ဆိုကြပါရန် ဝတ်စုံတစ်စုံလျှင် ၅၀၀၀ ကျပ်နှင့် ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို မိမိတို့သဒ္ဓါတတ်စွမ်းသဖြင့် ပါဝင်လှူဒါန်းနိုင်ကြရန်နှင့် လှူဒါန်းလိုပါက ဒေါ်စန္ဒာ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဖုန်း ၀၉-၂၅၄၀၀၂၂၀၄ နှင့် ဘဏ်အကောင့် ၀၀၉၉၆၀၀၁၀၀၀၀၄၈၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ကျင်းပမည့်နေ့ရက် - ၂၅-၁၂-၂၀၁၅ (သောကြာနေ့)
ကျင်းပမည့်အချိန် - (နံနက် ၉ နာရီမှ ၁၂ နာရီအထိ) ဒေါ်စန္ဒာ(မဟာသဒ္ဓမ္မဇောတိကဓဇ)

**ဒီဇင်ဘာလတွင် မွေးဖွားသော သားကြီးနှင့်သမီးများအတွက်**

**မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းခြင်း**

ဒီဇင်ဘာလတွင် ကျရောက်သော မွေးနေ့ရှင်များဖြစ်သော သားကြီး ဦးစိုးတင့်၊ သမီးကြီး ဒေါ်စန်းစန်းတင်၊ သမီးငယ် ဒေါ်ဘေလေး၊ သမီး ဒေါ်နွဲ့နွဲ့ဝင်းနှင့် မြေးများဖြစ်ကြသော ဘီဘီစံ၊ ဒယ်နီရယ်၊ ဖြိုးသန့်ကိုတို့၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်သည့်တိုင်အောင် ချစ်စွာသော မိသားစုများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပါပါ- ဦးထွန်းကြည်**
**အောက်အူး- ဒေါ်မညွန့်**
**မြောက်ဥက္ကလာပ**

**ဒေးဒရဲမြို့၊ အထက(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အထက(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက်၊ အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း အစဉ်အလာမပျက်ကျင်းပမည်ဖြစ်ပါ၍ ဒေးဒရဲမြို့၊ အထက(၁)တွင် အနည်းဆုံး (၁)နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများသည် အာစရိယပူဇော်ပွဲသို့ ကြွရောက်ချီးမြှင့်ကန်တော့ခံပေးပါရန်နှင့် အထက(၁)တွင် ပညာသင်ကြားဖူးသူတိုင်း ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုပူဇော်ကန်တော့ကြရင်း ငယ်သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ကြရအောင် မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်- ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် -မွန်းတည့် ၁၂း၀၀နာရီ
နေရာ -ကရဝိက်ခန်းမ၊ အထက(၁)၊ ဒေးဒရဲမြို့။

| | | | |
|---|---|---|---|
| ဆက်သွယ်လှူဒါန်းရန် | -ဥက္ကဋ္ဌ | ဦးမြင့်ဦး | -၄၉၇၅၉၁၂၂ |
| | ဒုဥက္ကဋ္ဌ | ဒေါ်အေး | -၅၀၄၅၈၅၁ |
| | ဒုဥက္ကဋ္ဌ | ဦးဝင်းနိုင် | -၄၅၁၂၃၆၃၂၂ |
| | အတွင်းရေးမှူး ကိုအောင်စိုး | | -၂၅၀၁၂၀၇၀၉ |
| | ဘဏ္ဍာရေးမှူး ကိုအောင်ကျော်ဦး | | -၂၆၀၅၈၅၇၇ |

**အိမ်ရောင်းမည်**

တောင်ဥက္ကလာ(၄)ရပ်ကွက်၊ သဒ္ဒါလမ်းပေါ်ရှိ ၂၀'x၆၀'၊ ကားရပ်နားရန်မြေပိုပါ၊ ဂရန်အမည်ပေါက်၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ Ph: 09-254053409, 09-421021866

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် “ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး” ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

“မဖြစ်နိုင်တာကို ပြောနေတယ်လို့ မထင်စေချင်ပါဘူး။ ကံကိုသာ ရိုးမယ်ဖွယ်လွယ်တဲ့ ကျွန်တော်တို့တွေရဲ့ စရိုက်ကြောင့်သော်လည်းကောင်း၊ အထက်က ပြောခဲ့သလို သုတေသနတွေ၊ စစ်တမ်းတွေ မထွန်းကားလို့ ကြောင့်သော်လည်းကောင်းသာ မသိလိုက်တာ နေမှာပါ။ ကျွန်တော်ပြောသလို လော်ကြောင့် သေရတဲ့ မသာဆိုတာ မရှိဘူး ရယ်လို့ ဘယ်သူမှလည်း ယတိပြတ်ပြောနိုင်မယ် မထင်ပါဘူး။”



## အရပ်ကလေးကိုတဲ့မှ အားမနာ...အားမနာ...

ဆူဒိုနင်

### ဖတ်လိုက်ရတာတွေထဲက တချို့တဝက်

လူမှုမီဒီယာမှာ သည်နှစ်တန်ဆောင်တိုင်နဲ့ ပတ်သက်လို့ လူပြောသူပြော အများဆုံးကတော့ အသံချဲ့စက်ကို အလွတ်မဲ့သုံးကြတာပါပဲ။ တွေ့လိုက်ရတာလေးတွေထဲက သင့်နိုးရာရာလေးတွေပြန်ကောက်နုတ် တင်ပြလိုက်ပါတယ်ခင်ဗျ။

- နောက်နောင် ဘဝများလူဖြစ်ရင် လော်စပီကာ မရှိ ဖွင့်ခွင့်မရတဲ့နေရာမှာ ဗုဒ္ဓဘာသာဝင်သာ ဖြစ်ပါရစေ အရှင်ဘုရား။ လပြည့်နေ့ကြီး စောစော စီးစီး အကုသိုလ် အတုံးလိုက်ရတယ်။
- ကထိန်တွေ ပြီးရင်ပြီး၊ မပြီးရင် လူလည်း အဲဒီ လော်စပီကာ ပြဿနာနဲ့ ရူးတော့မယ် (တစ်သက်လုံး ဘယ်တော့မှ အလွတ်မရဖူးတဲ့) ကိုရီးယား သီချင်းတွေရော၊ တွံတေးစိုးအောင် စီးရီးစ်လိုက်ရော ဒစ္စကိုသီချင်းတွေရော၊ နတ် သီချင်းတွေရော မနက်၊ နေ့လယ်၊ ည မနားတမ်း နားထောင်နေရတာ အလွတ်တောင် ရနေပြီ။ စိတ်တော်တော် လေတယ်။ တော်ကြပါတော့-
- လော်နှိပ်စက်လို့ တစ်မြို့လုံး အော်နေကြပြီ။ ဘယ်တော့များမှ စိတ်ချမ်းသာရတော့မှာလဲ။
- ရူးတောင် ရူးချင်တယ်။ အိပ်လို့လည်း မရ၊ ခေါင်းတွေလည်း ကိုက်။ လော်က ကျွန်တို့ဘက်ကို တည့်တည့်ပဲ။
- ကိုယ်တွေရပ်ကွက်မှာတော့ အဲသလို အကြောင်းအရာတွေက ပွင့်လင်းရာသီတင် မကဘူး၊ ၁၂ လရာသီက ရက်သတ္တပတ်တိုင်းကို ပြေးမလွတ်တာ။ ဝါတွင်းကာလဆိုလည်း ဓမ္မာရုံပေါင်း သောင်းခြောက်ထောင်က ထွက်လိုက်တဲ့ လော်အလှူခံတွေ။ တနင်္လာဆွမ်းလောင်းအသင်း၊ အင်္ဂါဆွမ်းပဒေသာပင်၊ ဗုဒ္ဓဟူးဆွမ်းပတ်၊ ကြာသပတေး အရဟံတော်ကြီး စသဖြင့် ၇ ရက်လုံးကို နာမည်တွေပေးပြီး နေ့တိုင်း အလှူခံထွက်ကြတာ။ တစ်နေ့မှာ ရပ်ကွက်ပေါင်းစုံက အနည်းဆုံး ၃ ဖွဲ့ လောက်တော့ ခြေချင်းလိမ်တယ်။ လော်နဲ့ ဖြရုံတင်မကဘူး၊ အိမ်တံခါးတွေ လိုက်ခေါက်တယ်၊ ခေါင်းလောင်းတွေ လိုက်နှိပ်တယ်၊ ခေါင်းလောင်းကြိုးတွေ ပြတ်ထွက်မတတ် ဆောင့်ဆွဲတယ်။ ဘာသာရေး ဗန်းပြတဲ့ အေးဓားပြတွေလား အောက်မေ့ရတယ်။
- သည်နေ့ အဆိုးဆုံးထင်တာပဲ။ အစောကြီးထဲက မြန်မာ၊ ကိုရီးယား၊ အင်္ဂလိပ် သီချင်းမျိုးစုံကို ချစ်ကြည်ရေး mixing (အဆင့်မြင့်သွားပြီ။ တစ်ပုဒ်စီ ခွဲဖွင့်တာ မဟုတ်တော့ဘူး ခည) ဆွဲပြီး ဒွန်နေကြတာ မြင်မကောင်းဘူး။ မကလို့ ကပါဆိုပြီး လော်နဲ့အော်နေသံတွေလည်း အတိုင်းသားကြားရတယ်။ ဘာမှ မဆိုင်တာတွေ တော်တော် စိတ်ပျက်တယ်။ စာလည်း ဘယ်လိုမှ လုပ်လို့မရတော့ဘူး။ ကယ်ကြပါ။
- ကျွန်တော့်နေရာမှာ အေးချမ်းမေကြီး ဆိုနေတယ်။ သေသာ သေလိုက်ချင်တယ်။ မနက် ၃ နာရီထဲက ည ၁၁ နာရီ အထိ။ ကြားထဲမှာ တွံတေးစိုးအောင်နဲ့ သားစိုးက ပါသေးတယ်။ ဘယ်ဘဝက ဝဋ်ကြွေးတွေလဲ မသိဘူး။
- အလှူခံတယ် လှူသမျှလူနာမည် ကြေညာတယ်။ အားတဲ့အချိန် တရားရော ဇာတ်ထုတ်ပါ ဟောတယ်။ ကုသိုလ် ရ မရတော့ မသိဘူး၊ နောက်ဘဝ နားမပါတဲ့နတ်တော့ ဖြစ်လောက်တယ်။

ည တစ်နာရီထိုးခါနီးအထိ အသံချဲ့စက်ကို အားမနာလျှာမကျိုး ဖွင့်နေတဲ့ဒဏ်ကို ကျွန်တော်ကိုယ်တိုင် ခံလိုက်ရတာသည်နှစ်မှာ မှတ်မှတ်ရရပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော် ရန်ကုန်မြို့လယ် ၃၉ လမ်းမှာနေတုန်းက ကျွန်တော်တို့ တိုက်ခန်းက ဓမ္မာရုံနဲ့ ကပ်လျက် နှစ်ခန်းကျော်။ အသံမစဲပဋ္ဌာန်းပွဲဆိုရင် အဲဒီ့ လော်ကြီးကို ကျွန်တော်တို့ ဝရံတာမှာ လာတင်ထားတယ်။ လူကို ရူးမတတ်ပဲခင်ဗျ။ ဘာသာရေးကိစ္စ ဖြစ်နေတော့လည်း ပြောမိ တားမိရင် ပြောတဲ့ တားတဲ့သူက ဓမ္မန္တရာယ်လိုလို ဖြစ်ကုန်နိုင်တာမို့ ရေငုံနေခဲ့ရဖူးပါတယ်။

ခုကျတော့ ဆိုးသထက် ဆိုးလာတယ်။ ကုသိုလ်ရေးဗန်းပြပြီး အသံချဲ့စက်တွေသုံး၊ မထော်မနန်း သီချင်းတွေ ထွင်းဖောက် ဝင်ရောက်နေတာကို တားမယ့်သူ မရှိတာလည်း အတော့်ကို အံ့ဩစရာ ကောင်းတယ်။ အမုန်းခံပြီး မပြောချင်တတ်တဲ့ အများစုရဲ့ သဘာဝကြောင့် ထင်ပါရဲ့။ ပြောမယ့်သာပြော ကျွန်တော်လည်း အဲဒီ့ထဲမှာ ပါပါတယ်။ ဆရာကိုနေဝင်း ရေးဖူးတဲ့ သီချင်းထဲကလို အများနဲ့ တစ်ယောက် တုဖက်ပြောရင်၊ အားနည်းတဲ့ တစ်ယောက်က ရှုံးမှာကို မြင်မိလို့ ပြောချင်ရက်နဲ့ အောင့်နေရတာတွေ သိပ်ကိုများနေပါပြီ။

အခုတော့ သည်ဒဏ်ကို ခံနေရတာ ကျွန်တော် တစ်ယောက်တည်း မဟုတ်တာ သေချာသွားလို့ မပြောရဲ ပြောရဲနဲ့ပဲ ပြောကြည့်လိုက်ပါတော့မယ်။

### သုတေသနများက အခိုင်အမာ ဖော်ထုတ်ထားတဲ့ “ဆူညံသံ”ရဲ့ ဆိုးကျိုးတွေ

“မလိုချင်တဲ့ အသံ”မှန်သမျှကို “ဆူညံသံ”လို့ ခေါ်ပါတယ်။ ပတ်ဝန်းကျင်ကို စိတ်ပင်ပန်းဆင်းရဲစေတဲ့အသံ၊ အနှောင့် အယှက်ဖြစ်စေတဲ့ အသံလို့လည်း ဖွင့်ဆိုကြပါတယ်။ ဆူညံသံဟာ အလုပ်အကိုင် ပျက်စေနိုင်သလို တစ်ယောက်နဲ့ တစ်ယောက် ခေါ်မကြား အော်မကြားဖြစ်စေတာမို့ စိတ်အနှောင့်အယှက်ဖြစ်ကြရပါတယ်။ အဲဒီ့ စိတ်အနှောင့်အယှက်ကနေ စိတ်ပင်ပန်းမှု ပေါ်ပေါက်လာနိုင်ပြီး တချို့ဖြစ်ရပ်တွေမှာဆိုရင် စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးကိုတောင် ထိခိုက်နိုင်ပါတယ်။

နက်နဲရှုပ်ထွေးတဲ့ အလုပ်တစ်ခုခုကို လုပ်နေကိုင်နေချိန်မှာ ဆူညံသံက အလုပ်အကိုင်ပျက်စေနိုင်သလို လူ့အပြုအမူကိုလည်း ပြောင်းသွားစေတတ်တယ်။ အလွယ်ဆုံး ပြောရရင်တော့ ဘာမဟုတ်တာလေးကို စိတ်မရှည်ဖြစ်လာတာ၊ အကဲဆတ်နေတာများဟာ ဆူညံသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရသူတွေမှာ အမြင်သာဆုံး အပြုအမူပါပဲ။

ကလေးငယ်တွေမှာတော့ အဲလို ဆူညံသံကို ကြာရှည်ကြာမျော ခံစားရတဲ့အခါ ဖတ်ပြီး နားလည်နိုင်စွမ်းကို ပျက်စီးစေတယ်၊ ရေရှည်မှတ်ဉာဏ်ကိုလည်း ထိခိုက်နိုင်တဲ့အပြင် သွေးတိုးလာတာကိုလည်း တွေ့ရတယ်လို့ သုတေသနတွေက တွေ့ရှိထားပါတယ်။ အနည်းဆုံး ၈၅ ဒက်ဆီဘယ်(လ်)လောက်အထိ မြင့်တဲ့ ဆူညံသံကို ဆက်တိုက်ကြားနေရသူ များမှာဆိုရင် ဆိတ်ဆိတ်ငြိမ်ငြိမ်မှာ နေရသူတွေထက် သွေးပိုတိုးနေတတ်ပါတယ်။

အိပ်နေချိန်မှာ ဆူညံသံကြားလိုက်ရရင် သွေးတိုးတယ်၊ နှလုံးခုန်နှုန်းလည်း မြန်လာတတ်ပြန်ပါတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခိုက် အဲသလိုဖြစ်လို့ အိပ်ရေးပျက်သွားတဲ့အခါ နောက်တစ်ရက်မှာလည်း စိတ်မကြည်မလင်ဖြစ်နေတာ၊ တုံ့ပြန်ဆောင်ရွက်ရမယ့် အလုပ်မျိုးတွေမှာ လေးကန်ကုန်တာတွေ တွေ့ရပြန်ပါသတဲ့။ ကူညီချင်စိတ်တွေ လျော့သွားပြီး ရန်လိုလာတတ်အောင်လည်း ဆူညံသံက ဖန်တီးပေးတဲ့ အထောက်အထားတွေ ရှိပါတယ်။ သုတေသနများအရပဲ တွေ့ရတာက ကျယ်လောင်တဲ့ ဆူညံသံတွေက မူးဝေတာ၊ ခေါင်းကိုက်တာ၊ အငြင်းသန်တာ၊ စိတ်က အခုတစ်မျိုး၊ တော်ကြာတစ်မျိုးဖြစ်တာ၊ စိုးရိမ်စိတ်တွေ အလကားနေရင်း ဖြစ်နေတာများအထိ တွေ့ရတာလည်း ရှိပြန်ပါတယ်။ စစ်တမ်းတွေမှာတော့ ကျယ်လောင်တဲ့ ဆူညံသံဒဏ်ကို ခံထားရသူအများစုမှာ ခေါင်းကိုက်တာ၊ အိပ်မပျော်တာ၊ စိတ်ထဲမှာ အလိုလိုနေရင်း မွန်းကြပ်နေပြီး အကဲဆတ်နေတာတွေ ခံစားရ တယ်လို့လည်း တွေ့ရပြန်ပါသတဲ့။

### ကုသိုလ်တစ်ပဲ

“ကျွန်တော်တို့ဆီမှာတော့ အဲသလို သုတေသနတွေ စစ်တမ်းတွေလုပ်ကြတဲ့ အထုံအလေ့က နည်းပါးလှတာမို့ အဲသလို စာတမ်းတွေကို မကိုးကားနိုင်ပါဘူး။ သို့ပေမယ့်လည်း ကိုယ့်ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးမှာပဲ သတိထားကြည့်ကြမယ်ဆိုရင် အထက်က ဆိုးကျိုးတွေထဲက တစ်မျိုးမဟုတ် တစ်မျိုးခံစားနေကြရတဲ့ ဆူညံဒဏ် အပြင်းအထန်ထိထားသူတွေကို မျက်ဝါးထင်ထင်မြင်ရနိုင်ကြမယ် ထင်ပါတယ်။”

ကျွန်တော်တို့ဆီမှာတော့ အဲသလို သုတေသနတွေ စစ်တမ်းတွေ လုပ်ကြတဲ့ အထုံအလေ့က နည်းပါးလှတာမို့ အဲသလို စာတမ်းတွေကို မကိုးကားနိုင်ပါဘူး။ သို့ပေမယ့်လည်း ကိုယ့်ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးမှာပဲ သတိထားကြည့်ကြမယ်ဆိုရင် အထက်က ဆိုးကျိုးတွေထဲက တစ်မျိုးမဟုတ် တစ်မျိုးခံစားနေကြရတဲ့ ဆူညံဒဏ် အပြင်းအထန် ထိထားသူတွေကို မျက်ဝါးထင်ထင် မြင်ရနိုင်ကြမယ် ထင်ပါတယ်။

အဲလိုသာဆိုရင် ဘာသာရေးကို အကြောင်းပြုလို့ဖြစ်ဖြစ်၊ အလှူဒါနကို အကြောင်းပြုလို့ဖြစ်ဖြစ် အဲသလို ဘေးပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်အောင် အသံချဲ့စက်ကြီးတွေနဲ့ ထင်တိုင်းကျဲနေကြခြင်းဟာ ကုသိုလ်လမ်းကြောင်းပေါ် သွားနေကြတာမှ ဟုတ်ရဲ့လားလို့ သက်ဆိုင်သူများ ပြန်လည်စဉ်းစားကြဖို့ ကောင်းပါတယ်။ လူမမာ ရှိတဲ့ အိမ်နားမှာ အချိန်မတော် လော်ကြီး ဖွင့်မိလို့ အဲဒီ့လူမမာ ထိတ်လန့်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးလို့ပဲဖြစ်ဖြစ် ဖိတ်စင်သွားတာမျိုးများ ရှိခဲ့သော် ကုသိုလ် အလုပ် လုပ်ရာကနေ ပါဏာတိပါတာကံကို ကျူးလွန်ရာကျ မကျ မိမိတို့ဘာသာ ဆင်ခြင်စဉ်းစားကြဖို့ လိုမယ်လို့လည်း ထင်မြင်မိပါတယ်။

မဖြစ်နိုင်တာကို ပြောနေတယ်လို့ မထင်စေချင်ပါဘူး။ ကံကိုသာ ရိုးမယ်ဖွယ်လွယ်တဲ့ ကျွန်တော်တို့တွေရဲ့စရိုက်ကြောင့် သော်လည်းကောင်း၊ အထက်က ပြောခဲ့သလို သုတေသနတွေ၊ စစ်တမ်းတွေ မထွန်းကားလို့ကြောင့်သော်လည်းကောင်းသာ မသိလိုက်တာ နေမှာပါ။ ကျွန်တော်ပြောသလို လော်ကြောင့် သေရတဲ့ မသာဆိုတာ မရှိဘူးရယ်လို့ ဘယ်သူမှလည်း ယတိပြတ် ပြောနိုင်မယ် မထင်ပါဘူး။

အဲတော့ဗျာ- သည်လို အသံချဲ့စက်တွေကို လူနေရပ်ကွက်တွေအတွင်းမှာ အတိုင်းအဆမဲ့၊ အလွတ်မဲ့ သုံးနေကြတာကို တားသင့်တဲ့သူတွေကလည်း တားကြဖို့ ကောင်းလျက်ကနဲ့ မတားကြဘူးဆိုရင်တောင် လုပ်နေကြသူတွေဘက်က ကိုယ်လုပ်တဲ့ အလုပ်ရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို သတိမထားမိကြလို့သာ နင်းကန်လုပ်ဖြစ်နေကြတယ်လို့ ယူဆမိရပါတယ်။ အခုလို ဆိုးကျိုးတွေကို တိတိပပ သိသွားကြမယ်ဆိုရင်ဖြင့် စိတ်ကောင်းလေးတွေ ဝင်လာကြပြီး အနည်းနဲ့အများ ဆင်ခြင်နိုင်လာကြလေမလားဆိုတဲ့ မျှော်လင့်ချက် ပါးလှပ်လှပ်ကလေးနဲ့ သည်တစ်ပတ်မှာ သည်အကြောင်းကို မပြောရဲ ပြောရဲနဲ့ပဲ ဇွတ်မှိတ်ပြောချလိုက်မိရပြန်ပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိရပါတယ် ခင်ဗျား။

ရည်ညွှန်း - http://bmb.oxfordjournals.org/content/68/1/243.full

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ မြန်မာ့ရိုးရာ သိုင်းပညာတိုးတက်ပြန့်ပွားရေး လုပ်ငန်းညှိနှိုင်း

**မုံရွာ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာ့ရိုးရာသိုင်းပညာ တိုးတက်ပြန့်ပွားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ မြို့သစ်ရပ်ကွက် ဒုတိယဥက္ကဋ္ဌ ဦးတေဇအေး နေအိမ်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာသိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတေဇအေးက အဖွင့်အမှာစကား ပြောကြားပြီး ဦးအောင်သောင်း (အောင်နေမင်းသိုင်းအဖွဲ့-မုံရွာ)၊ ဦးစိန်မောင် (သီပ ပင်မသိုင်းအဖွဲ့-မုံရွာ)၊ ဦးကျော်ဝင်း (ကျားနက်ပင်မသိုင်းအဖွဲ့-မုံရွာ)၊ ဦးစိမ်းမောင် (နန်းတွင်းပင်မသိုင်းအဖွဲ့-စစ်ကိုင်း)၊ ဦးအောင် (နန်းတွင်းပင်မသိုင်းအဖွဲ့)၊ ဦးဇော်လင်း (ဇာမဏီသူရိယသိုင်းအဖွဲ့-မုံရွာ) တို့က မြန်မာ့ရိုးရာသိုင်းပညာ တိုးတက်ပြန့်ပွားရေးအတွက် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာသိုင်းအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်း (ဇာမဏီသူရိယသိုင်းအဖွဲ့-မုံရွာ) က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြ

**ဘုတလင် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် စိုက်ပျိုးရေး ဦးစီးဌာန (စက်မှုသီးနှံ) က ကြီးမှူး၍ ရွှေတောင်(၈) ချည်မျှင်ရှည်ဝါစိုက် ပျိုးမှု တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်း က လွဲတဲကျေးရွာ တောင်သူဒေါ်ခင်ထွေး၏ ဝါနှင့် ပဲစင်းငုံ သီးညှပ်စိုက် ကွက်တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)မှ ဦးစီး အရာရှိ ဒေါ်မြမြငွေးက ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ဝါနှင့် ပဲစင်းငုံ၊ ကြက်သွန် စသည့်သီးနှံများ သီးညှပ် စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးလာနိုင်ပါကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဝါစိုက် တောင်သူများက ချည်မျှင်ရှည်ဝါ ရွှေတောင်(၈) နှင့် ပဲစင်းငုံ သီးညှပ်စိုက် ကွက်အတွင်း ကြည့်ရှုလေ့လာခဲ့ပြီး ဘုတလင်မြို့နယ်တွင် ယခုနှစ် အတွင်း ဝါစိုက်ဧက ၈၆၆၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ဇော်ဖြိုး(ဘုတလင်)**

# ကမ်းနီးငါးလုပ်ငန်းရှင်များအဖွဲ့မှ ကျောင်းဝန်းကျင် သန့်ရှင်းရေးလုပ်အား ပေး

**ကော့သောင်း ဒီဇင်ဘာ ၄**

ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များ ပရဟိတအဖွဲ့မှ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အေးရိပ်ငြိမ် အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်းပတ်ဝန်းကျင် သန့်ရှင်း ရေးလုပ်ငန်းများအား စေတနာဝန်ထမ်းလုပ်အား ပေး ဆောင်ရွက်ကြကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် အဆိုပါကျောင်းရှိ ကျောင်း သား၊ ကျောင်းသူများ သန့်ရှင်းသည့်ပတ်ဝန်းကျင် အဖြစ် ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင် ရေး၊ ခြင်အန္တရာယ်နှင့် အခြားကူးစက်ရောဂါများ ပျံ့နှံ့မှုမဖြစ်ပေါ်စေရေး ရည်ရွယ်ကာ ကျောင်းပတ် ဝန်းကျင်အနီး အမှိုက်သရိုက်များရှင်းလင်းပေးခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ပေးခြင်း၊ ရေစီးရေ လာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်ပေး ခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ မိမိတို့၏ ကိုယ်ပိုင်အလုပ်နားချိန်အတွင်း စုပေါင်းဆောင်ရွက် ပေးခြင်းဖြစ်သည်။ **ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**

# တမူးခရိုင် ကျေးရွာငါးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လျှပ်စစ်ဆိုလာမီးများ တပ်ဆင်

**တမူး ဒီဇင်ဘာ ၄**

တမူးခရိုင် ခမ်းပတ်မြို့နယ်နှင့် မြို့သစ်မြို့နယ်များရှိ ကျေးရွာငါးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ တပ်ဆင်ပေးသည့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဆိုလာမီးရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ကျေးလက်နေ ပြည်သူများအတွက် လျှပ်စစ်ဆိုလာမီးနှင့် ဆက်စပ် ပစ္စည်းများအား ကျေးရွာအရောက် သွားရောက်တပ် ဆင် ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘာကြီးကျေးရွာတွင် ၈၂ စုံ၊ စွန်လည် (ရွာသစ်) တွင် ၂၅၃ စုံ၊ တွီဗန်ကျေးရွာ တွင် ၇၅ စုံ၊ ရွာသာကျေးရွာတွင် ၂၈ စုံနှင့် မွေလင်း ကျေးရွာတွင် သုံးစုံ စုစုပေါင်း ၄၄၃ စုံအား ပေးအပ်ခဲ့ သည်။

တမူးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မော်မော်၊ ဒုဦးစီးမှူး ဒေါ်ခင်မေစီ၊ ဒုဦးစီးမှူး ဦးစန်းထွန်းနှင့် ဝန်ထမ်းများက Infinite Technology ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်ပူး ပေါင်း၍ နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အတွင်း သက်ဆိုင် ရာကျေးရွာများအရောက် အဖွဲ့များခွဲ၍ တပ်ဆင်ပေးခဲ့ ပြီးဖြစ်ကြောင်းနှင့် ကျေးရွာများတွင် လျှပ်စစ်ဆိုလာမီး များ ရရှိနေမှုကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသဖြင့် ကျေးလက်နေ ပြည်သူများ ဝမ်းမြောက်လျက်ရှိသည်။**ခရိုင်(ပြန်/ဆက်)**

# IPV စတင်ထည့်သွင်းထိုးနှံခြင်း ရှင်းလင်း

**ဂန့်ဂေါ ဒီဇင်ဘာ ၄**

INACTIVATED POLIO VACCINE (IPV) စတင် ထည့်သွင်းထိုးနှံခြင်း အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ဂန့်ဂေါမြို့ ကျန်းမာရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့် ရှုကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြား ခဲ့ကြောင်း သိရသည်။ **(၄၆၅)**

# သဖန်းကုန်းမြို့နယ် သဖန်းကုန်းကျေးရွာ၌ မိုးစပါးစံပြကွက် ရိတ်သိမ်း

**တောင်တွင်းကြီး ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၏ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ ကွင်းအမှတ် (၂၆၃၂) တောင်သူဦးသိန်းစိုး၏ မိုးစပါးဆင်းသုခသုံးဧက စံပြစိုက်ခင်းကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ရိတ်သိမ်းခြွေလှေ့ခဲ့ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မကွေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူ ဦးကြီးများ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမြင့်က မိုးစပါးဆင်းသုခ (GAP) စနစ် စံပြကွက်ဆောင်ရွက်ပုံအဆင့်ဆင့်၊ မိုးစပါးရိတ်သိမ်းပြီးချိန်တွင် ထပ်မံစိုက်ပျိုးမည့်သီးနှံများ အချိန်မီစိုက်ပျိုးရေး၊ မတ်ပဲ၊ ကုလားပဲနှင့် နေကြာသီးနှံစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မိုးစပါး ဆင်းသုခစံပြကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၁၃၂ တင်းထွက်ရှိပြီး ဒေသခံတောင်သူများ ကြိုက် နှစ်သက်၍ ဈေးကောင်းရရှိသောစပါးမျိုးဖြစ်ကြောင်း သိရသည်။ **မမလေး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (ကျန်းမာရေးမှူး-၄)**
**(လစာနှုန်းထား ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)**
**ရာထူးနေရာအတွက် လျှောက်လွှာများခေါ်ယူခြင်း**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများတွင် လစ်လပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄) ရာထူးနေရာများတွင် ဝန်ထမ်း(၃၀၀၀) ဦးခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် လျှောက်ထား နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄)ရာထူးအတွက်-

၁။ လျှောက်ထားသူသည်အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင် ထားသူဖြစ်ရမည်။

၂။ လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀) နှစ် ထက်မကြီးသူဖြစ်ရမည်။ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)အဖြစ် အနည်းဆုံး(၂)နှစ် တာဝန် ထမ်းဆောင် ရမည်ဖြစ်ပြီး (၂)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေ ကျပ်(၁)သိန်း ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်မှာ (၂၈-၁၂-၂၀၁၅) (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို (၂-၁-၂၀၁၆) (စနေနေ့)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၌ တစ်ပြိုင်နက်တည်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲတွင် အခြေခံပညာအထက်တန်းအဆင့် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတကိုပေါင်း၍ မေးခွန်းလွှာတစ်ခုတည်းနှင့်စစ်ဆေးမည်ဖြစ်ပြီး ဖြေဆိုချိန် (၂) နာရီဖြစ်ပါသည်။

၇။ နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူစာရင်းကို (၈-၁-၂၀၁၆) (သောကြာနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် ကြေညာမည်ဖြစ်ပြီး နှုတ်ဖြေစာမေးပွဲကို (၁၁-၁-၂၀၁၆) (တနင်္လာနေ့)မှ စတင်၍ ကျင်းပမည်ဖြစ်ပါသည်။

၈။ ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်သည့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာ မြို့နယ်အလိုက် လစ်လပ်သည့်နေရာများ တွင် ဘက်စုံအခြေခံကျန်းမာရေးဝန်ထမ်း လစာနှုန်း (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) အဖြစ် အစမ်းခန့်ထားမည်ဖြစ်ပါသည်။

၉။ ဘက်စုံ အခြေခံကျန်းမာရေးဝန်ထမ်းများအဖြစ် ခန့်အပ်ခြင်းခံရပြီးပါက တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ဖွင့်လှစ်မည့် တိုင်းဒေသကြီး/ပြည်နယ် အခြေစိုက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းကို On Duty ဖြင့် အချိန်ပြည့် တက်ရောက်ရမည် ဖြစ်ပါသည်။ သင်တန်းပြီးမြောက်အောင်မြင်ပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (ကျန်းမာရေးမှူး-၄) (လစာနှုန်းထား-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားပေးမည်ဖြစ်ပါသည်။

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များ ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် မေးမြန်း စုံစမ်း နိုင်ပါသည်။ **ပြည်သူ့ကျန်းမာရေးဦးစီးဌာန။**

**ပိုင်ရှင်ကိုယ်တိုင်**
**ရောင်းမည်**
1. TOYOTA HIACE COMMUTER(စတိ) (15)ယောက်စီး 2003-GL-LH186B
P/S-P/W-A/C - Power Slide door
2. HONDA CIVIC (MXST)စုံ၊ စတိနံပါတ်
3. HONDA INSIGHT (LS)စုံ၊ စတိနံပါတ်
4. SUZUKI SWIFT (XL) စုံ၊ စတိနံပါတ်
Ph: -095150661, 095403555, 09785150661

**(၁၉၉၄ ခုနှစ်၊ ၁၀တန်းအောင်)၊ ၂၀၀၂ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ၊ ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ**

သူငယ်ချင်းတို့ရေ - ဒို့တစ်တွေရဲ့ ဒုတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၆-၁၂-၂၀၁၅(စနေနေ့)၊ နံနက် (၉း၃၀ မှ ၁၁း၃၀ ထိ) နီလာရတုခန်းမ၊ စီးပွားရေးတက္ကသိုလ်(ပင်မ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ တစ်ဆက်တည်းမှာပဲ မိတ်ဆုံညစာစားပွဲကို ညနေ (၆း၀၀ မှ ၁၀း၀၀ ထိ)၊ကန်တော်ကြီး Dolphin Restaurant တွင် ပျော်ရွှင်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်လာရောက်ကြပါရန် ခင်မင်စွာဖိတ်မန္တကပြုလိုက်ပါတယ်။

**အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက KBZ Bank(ကမာရွတ်ဘဏ်ခွဲ)၊ Account No. 021102 06003 556201သို့ လည်းကောင်း၊ အောက်ပါသူငယ်ချင်းများထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။**

**ကိုအောင်မျိုးသူ -၀၉ ၇၈၅ ၁၃၅ ၈၀၀၊ ကိုသန်းထိုက်အောင်-၀၉ ၅၀၇ ၉၁၀၅၊ မချိုမာလွင် -၀၉ ၄၃၁၀ ၄၁၆၀၊ မနင်းမြင့်အေး -၀၉ ၄၉၅၇ ၄၂၄၄ မလှလှအေး -၀၉ ၅၄၀ ၈၁၂၀၊ မထွေးနန္ဒာ -၀၉ ၂၅၄၀ ၁၆၂၃၊ မစုစုလှိုင် -၀၉ ၂၆၀၂၄ ၉၇၉၇၊ မဖြိုးသန္တာခိုင်- ၀၉ ၇၃ ၁၁၂၂၀၆**



# JICK ချေးငွေဖြင့် ဖျာပုံမြစ်ရေအားသန့်စင်၍ပြည်သူများရေလုံလောက်စွာသုံးစွဲနိုင်တော့မည်

**ဖျာပုံ ဒီဇင်ဘာ ၄**

ဖျာပုံမြို့တွင် JICK .ODA.Loam ဂျပန်နှစ်ရှည်ချေးငွေဖြင့် မြို့ရေပေးဝေရေးလုပ်ငန်းအတွက် (၅) လမ်း မြေသားမိုးရေလှောင်ကန်အမှတ် (၁) ကို ယခုဒီဇင်ဘာမှ စတင်၍ဆောင်ရွက်နေကြောင်း သိရသည်။

ဖျာပုံခရိုင် ဖျာပုံမြို့တွင် မြေသားမိုးရေလှောင်ကန်များကို အဓိကထားသုံးစွဲနေရပြီး လက်ရှိတွင် တိုးပွားလာသော အိမ်ထောင်စုဦးရေများပြားလာခြင်းကြောင့် ရေလုံလောက်မှုမရှိဘဲ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ပင်လယ်ပြင်နှင့် အလွန်နီးကပ်စွာတည်ရှိပြီး ရေချိုတူးဖော်နိုင်ခြင်းမရှိသဖြင့် မြေသားမိုးရေလှောင်ကန်များကို သာအားထားပြီး သောက်သုံးရေအဖြစ် သုံးစွဲနေရသည်မှာ နှစ်ပေါင်းကြာမြင့်နေပြီဖြစ်ကြောင်း ယင်းဒေသခံများကပြောသည်။

ဖျာပုံမြို့ (၅)လမ်းတစ်လျှောက်ရှိ မိုးရေလှောင်ကန်များအပြင် တောင်ပိုင်းကန်တော်ကြီးနှင့် မြောက်ပိုင်းချောင်းတွင်းကျေးရွာ မြေသားမိုးရေလှောင်ကန်တို့မှ ရေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်အသီးသီးတို့ ရေတိုင်ချ၍ ရေမီတာတပ်ဆင်စေပြီး သောက်သုံးရေအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြစ်ရေအား ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံရှိ ဖျာပုံမြစ်ကမ်းဘေးတွင် (ပွန်တွန်း) အသုံးပြု၍ ကမ်းပေါ်ရှိ (Pump) သုံးလုံးဖြင့် စုပ်ယူပြီး ရေစစ်ကန်များတွင် အဆင့်ဆင့်တပ်ဆင်ကာ ထွက်ရှိလာသောရေအား တိုက်ရိုက်တွန်းပို့စနစ်ဖြင့် ရေပေးဝေရန် စီစဉ်လျက်ရှိခြင်းကြောင့် ရေပေးဝေချိန် ပိုများလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေပေးဝေရေးလုပ်ငန်းတွင် တစ်ရက်လျှင် ရေဂါလန်ခြောက်သိန်းဖြင့် အိမ်ထောင်စုပေါင်း ၄၀၇၀၊ လူဦးရေ ၃၀၀၀၀ ကို ရေချို ရေကောင်းရေသန့် လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ရေပေးဝေမည့်ရပ်ကွက်များမှ ရပ်ကွက်ပေါင်း ၁၉ ခုတွင် စုစုပေါင်း ၁၃ ရပ်ကွက် ရေပေးဝေမည်ဖြစ်ပြီး ကျန်ခြောက်ရပ်ကွက်ဖြစ်သည့် ၁၇၊ ၁၈၊ ၁၉၊ ၁၃၊ ၁၄၊ ၁၆ ရပ်ကွက်များကို တောင်ပိုင်းကန်တော်ကြီးနှင့် မြောက်ပိုင်းချောင်းတွင်းမိုးရေလှောင်ကန်တို့မှ လက်ရှိရေပေးဝေသည့်စနစ်အတိုင်း ထားရှိမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်က ပြောသည်။

ဖျာပုံမြို့တွင် ပြည်သူများသောက်သုံးရေဖူလုံစေရေးအတွက် JICK .ODA.Loam ဂျပန်နှစ်ရှည်ချေးငွေအား ပြန်ဆပ်ရန်အတွက် နှစ်ရှည်အဖြစ် နှစ် ၄၀ သတ်မှတ်ထားပြီး ပထမ ၁၀ နှစ် ဆိုင်းငံ့ထားကာ ကျန်နှစ်များတွင် ချေးငွေ စတင်ပြန်ဆပ်ရမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်က ပြောသည်။



မြို့နေပြည်သူများ ရေလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် (၅) လမ်းရှိ အမှတ် (၂) အား ရေစုကန်၊ ကန်အမှတ်(၁) အား ရေစစ်ကန်အဖြစ် တည်ဆောက်ခြင်းဖြင့် နွေရာသီကာလ ပင်လယ်ရေငန်တိုးသည့်အချိန်များတွင် ပြည်သူများ ရေလုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်ပြီး လာမည့် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကာ မကြာမီကာလတွင် ပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း အဆိုပါအမှုဆောင်အရာရှိ ဦးမြင့်မောင်ကဆက်လက်ပြောသည်။

**ချမ်းသာ**

# ပြည်နယ်အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ ခလယ်တံခွန်တိုင်ကျေးရွာသို့ အခမဲ့ ကွင်းဆင်းဆေးကုသ

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဝေးလံဒေသများတွင်ရှိသည့် လုပ်သားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လစဉ်အခမဲ့ကွင်းဆင်းဆေးကုသမှု ပေးလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင်တိုက်နယ် ပြည်သူ့ဆေးရုံ၌ အခမဲ့ ကွင်းဆင်းဆေးကုသပေးခဲ့ကြသည်။

ထိုအထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့တွင် အထွေထွေအထူးကု၊ ခွဲစိပ်အထူးကု၊ ကလေးအထူးကု၊ အရိုး၊ အကြော၊ အဆစ်အထူးကု၊ နားနှာခေါင်းလည်ချောင်းအထူးကု၊ မျက်စိအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ အရေပြားအထူးကု၊ သားဖွားမီးယပ်အထူးကု၊ စိတ်ကျန်းမာရေးအထူးကု၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးအထူးကု စသည့်အထူးကုအဖွဲ့ ၁၁ ဖွဲ့နှင့် မြန်မာ့တိုင်းရင်းဆေးအဖွဲ့တို့ ပါဝင်ခဲ့သည်။

ခလယ်တံခွန်တိုင်တိုက်နယ်အတွင်းရှိ ဘုရားငါးဆူ၊ မြို့ဟောင်း၊ ခလယ်၊ တံခွန်တိုင်၊ နောင်ဒီး၊ ကမော့ဝမ်း၊ ဒိုင်လွတ်၊ ကျုံခဝန်၊ ဖားပြ၊ နန်းခွီး စသည့်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသား ၁၃၉၄ ဦးတို့အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကွင်းဆင်းဆေးကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန် ၂၀၀ ကို အခမဲ့ဖြန့်ဝေတပ်ဆင်ပေးခဲ့သည်။

ယင်းသို့ ပြည်နယ်အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ အခမဲ့ကွင်းဆင်းဆေးကုသနေမှုအား ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် ဇနီးတို့က လိုက်လံကြည့်ရှုအားပေးပြီး လာရောက်ဆေးကုသမှုခံယူသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်မိစန်းခင်က ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးကာ အိုင်အိုဒင်းဆား၊ ကြက်ဥ၊ ကလေးအနီးပိတ်စ စသည့်ဖြည့်စွက်အာဟာရအစားအစာများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကာ မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လာရောက်ဆေးကုသမှုခံယူကြသည့် အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၈၇ ဦးအား ခလယ်တံခွန်တိုင် ဇီးဖြူကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဂါရဝပြုနှုတ်ဆက်အားပေးစကားများပြောကြားကာ အာဟာရဖြည့်စွက်အစားအစာများနှင့် လှူဒါန်းပစ္စည်းများ ပေးအပ်လှူဒါန်း ကန်တော့ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ခုတင်(၅၀)ဆံ့ဆေးရုံတည်ဆောက်

**တွံတေး ဒီဇင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ(၂၅)ခုတင်ဆံ့မှ တိုးမြှင့်ရရှိသော ခုတင်(၅၀)ဆံ့ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများကို AH တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီက တည်ဆောက်ခဲ့ရာ တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တွံတေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့တိုးချဲ့ဆောင်တွင် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ RC နှစ်ထပ်လူနာဆောင်တစ်ဆောင်နှင့် ပြင်ပလူနာကုသဆောင် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ RC တစ်ထပ်ဆောင်တို့ကို ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့်ဆောက်လုပ်ခဲ့သည်။

**မျိုးလှိုင်(တွံတေး)**












## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်လျှောက်ထားလာသူများ၏ အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများစာရင်းနှင့် လူတွေ့စစ်ဆေးမည့်အစီအစဉ်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် ၂၅-၇-၂၀၁၅ ရက်နှင့် ၂၆-၇-၂၀၁၅ရက်၌ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် နေပြည်တော်စာစစ်ဌာနများတွင် အရည်အချင်းစစ် (ရေးဖြေ) စာမေးပွဲဖြေဆိုခဲ့ကြသော B.E(Civil),B.E(IT),B.C.Sc,B.C.Tech, B.Com., B.Tech (EP)ဘွဲ့ရများအနက် အောင်မြင်သူ(၂၄၇)ဦးအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း သက်ဆိုင်ရာစာစစ်ဌာနအလိုက် လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်းနှင့် ရေးဖြေအောင်စာရင်းနှင့် လူတွေ့စစ်ဆေးမှုအစီအစဉ်အား နီးစပ်ရာကွန်ပျူတာတက္ကသိုလ်/နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများတွင် ကြေညာထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် (စနေနေ့) |
| အချိန် | - | နံနက် ၉း၀၀ နာရီ |
| နေရာ | - | နေပြည်တော် |
| | - | မန္တလေးနည်းပညာတက္ကသိုလ် |
| | - | ရန်ကုန်နည်းပညာတက္ကသိုလ် |

၂။ လူတွေ့ဖြေဆိုမည့်သူများသည် မိမိတို့ရေးဖြေ ဖြေဆိုခဲ့သည့် သက်ဆိုင်ရာစာစစ်ဌာနများသို့ ၁၈-၁၂-၂၀၁၅ ရက်မှစ၍ သတင်းပေးပို့နိုင်ပြီး လူတွေ့စစ်ဆေး မည့် ၁၉-၁၂-၂၀၁၅ ရက်တွင် နံနက် ၈း၀၀ နာရီအရောက် သတင်းပို့ကြရန် ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

# သထုံမြို့ရှိ ဦးဘိုးသီးပိဋကတ်တိုက်အတွင်းမှ ပေစာများကို Digital စနစ်ဖြင့် ထိန်းသိမ်းမည်



**သထုံ ဒီဇင်ဘာ ၄**

သထုံမြို့ မြသပိတ်တောင်ခြေ သဒ္ဒမ္မဇောတိကာရာမ ကျောင်းတိုက်အတွင်းတည်ရှိသည့် သထုံမြို့၏ ရှေးအကျဆုံး ဦးဘိုးသီးပိဋကတ်တိုက်အတွင်းရှိ ပေစာထုတ်များအတွင်းမှ ပေစာများကို နှစ်ကာလကြာမြင့်စွာ ဆက်လက်တည်တံ့ပြီး သုတေသီများ အလွယ်တကူလေ့လာနိုင်စေရန်အတွက် သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းမှ ဦးဆောင်ကာ Digital စနစ်ဖြင့် စနစ်တကျ ပြုစုသိမ်းဆည်းပြီး Internet တွင် Website တစ်ခုဖြင့် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပိဋကတ်တိုက်မှာရှိတဲ့ ပေစာတွေက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀ ကနေ ၂၅၀ လောက်ထိ သက်တမ်းရှိတယ်။ ပါဠိနဲ့ မြန်မာစာပေတွေ အထူးပြုလေ့လာကြတဲ့သူတွေနဲ့ နိုင်ငံတကာကသုတေသီတွေ မကြာခဏ လာလေ့လာကြတယ်။ ရှေးဟောင်းပေစာတွေဖြစ်လို့ အထုတ်အသွင်းလုပ်ရင် တအားဂရုစိုက်ရတယ်။ ဒါ့ကြောင့် ပေစာတွေကို ဓာတ်ပုံရိုက်ပြီး Digital စနစ်နဲ့ Soft Copy အနေနဲ့ ပြုစုရတာ။ ဒီလိုပြုစုတဲ့နေရာမှာ ကွန်ပျူတာတက္ကသိုလ်(သထုံ)က ကျောင်းအုပ်ကြီးက လိုအပ်နေတဲ့နည်းပညာပိုင်းကို အကူအညီပေးခဲ့တဲ့အတွက်အတော်လေး မြန်ဆန်လာတယ်"ဟု သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးစိုးနောင်ဦးက ပြောသည်။

အဆိုပါပိဋကတ်တိုက်တော်တွင် ရွေချထားသည့် ရှေးဟောင်းဘီရိုကြီးများ၌ မွန်၊ ပါဠိ၊ မြန်မာစာတို့ဖြင့် ရှေးဟောင်းပေစာထုတ်ပေါင်း ၇၈၈ ထုတ်၊ ပုရပိုက် ၂၈ ထုတ်၊ အခြားပိဋကတ်တော်နှင့် ကျမ်းစာပေါင်း အမြောက်အများရှိပြီး ယနေ့အချိန်ထိ ပေရွက်ပေါင်း ၁၅၆၉၀၀ ကို Digital စနစ်ဖြင့်ပြုစုပြီးဖြစ်ကာ ဆက်လက်ပြုစုရန် ပေရွက် ၁၀၀၀၀ ခန့် ကျန်ရှိနေသေးကြောင်း၊ အားလုံးပြီးစီးပါက ကတ်တလောက်ဖြင့် စနစ်တကျစုစည်းကာ Internet တွင် Website တစ်ခုဖြင့်ထားရှိကာ Soft Copy များကို PDF ဖြင့် အလွယ်တကူလေ့လာနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါပေစာများအား လာရောက်လေ့လာသည့် Pali Text Society(UK) မှ Publications Administrator, Dr William Pruitt က "သထုံကလူတွေ ဂုဏ်ယူစရာပါ။ ဒီလိုစာကြည့်တိုက်မျိုး မတွေ့ဖူးသေးပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက လူတစ်ယောက်တည်းက ဒီလိုရှားပါးကောင်းမွန်လှတဲ့ ပါဠိစာပေတွေ အများကြီးစုဆောင်းပြီး ဒီနေ့အထိ သံဃာတွေအတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာ။

"ဒီမှာ တော်တော်လေးပြည့်ပြည့်စုံစုံရှိတယ်။ ပါဠိစာပေအထူးပြုသင်ကြားနေတဲ့ နိုင်ငံတကာက ကျောင်းသားတွေကလည်း လှမ်းမေးကြလို့ ဒီမှာရှိတဲ့စာတွေကို လှမ်းပို့ပေးခဲ့တယ်။ သူတို့အတွက် ကြီးမားတဲ့အထောက်အကူဖြစ်လို့ တော်တော်လေးစိတ်ဝင်စားကြပါတယ်" ဟု ဆိုသည်။

သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ နှစ်စဉ်ကျင်းပသည့် ပရိယတ္တိစာမေးပွဲမှ စာဖြေသံဃာတော်များဖတ်မှတ်နိုင်ရန် ထိုစဉ်က အသင်းဥက္ကဋ္ဌဖြစ်သူ အငြိမ်းစားဝန်ထောက်မင်း ဦးဘိုးသီးက ၎င်းစုဆောင်းထားသည့် ပေ၊ ပုရပိုက်နှင့် ပိဋကတ်တော်များဖြင့် လွန်ခဲ့သောနှစ် ၉၀ ခန့်က သာခုဇနပါသာဒိက မဟာဓမ္မစေတီတော်တိုက်အမည်ဖြင့် ပိဋကတ်စာကြည့်တိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းသည်။

ယခုအချိန်အထိ ပေ၊ ပုရပိုက်နှင့် ကျမ်းစာများကို သံဃာတော်များနှင့် သုတေသီများလေ့လာနိုင်ရန်နှင့် ပိုးမစား၊ ခြမစားဘဲ နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိစေရန်အတွက် အသင်းကြီးမှ တာဝန်ယူထိမ်းသိမ်းထားရှိကြောင်း ယင်းအသင်းမှ သိရသည်။ **သက်ဦး(သထုံ)**

# စဉ့်ကိုင်ဘောလုံးကွင်းကြီးအား ငွေကျပ်သိန်း ၁၂၀၀ ဖြင့် ပြုပြင်တည်ဆောက်

**စဉ့်ကိုင် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အနေဖြင့် နိုင်ငံတော်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ်အဆင့်၊ ကျေးရွာအဆင့်ပြိုင်ပွဲများကျင်းပခြင်း၊ နှစ်စဉ်အားကစားသိပ္ပံတွင် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်စေလွှတ်၍ နိုင်ငံ့လက်ရွေးစင်အားကစားသမားများပေါ်ထွက်ခဲ့သောမြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

နိုင်ငံလက်ရွေးစင်အားကစားသမားများပေါ်ထွက်ခဲ့သော စဉ့်ကိုင်မြို့နယ်ဘောလုံးကွင်းကြီးသည် ရန်ကုန်-မန္တလေးလမ်းဟောင်းအနောက်ဘက်တွင်တည်ရှိပြီး အနီးဝန်းကျင်ရှိ အိမ်ဝိုင်းများမှာ ဘောလုံးကွင်းထက် ပိုမိုမြင့်မားနေခြင်း၊ ကွင်းမျက်နှာစာတွင် လယ်မြေရေသွင်းမြောင်းဖြတ်သန်းစီးဆင်းလျက်ရှိခြင်း၊ ရေနစ်မြုပ်၍ ပျက်စီးယိုယွင်းနေသောကြောင့် အားကစားဝါသနာရှင်ပြည်သူများအနေဖြင့် ပြန်လည်ပြုပြင်ရန်လိုလားလျက်ရှိကြောင်း သိရသည်။

အဆိုပါစဉ့်ကိုင်မြို့နယ်ဘော့လုံးကွင်းကြီးအား ငွေကျွန်းသာကုမ္ပဏီမှ တင်ဒါအောင်မြင်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၁၂၀၀ အကုန်အကျခံကာ တည်ဆောက်လျက်ရှိပြီး အဆိုပါဘောလုံးကွင်းကြီးအား အလျား ၃၉၀ ပေ၊ အနံ ၂၇၀ ပေ၊ နှစ်ပေမြေသားဖို့ခြင်း ဘောလုံးကွင်းပတ်လည်တွင် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ပွဲကြည့်စင်ပြန်လည်မွမ်းမံတည်ဆောက်ခြင်း၊ ဦးစီးအရာရှိနေအိမ်နှင့် ရုံးခန်းတည်ဆောက်ခြင်း၊ ကွင်းပတ်လည် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြီးစီးသွားပါက စဉ့်ကိုင်မြို့နယ်အနေဖြင့် နိုင်ငံဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်စမ်းစမ်းအေးက ပြောပြသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

# ကျုံပျော်မြို့နယ်တွင် ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိ

**ကျုံပျော် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို ဖွင့်လှစ်လျက်ရှိရာ မြို့ပေါ်နှင့် ကျေးရွာများမှ စိတ်ပါဝင်စားသူ သင်တန်းသား ၃၀ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဆိုင်ကယ်တစ်စီးလုံးရှိ အစိတ်အပိုင်းများအားလုံးကို ကျွမ်းကျင်စွာဖြုတ်တပ်ပြင်ဆင်နိုင်ရန် စာတွေ့ပိုင်းအား ဦးနေမျိုးအောင်နှင့် ဦးမြင့်ဆန်းတို့မှလည်းကောင်း၊ လက်တွေ့ပိုင်းအား ဦးမင်းမင်းနှင့် ဦးချစ်လှိုင်ဦးတို့က သင်ကြားပို့ချပေးလျက်ရှိပြီး သင်ထောက်ကူပစ္စည်းများ အခမဲ့ဖြင့်ဆောင်ရွက်ပေးလျက်ရှိကာ၊ သင်တန်းကာလကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ တစ်လသတ်မှတ်ထားကြောင်း သိရသည်။

အလုပ်ကိုင်အခွင့်အလမ်းနှင့် အသက်မွေးမှုပညာရရှိမည့် ယင်းသင်တန်းအားသင်တန်းသားများကစိတ်ပါဝင်စားစွာသင်ယူကြပြီး ထပ်မံဖွင့်ပေးပါကသင်ကြားရန် ဆန္ဒရှိကြကြောင်း ကျေးလက်ဦးစီးဌာနဒုဦးစီးမှူး ဒေါ်ခင်လဲ့လဲ့ခိုင်သန်း ကပြောသည်။ **နေဝင်းမြင့် (ပြန်/ဆက်)**









# ချောင်းသာကမ်းခြေဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆွေးနွေး

**ပုသိမ် ဒီဇင်ဘာ ၄**

ချောင်းသာကမ်းခြေဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆွေးနွေးညှိနှိုင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာကမ်းခြေရှိ Hotel Ace တွင်နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးအေးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးမှ News Chaung Tha Hotel ၌ အောက်တိုဘာ၂၃ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီးခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ မိမိတို့ဌာန နှင့် စပ်လျဉ်းသည့်လုပ်ငန်းအချက်အလက်တို့ကို ရှင်းလင်းတင် ပြခဲ့သည်။

ထို့နောက် အတွင်းရေးမှူး ဦးအေးကျော်က ဒေသခံရပ်မိရပ်ဖများမှ တင်ပြလာသော ချောင်းသာဒေသနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ကြီးကြပ်သူအရာရှိဦးကျော်သူ၊ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးတို့က ဦးဆောင်၍ စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ချောင်းသာရွာမကျောင်း ဆရာတော်ဦးပဒုမနှင့် ပညာဒါနအခမဲ့ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၈၀ ခန့်ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုမောင်**



# ကလေးမြို့နယ် ကျေးရွာချင်းဆက် မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ကလေး ဒီဇင်ဘာ ၄**

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ဖောင်ကူး-သဖန်းအိုင်-ဆည်တော်ဦး-အောင်မြင်သာကျေးရွာလမ်း မြေသားပေါင်တင်ခြင်းနှင့် ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၃ ရက်မှစ၍ မိုးမြင့်အာကာကုမ္ပဏီမှ စက်ယန္တရားကြီးများ အသုံးပြုကာ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုလအတွင်းပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လမ်းအကျယ် ၂၄ ပေ၊ ဒု ၆ ပေ၊မြေသားဘောင်တင်ခြင်း ၂ မိုင် ၅ ဒသမ ၂ ဖာလုံ၊ လမ်းအကျယ် ၂၄ ပေ၊ ဒု ၁ ပေ ၆လက်မ၊ မြေသားဘောင်တင်ခြင်း ၃ မိုင် ၁ ဒသမ ၇၅ ဖာလုံ၊ လမ်းအကျယ် ၁၈ ပေ၊ ထု ၆ လက်မ၊ ချောင်းသဲကျောက်ခင်းခြင်း ၅ မိုင် ၆ ဒသမ ၉၅ ဖာလုံတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေမှ ကျပ် ၂၀၀ ဒသမ ၃ သန်းအကုန်အကျခံကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်း အဆင့်မြှင့်တင်မှု ဆောင်ရွက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဇော်ထွန်းနှင့် ခရိုင် ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးတို့နှင့်အတူ နိုဝင်ဘာ ၃၀ ရက် ညနေ ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းကျေးရွာချင်းဆက် မြေသားလမ်း အဆင့်မြှင့်တင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးပါက အဆိုပါဒေသရှိ ကျေးလက်နေ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာ အကျိုးပြုလာမည်ဖြစ်ကြောင်းသိရသည်။

**ချင်းတွင်းသား**

## ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ထန်းပင်ကန် ကျေးရွာ၌ ဒေသခံများ လျှပ်စစ်မီးစတင်အသုံးပြုနိုင်ပြီဖြစ်

**ကျုံပျော် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကျီးကုန်းအုပ်စုထန်းပင်ကန်ရွာ၌ လုပ်ငန်းများပြီးစီး၍ ကျေးရွာပြည်သူများ လျှပ်စစ်မီးစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မကျီးကုန်းအုပ်စု ထန်းပင်ကန်ရွာ၌ကျေးရွာပြည်သူများ လျှပ်စစ်မီးရရှိမှုနှင့် ပတ်သတ်ပြီးကျေးလက်ဌာနမှ ဒု-ဦးစီးမှူး ဒေါ်ခင်လဲ့လဲ့ခိုင်သန်းက "ဌာနအနေနဲ့ ဒီနှစ်မှာ ကျေးလက်မီးလင်းရေးဆောင်ရွက်ဖို့အတွက် ကျေးရွာ လေးရွာရရှိပါတယ်။ ဒီထန်းပင်ကန်ရွာအတွက် ဌာနမှ ခွင့်ပြုငွေကျပ် ၃၂၅သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၃၂၅ သိန်း၊ စုစုပေါင်း ကျပ်သိန်း ၆၅၀ နဲ့ မီးလင်းရေး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ထန်းပင်ကန်ရွာမှာ လျှပ်စစ်မီးကို အပြည့်အဝ စတင်သုံးစွဲနိုင်နေပါပြီ၊ ကျန်ရှိတဲ့ရွာမှာလည်း လျှပ်စစ်မီးအမြန်ဆုံးသုံးစွဲနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

ယခုကဲ့သို့ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိလာပြီဖြစ်သဖြင့် ပညာရေး၊ ကျန်းမာရေး အပါအဝင်အခြားသော လူမှုဘဝများပါဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းသာလျက် ရှိသည်။ **နေဝင်းမြင့် (ပြန်/ဆက်)**

## မော်ဘီမြို့နယ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် လက်သမား၊ပန်းရံသင်တန်းဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တတိယအကြိမ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရံသင်တန်းကို မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကျေးရွာအုပ်စု ၃၉ အုပ်စုမှ သင်တန်းသား ၃၉ ဦးတက်ရောက်ပြီး ဦးစီးအရာရှိ ဒေါ်ရှယ်လီမှော်မှ ကျေးလက်နေ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန်နှင့် တစ်ဦးချင်းဝင်ငွေတိုးတက်ရရှိစေရန်၊ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်း သားများအား နည်းပြဆရာများမှ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ ခဲ့သည်။

**(ကြေးမုံ)**

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
(သာမည-မြဝတီ-မဲဆောက်)(အကောက်တောင်)(ဇလွန်)(နေပြည်တော်)
အပတ်စဉ် သောကြာ Dec 24
ဖုန်းဆိုတာနဲ့ 01-240860/01-372290 09-49282825 09421029191

အင်းလေးချစ်သူ (Travels & Tours)
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ့်စမ်း၊ ကက္ကူ | (Dec-11) | 135,000/- |
| ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည်ငါးပြည်၊ ပုပ္ပါး၊ ပခုက္ကူ | (Dec-11/24) | 85,000/ 125,000/- |
| မန္တလေး၊ ပြင်ဦးလွင် (ပန်းပွဲတော်)၊ စစ်ကိုင်း၊ အင်းဝ | (Dec-24) | 85,000/ 125,000/- |
| လွိုင်ကော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ့်စမ်း၊ ကက္ကူ | (Dec-24) | 175,000/- |
| ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန် | (Dec-24) | 110,000/- |

Ph : 09 979252121,09 421030814,09 979252020,09 979252424

ဆုပြည့် 0931815390,0931815395,09792432296
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် ] 6+1 FREE & Gift Dec 11, 18, 24 (စရိတ်ငြိမ်း) ဒီဇင်ဘာ အထူးခရီးစဉ်
မန္တလေး၊ပြင်ဦးလွင်၊ကျောက်စိမ်းဘုရား၊ရေပြာအိုင်၊ မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ၊နွားလပို့တောင်၊(ကျိုက်ထီးရိုး) ] Dec 24-27 (စရိတ်ငြိမ်း)
ကုမ္ပဏီ၊အသင်းအဖွဲ့များအတွက် ဈေးနှုန်းသက်သာစွာဖြင့် တာဝန်ယူစီစဉ်ပေးသည်။

N-Car Co, မှ အောက်ပါဝန်ထမ်းများအလိုရှိသည်
1. Sales and Marketing (ကျား/မ)
ကားအရောင်းအဝယ်အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Form နှင့် တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူ ဦးစားပေးမည်။
ဆက်သွယ်ရန် ၀၉-၄၀၁၆၀၄၂၈၂၊ ၀၉-၄၂၂၅၁၇၅၆၂
လိပ်စာ-အမှတ်(၈)၊ A-1လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။

M.E.H.S အထက (၁) ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၅၄-၁၉၈၀) ၏ (၁၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ
ကျင်းပမည့်နေ့ရက် - ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀ နာရီ
ကျင်းပမည့်နေရာ - အထက (၁) ဒဂုံ ၊ ဒဂုံသီရိခန်းမ
ဆက်သွယ်ရန်ဖုန်း: - Albert (09-5008750)
Henry Lee (09-5009093)
Ruby (09-5094665)
Selwyn (09-32856869)
Tin May Lwin (09-73242986)
ထူးအောင်ကြီး (09-254193144)
ဝေမာဝင်း (09-73201267)
စန်းစန်း (09-5017196)
မြတ်စိုးဝင်း (09-5126775)
သီရိမာ (09-5021241)
အေးအေး (09-5063840)

STUDENT'S GUIDE
တက္ကသိုလ်ဝင်တန်း
MATHEMATICS
COMPLETE REVISION
မေးလေ့မေးထရှိတဲ့ Section များကို မေးခွန်းပုံစံနဲ့ ဖြေဆိုပုံ လမ်းညွှန်ချက်တွေထည့်ပေးထားတဲ့အတွက် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများ ပုစ္ဆာအားလုံးကို အထူးဂရုပြု လေ့ကျင့်တွက်ချက်လိုက်ရင် ဂုဏ်ထူးမှတ်ထက် ကျော်လွန်ပြီး ရာပြည့် အမှတ်များ ရနိုင်ပါတယ် . . .
ထွက်ပြီ
Saya Patrick
အမှတ် (၃၉)၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်။ Ph - 01-296110, 398557, 8610088, 09-73001442

ဒေါင်းကြီးမင်းသား
ချောင်းသာ (စား/တည်း-ငြိမ်း)
(2/3) = 35000/- Dec 24/30
တောင်ကြီးအင်းလေးပင်းတယ
55000/- Dec 24/30 ထွက်မည်
09-30795100,09-33815451

မြေကွက်များ ဝယ်လိုပါသည်
ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိမြေကွက်များဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊
၀၉-၂၆၀၆၆၄၄၉၀

SST ဝန်ထမ်းအလိုရှိသည်
Marketing Manager
အမျိုးသား (၁)ဦး
• အောက်မြန်မာပြည် ဈေးကွက်ကျွမ်းကျင်သူ ဖြစ်ရမည်။
အတွေ့အကြုံအနည်းဆုံး (၅)နှစ် ရှိပြီး ဈေးကွက်မဟာဗျူဟာ ရေးဆွဲနိုင်သူဖြစ်ရမည်။
အမှတ်(၄၉၂) သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၄၄၅၆၆၊ ၀၉-၉၁၀၄၄၅၄၅

# မြိုင်မြို့နယ်ပြည်သူလူထုအခြေပြုရေမီတာသုံးပိုက်လိုင်း ရေပေးဝေရေးစနစ်ဖွင့်

**ပခုက္ကူ ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ရွာကျေးရွာတွင် ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပြည်သူလူထုအခြေပြု ရေမီတာသုံးပိုက်လိုင်း ရေပေးဝေရေးစနစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းနားကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေအောင်ဖြိုးနှင့် ယူနီဆက်မှ ရေရရှိရေးတာဝန်ခံအရာရှိ ဦးခင်အောင်သိန်းနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်၊ မြို့နယ်တို့မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာများမှ မြို့ပြသို့ဆက်သွယ်သောလမ်း၊ တံတားများ ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာများနှင့်ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းကိစ္စရပ်များ၊ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းများကို ပြောကြားခဲ့သည်။

ယင်းအပြင် ကျေးလက်နေပြည်သူများ အသိဉာဏ်ဗဟုသုတများ ပိုမိုမြင့်မားကာ ပူးပေါင်းဆောင်ရွက်တတ်သောအလေ့အကျင့်ကောင်းများရရှိရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်သူလူထုအခြေပြု CDD စီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ မော်တာစက်ချုပ်သင်တန်း၊ ပန်းရံ၊ လက်သမား၊ သံချိုသံကွေး၊ ဆိုင်ကယ်ပြင်၊ ဝါးအခြေခံလက်မှုထည်၊ သဘာဝသီးနှံနှင့် အခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်း အစရှိသောသင်တန်းများကို ကျေးလက်နေပြည်သူများအား သင်ကြားပို့ချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ရေမီတာသုံးအိမ်သွယ်ရေတိုင်ရေပိုက်လိုင်းစနစ် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၆၃ ရွာနှင့် ယူနီဆက် ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာ ၅၈ ရွာ စုစုပေါင်း ၁၂၁ ရွာဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ယင်းသို့ဆောင်ရွက်ထားရှိပေးရာတွင် မြိုင်မြို့နယ် ညောင်ကျေးရွာတွင် ယူနီဆက်မှ ကျပ်သိန်း ၂၅၀ တန်ဖိုးရှိသော ပိုက်အမျိုးမျိုးနှင့် မိုနိုပန့် (Element) များ၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်းပေါင်း ၆၈၂ ဒသမ ၅ သိန်း စုစုပေါင်းကျပ်သိန်း ၉၃၃ ဒသမ ၅ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပိုင်းဆိုင်ရာများကို ကူညီပံ့ပိုးပေးခဲ့သည်။



မြိုင်မြို့နယ် ညောင်ကျေးရွာတွင် မိုးခေါင်ရေရှားဒေသဖြစ်သည့်အတွက် မိုးရေကန်များမှရေကိုသာ အဓိကထား၍ သုံးစွဲခဲ့ရကာ နွေရာသီကန်ရေနည်းပါချိန်တွင် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေကိုအချိန်ယူကာ သွားရောက်ခပ်ယူကြရသည်။

ယခုအချိန်တွင် ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်ပြည်သူလူထုအခြေပြု ရေမီတာသုံးပိုက်လိုင်းရေပေးဝေရေးစနစ်သည် အိမ်ထောင်စု ၅၃၂ အိမ်၊ လူဦးရေ ၂၇၄၀ ဦးနှင့် အလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၄၄၄ ဦး၊ မူလတန်းအကြို ၇၀ နှင့် ကျောင်းပြင်ပ ပညာရေးစနစ်မှ ၁၄ ဦးတို့နှင့် ကျေးလက်ကျန်းမာရေးဌာနတို့အတွက် ရေမီတာအိမ်သုံး ရေသွယ်တိုင်ပိုက်လိုင်းစနစ် ဆောင်ရွက်ပေးခြင်းဖြင့် သန့်ရှင်းသောရေကောင်းရေသန့်ရရှိကာ ရေကြောင့်ဖြစ်တတ်သည့်ရောဂါများ လျော့နည်းကာ ရေအလေအလွင့်နည်းပါးသွားမည်ဖြစ်ကာ အချိန်ကုန်ကျမှုသက်သာသွားခြင်း လူအား ငွေအား အချိန်ကုန်သက်သာ၍ အခြားသောစီးပွားရေးဆိုင်ရာကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# လမ်းပေါက်လမ်းချိုင့်ပြုပြင်ပေးရန် ဒေသခံများလိုလား

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး-မြင်းခြံသွားလာရေးတွင် မြင်းခြံ-နဘူးအိုင်-မြို့သာ-တံတားဦး လမ်းပိုင်းမှာ မိုင်တိုင်၊ လမ်းပြမှတ်တိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ဆလံမြေတင်ခြင်းကြောင့် ခရီးသွားလာရေးအဆင်ပြေနေသော်လည်း လမ်းအချို့တွင် ရေကျော်များပျက်စီးနေခြင်း၊ လမ်းပေါက်များရှိနေခြင်းကြောင့် ယာဉ်အန္တရာယ်ရှိနေ၍ လမ်းပေါက်လမ်းချိုင့်များကို ပြင်ဆင်ပေးရန် ဒေသခံများနှင့် ခရီးသွားများက လိုလားနေကြောင်း သိရသည်။

အဆိုပါမန္တလေး-မြင်းခြံသွားလာရေးတွင် မြင်းခြံ-နဘူးအိုင်-မြို့သာ-တံတားဦးလမ်းပိုင်းမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၈ ပေလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကြောင့် မြင်းခြံ-မန္တလေး ၆၅ မိုင်နှင့် ခရီးပေါက်၍ ယခင်ကထက် ယခုလမ်းကို ကုန်ကားများ၊ကိုယ်ပိုင်ကားများသွားလာ၍အဆင်ပြေနေသည်။

မြင်းခြံ-မြစ်သား-ကျောက်ဆည်-မန္တလေးလမ်းမှာ ၉၆ မိုင်ရှိ၍ ယခု မြင်းခြံ-မန္တလေး ငါးလမ်းသွားမှာခရီးတို၊ အချိန်တိုနှင့်သွားရေးအဆင်ပြေနေပြီး လမ်းကောင်း၍လမ်းချိုင့်၊ လမ်းပေါက်အချို့ကြောင့် ဆိုင်ကယ်များ၊ကားများမှာ အန္တရာယ်ရှိနေကြောင်း ၎င်းကဆက်ပြောသည်။ **ဧွးမြင့်မောင်**



## ကြော်ငြာ


ဦးဇင်မင်းလတ်[B.E(Electronic), Project Engineer, Singapore]. ဒေါ်သက်သက်ခိုင် [D.H.E(UK), P.G.D.B.A(Singapore), P.G.D.G.E (Yangon University)B.Sc(Chem) တို့ ဦးစီးတည်ထောင်သော....




# Future Bright Star
Education Centre

၉-၁၀ (တက္ကသိုလ်ဝင်တန်း)အဆင့်မြင့်သီးသန့်စာသင် / စာကျက်ဝိုင်းများ

(၁) ကျောင်းသား/သူတစ်ဦးချင်းစီ၏အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်မှန်သမျှကိုအသေးစိတ်စိစစ်ကာ ထူးချွန်ပြောင်မြောက်သော အောင်မြင်မှုများကို ဂုဏ်သိက္ခာရှိသောတာဝန်ယူမှုအပြည့်ဖြင့်လေ့ကျင့်ပျိုးထောင်ပေးခြင်း။
(၂) စည်းကမ်းစေတနာ၊ ပညာရည်ပြည့်ဝ၊ ဝါရင့်၊ သမ္မာရင့် တာဝန်ယူမှုအပြည့်ရှိသောဆရာကောင်းတို့စုစည်းထားခြင်း။
(၃) ကျောင်းသား/သူများမိမိကိုယ်ကိုယုံကြည်မှုရှိစေရန် (၃)နာရီမေးခွန်းများကို အနည်းဆုံး(၇)ကြိမ်စစ်ဆေးပေး၍ Chapter End Test များကိုလည်းစစ်ဆေးပေးခြင်း။
(၄) တစ်ဘာသာကို Guide တစ်ဦးချင်းစီဖြင့် လိုအပ်ချက်မှန်သမျှပြည့်စုံအောင် အကောင်းဆုံးဖြည့်ဆည်းပေးမှုတို့ဖြင့်အားလုံး၏ လိုအပ်ချက်များကို စည်းကမ်း၊ စနစ် တကျသေသပ်သောလေ့ကျင့်ပျိုးထောင်ခြင်းတို့ဖြင့်....

မိန်းကလေး / ယောကျ်ားလေးအဆင့်မြင့်သီးသန့်ထူးချွန်ဘော်ဒါ

၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။ No. 204, 7A, နီလာ Condo, မိုလ်မြတ်ထွန်းလမ်း(အလယ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ 09 51 12518,09 26 456 7498.

---

ဥဂ္ဂဝဇ္ဇစဉ်ဆရာ/မ၊ အရည်ရှိမြစ် သူများရေးပြေချင် သတင်းစာ ဆုံမည်မဟုတ်
ထုံကြည်မှုအပ်နှံပါ
ပါမောက္ခ(ငြိမ်း) ဝါရင့်
ဆရာ ဗကြီး များသင်သည်
B.Ed
ကော်မရှင်
SH မြင့်သူထက် YU
LO ဥပဒေအရာရှိ (၄)
မြန်မာစာ (လုံးဝကျက်စရာမလို) အင်္ဂလိပ် (အနိက Essay (၅)ပုဒ်) ၀၉၄၅၁၄၅၅၂၀၁
ဇဟူသုတ (ပြည်တွင်း/မ ၅ ပုဒ်စီ) ဥပဒေ (အနိက (၁၃) ပုဒ်) ၀၉၇၃၁၀၀၈၇၁၂
ငွေတုန့်လုပ်နမြစ်စေရ
သွား ဒုရဲအုပ်
ပစ်မှတ်ထိသော
စာအုပ်များရမယ်
တိုက် (၃၅) ၃ လွှာ၊ ၆ပ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။

---

### ဝန်ထမ်းအလိုရှိသည်

- စားသောက်ဆိုင်စီမံကွပ်ကဲကြီးကြပ်ရေးမှူးကျွမ်းကျင် (၂)ဦး
- စားပွဲထိုးကြီးကြပ်ရေးမှူး Supervisor ကျွမ်းကျင် (၂)ဦး
- ဥယျာဉ်မှူး (၁)ဦး

ဆက်သွယ်ရန်ဖုန်း: 09-5033704, 09-5418885, 09-2000866, 09-5131294

---

### ခဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

---

### သွေးသည်အသက်

ပျောက်ဆုံးကြောင်း "ကောင်းစေတမန်"ကားအရောင်းစင်တာ၏ SALOON (TOYOTA CROWN) Chassis No 151-0128222 , ID 741707(16-5-12) ၏ Statement နှင့် ကားစာတ်ပုံများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၃၀၀၀၄

---

### ဘူမိအင်ဂျင်နီယာသင်တန်းအပတ်စဉ်(၁၅)နှင့် အဆင့်မြင့်မြေတိုင်းသင်တန်း အပတ်စဉ်(၁၀)သင်တန်းဖွင့်လှစ်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဘူမိအင်ဂျင်နီယာကော်မတီတို့မှ ပူးပေါင်းဖွင့်လှစ်သင်ကြားသော ဘူမိအင်ဂျင်နီယာသင်တန်းအပတ်စဉ်(၁၅)ကို လာမည့် ဒီဇင်ဘာလ ၁၈ ရက်(သောကြာနေ့)တွင်လည်းကောင်း၊ အဆင့်မြင့်မြေတိုင်းသင်တန်းအပတ်စဉ် (၁၀)ကို လာမည့် ဒီဇင်ဘာလ ၁၉ ရက်(စနေနေ့)တွင်လည်းကောင်း၊ ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)တွင် သင်တန်းအသီးသီး ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် တက်ရောက်လိုသော သင်တန်းသားတို့သည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး(အခန်း-၃၀၃၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ဖုန်း-၀၉-၄၅၀၀၅၁၃၁၀၊ ၀၉-၇၉၉၆၉၈၁၂၈၊ ၀၉-၄၂၇၇၂၁၂၁၆၊ ၀၁-၅၁၉၆၇၄ to ၇၆ လိုင်းခွဲ ၅၀၁)သို့ ဆက်သွယ်စုံစမ်းမေးမြန်း၍ လာရောက်အပ်နှံနိုင်ပါသည်။

***(သင်တန်းသားဦးရေကန့်သတ်ထားပါသည်။)***

---

### AYO SHOPPING MALL

အရှက်ဦး၊ Shopping နှင့် လက်တွဲလုပ်ကိုင်နိုင်မည့်အောက်ပါရာထူးနေရာများအတွက် ဝန်ထမ်းများအလိုရှိသည်။

| | | |
|---|---|---|
| (1)Center Manager | Male | (1)ဦး |
| (2)Account & Finance | Male / Female | (2)ဦး |
| (3)Marketing & Advertising | Male / Female | (2)ဦး |
| (4)M&E Section Head | Male | (1)ဦး |
| (5)M& E Staff | Male | (4)ဦး |
| (6)Admin Staff | Male / Female | (1)ဦး |
| (7)Security Incharge | Male | (1)ဦး |
| (8)Security Staff | Male | (11)ဦး |
| (9)Cleaner | Female | (5)ဦး |

-အမှတ်စဉ်(၅၊၇၊၈၊၉)မှလွဲ၍ ကျန်ရာထူးအားလုံးအတွက်သက်ဆိုင်ရာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
-သက်ဆိုင်ရာ ရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိရမည်။
*(ရေနံချောင်းမြို့တွင် တာဝန်ထမ်းဆောင်ရမည်။)

09-73163218 , 09-49262911 , 09-794949154
E-mail : ahyoneoosm2016@gmail.com

---

# AYO SHOPPING MALL

ရေနံချောင်းမြို့၏တစ်ခုတည်းသော "ဈေးဝယ်စင်တာ"




ရေနံချောင်းမြို့တွင် ဖွင့်လှစ်မည့် AYO SHOPPING MALL တွင် ပါဝင်ဖွင့်လှစ်နိုင်ရန်နှင့်ရရှိနိုင်မည့် အခွင့်အလမ်းများ၊

အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကိစ္စရပ်များ၊

စိတ်ဝင်စားစရာ Promotion အစီအစဉ်များ စသည်တို့ကို လူကြီးမင်းတို့နှင့် ဆွေးနွေးမည်ဖြစ်ပါသည်။

" ယုံကြည်စွာ ပူးပေါင်းပါဝင်လိုသည့်လုပ်ငန်းရှင်များကို အရှက်ဦး မှ ပါဝင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။ "

နေ့ရက် – 9.12.2015 အချိန် – (1)P.M to (3)P.M နေရာ – Sule Shangri-la Hotel (ပင်းယခန်းမ)

စာရင်းပေးသွင်းရန် - 09-73163218 , 09-49262911 , 09-794949154


Forever Gems by ရွှေနန်းတော်
WOW ! 5-25% off
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄) ဆိုင်၏
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
New 3D CAD/CAM Designs ထောင်ပေါင်းများစွာကို ၁၄-၁၁-၂၀၁၅ မှ ၃၁-၁-၂၀၁၆ထိ ရောင်းချပေးနေပါပြီ။
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
Customers အတွက် Silver Card / Gold Card / Diamond Card အကျိုးခံစားခွင့်
၃၁-၁၀-၂၀၁၅ မှ ၃၁-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်ထပ်ဆင့်အထူးလက်ဆောင်မွန်
နေ့စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ
၅.၁၀.၂၀၁၅ မှ ၁၄.၁.၂၀၁၆ ထိ
Myanmar Plaza (HAGL, Near Sedona Hotel),Ph: 09-2653 99966, 09-2653 99977, 09-2653 99988


အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ | အပိုလက်ဆောင်
၁,၀၀၀ ကျပ် | ၂၀၀ ကျပ်
၃,၀၀၀ ကျပ် | ၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ် | ၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ် | ၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ် | ၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

Hot Line No-0930500100




စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်သူများသို့ ပေးပို့သည့်သဝဏ်လွှာ ရေဒီယိုအစီအစဉ်များမှ ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်က ပေးပို့သည့်သဝဏ်လွှာအား မြန်မာ့အသံ၊ Mandalay FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# ပါတီစုံဒီမိုကရေစီလမ်းကြောင်း၏ ဒုတိယခြေလှမ်းလျှောက်လှမ်းရန် လိုအပ်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၍ အပြန်အလှန်လေးစား၊ အပြန်အလှန်အထောက်အကူပြုဆောင်ရွက်သွားကြရမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

တိုင်းပြည်ကို အေးချမ်းသာယာပြီး တိုးတက်စေလိုသော စိတ်ရှိသည့် နိုင်ငံသားတစ်ဦးအနေဖြင့် စည်းကမ်းရှိခြင်း၊ တရားမျှတခြင်း၊ ကိုယ့်ကျင့်သိက္ခာစောင့်ထိန်းခြင်း၊ ညီညွတ်မျှတသော ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ နိုင်ငံကြီးသားပီသခြင်း၊ အမျိုး ဘာသာ သာသနာကို စောင့်ထိန်းခြင်း၊ မိမိစွမ်းရည်သတ္တိထက်မြက်အောင် ဆောင်ရွက်အသုံးချခြင်း၊ အကြီးအကဲဂုဏ်ပြည့်ဝအောင် ကျင့်ကြံဆောင်ရွက်ခြင်း၊ အတွေးအခေါ်များ အမြဲရှင်သန်အောင် ဆောင်ရွက်ခြင်း စသည့် လူတစ်ဦးချင်းဆိုင်ရာ ကျင့်ကြံအားထုတ်မှုတို့ကို အမိစစ်တက္ကသိုလ်က လေ့ကျင့်ပျိုးထောင်ပေးမှုများနှင့်ပေါင်းစပ်ပြီး မိမိဘဝတိုးတက်မှုကို ထာဝရရှင်သန်အောင် နေထိုင်ကြိုးစားကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

## ယနေ့ မာတိကာ

**(၉)ကြိမ်မြောက် အာရှနိုင်ငံတကာကလေးများ ရုပ်ရှင်ပွဲတော်(၂၀၁၅)တွင် မြန်မာလူငယ်နှစ်ဦး Award Winner ဆုရ**

စာမျက်နှာ - ၈

**ဂျူပင်မှာ အသင်းကောင်းဖြစ်သော်လည်း ဘိုင်ယန်မှာ ဂျူပင်ထက်ပိုကောင်းဟုဆို**

စာမျက်နှာ - ၁၃

**ရဲတပ်ပွဲ့ ဝင်နှစ်ဦးအား ဓားဖြင့်ထိုးသတ်သူကို သေဒဏ်အမိန့်ချမှတ်**

စာမျက်နှာ - ၁၀

# နိုင်ငံပိုင်လေကြောင်းလိုင်းမှ ၂၂ နှစ်တာကာလအတွင်း ဟောင်ကောင်ခရီးစဉ် စတင်ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines) သည် ၁၉၉၃ ခုနှစ်နောက်ပိုင်း ဟောင်ကောင်ခရီးစဉ် ပြေးဆွဲခြင်းမရှိခဲ့ရာမှ ယခု ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် အသစ်ရောက်ရှိလာသော ဘိုးရင်းလေယာဉ်သစ်ဖြင့် ရန်ကုန်-ဟောင်ကောင်-ရန်ကုန်ခရီးစဉ်ကို ၂၂ နှစ်တာကာလအတွင်း ပြန်လည်ပြေးဆွဲမှု စတင်လိုက်ကြောင်း သတင်းရရှိသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းအနေဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် နိုင်ငံတကာခရီးစဉ်သစ်များ ပြန်လည်ပြေးဆွဲခဲ့ရာတွင် စင်ကာပူခရီးစဉ်ပြီးနောက် ဒုတိယမြောက် ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ဟောင်ကောင်-ရန်ကုန်ခရီးစဉ်ကို ပြန်လည်ပြေးဆွဲနိုင်ခဲ့ခြင်းဖြစ်ပြီး ယခင် ၁၉၅၀ ခုနှစ်အစောပိုင်းမှ ၁၉၉၃ ခုနှစ်အထိ မြန်မာ့လေကြောင်းအမည်ဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖









themirror.npt@gmail.com www.facebook.com/themirrordaily

## 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၅-၁၂-၂၀၁၅ မှ ၁၁-၁၂-၂၀၁၅ အထိ)

Vol.1 No-47 အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မြန်မာပြည်အနှံ့ ကြည့်နိုင်ပြီ
4TV DTH ၂၀ လောင်းနှင့်
ရုပ်သံပမ်းဝက်
အရည်အသွေးမြင့်ရုပ်သံလိုင်းပေါင်းများစွာ ဖမ်းယူကြည့်ရှုနိုင်သည်

အားလုံးပျော်သည် 4TV

4TV SHOWROOM

ထောက်ကြန့် ဆိုင်ခန်းသစ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်

Promotion Period **December 1** to **December 31**, 2015

**4TV HD RECEIVER**

~~45000~~ **35000** KS




တစ်လ အခမဲ့
ကြည့်ရှုခွင့် ပါဝင်သည်

**4TV**SHOWROOM**HTAUKKYANT**

အမှတ်(၃)၊ သုဂတိလမ်း၊ ပ-စံပြရပ်ကွက်၊
ထောက်ကြန့်မြို့နယ်၊ ရန်ကုန်မြို့။
**HOTLINE 01- 2306166**

4TV Showroom ထောက်ကြန့်ဆိုင်ခွဲတွင်သာ အထက်ပါ Promotion ကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

( ၅ - ၁၂ - ၂၀၁၅ မှ ၁၁ - ၁၂ - ၂၀၁၅ အထိ)

**High Definition ရုပ်သံလိုင်းများ** | **ရုပ်ရှင် ရုပ်သံလိုင်းများ**

### (စနေနေ့) ဒီဇင် - ၁၂ - ၅

5:20 PM Ip Man - The Final Fight — 4 HD




6:30PM Pirate's Code :The Adventures Of Mickey Matson — Fox Family Movies




for CINEMA 2
11:27 AM ညီလို့ရပါတယ် မင်းမော်ကွန်းနေရွှေ အေးမြတ်သူ
01:37 PM ရင်ခုန်ရဲတိုက် ကျော်ရဲအောင်၊ နိုင်သင်းကြည်
03:39 PM အဆိပ်သင့်သွေး ရဲအောင်၊ ကျော်ကျော်ဗိုလ် စိုးမြတ်သူဇာ၊ မေကချွ
06:02 PM လက်ဝဲဘက်ရင်ဘတ် ဆီကဂီတ ပြေတီဦး၊နိုင်သင်းကြည်၊ ချစ်စနိုးဦး

### (တနင်္ဂနွေနေ့) ဒီဇင် - ၁၂ - ၆

8:30 PM Takers — Fox Action Movies



9:00 PM ယှဉ်ပြိုင်ဆော့ကစားကြယ်ပွင့်များ — 5 Series




for CINEMA 2
01:44 PM မှုခိုင်ချစ်သူ ကျော်သူ၊ မေသန်းနု
03:41 PM အသံမထွက်အကွာ လွင်မိုးနန္ဒာလှိုင်
05:48 PM သစ်စိမ်းမြိုး ရွှမ်းမေသန်းနု ဇိုးပြည့်သဝင်
07:58 PM သစ်ခက်ချစ်သောင်း မင်းသွေးနိုးယုစံ
09:10 PM အကျွတ်အလွတ် နေယံ၊မိုးဒီ၊ပပရိုးကြည်

### (တနင်္လာနေ့) ဒီဇင် - ၁၂ - ၇

3:35 PM Nanny Mcphee — HBO HD



6:29 PM Geek Charming — For Cinema





for CINEMA 2
12:12 PM ရယ်သံမထွက်တဲ့ မျက်ရည်စက် မြင့်မြတ်၊ ဝေဝေ
02:07 PM အချစ်ရဲ့ဆုလာဘ် ကျော်သူ၊ မိုမိုမြင့်အောင်
04:09 PM အရိုင်းအနိုင်း နေမျိုးအောင်၊ နိုးပြည့်ပြည့်မောင်

### (အင်္ဂါနေ့) ဒီဇင် - ၁၂ - ၈

5:55 PM Kung Fu Panda 2 — Fox Movies HD




5 Movies
5:50 PM That Thing You Do!




5 Series
8:00 PM အသက်မဲ့လူသား




for CINEMA 2
2:20 PM မပြင်နိုင်သော ထွန်းထွန်း၊ သက်မှုမြင့်
04:14 PM အထာလေးတွေရှိတယ် ကျော်ရဲအောင်၊ ဖြိုးငွေစိုး စိုးမြတ်သူဇာ

5 သုခမ
08:00 PM ကတ္တီပါနိုင်စီးဖွေ့ကြီးဆောင်း (ပြေတီဦး၊ဝေဝေ)

### (ဗုဒ္ဓဟူးနေ့) ဒီဇင် - ၁၂ - ၉

8:28 PM John Wick — 4 HD




Fox Movies
3:55 PM When In Rome




5 သုခမ
6:37 PM လျှို့ဝှက်ရင်ခုန်သံ



for CINEMA 2
06:51 PM သူကြီးသမက်နဲ့ကျွက် နေမျိုးအောင်၊ဆုပန်ထွာ
08:30 PM ချစ်ခြင်းအိမ်ခြံမြေ ရင်ခုန်သံ ပြေတီဦး၊သက်မှုမြင့်

5 သုခမ
05:13 PM ဆိပ်ကမ်းဝဲ (သူထူးစံ၊အေးမြတ်သူ)

### (ကြာသပတေးနေ့) ဒီဇင် - ၁၂ - ၁၀

7:00 PM The Judge — HBO HD




9:45 AM Machete Kills — Fox Action Movies




6:43 PM The Young Victoria — For Cinema



for CINEMA 2
01:09 PM အလွှာသစ္စာ ရဲအောင်၊ခိုင်နှင်းဝေ
03:08 PM ချစ်သူလူဆိုး ဟိန်းဝေယံ၊နဝရတ်


5 သုခမ
07:13 PM ကိုးပြော နိုးပြော (ဖြိုးငွေစိုး၊စိုးမြတ်သူဇာ)

### (သောကြာနေ့) ဒီဇင် - ၁၂ - ၁၁

1:41PM The Apparition Once You Believe You Die — 4 HD



9:40 PM The Drop — Fox Movies HD




8:10 PM The Flu — 5 Movies



for CINEMA 2
09:38 AM အပိုင်စနော်ကြီးလိုက်ချင် ရန်အောင်၊လင်းမြတ်မင်း၊ မေသန်းနု၊ပိုင်ရာနိုင်သိန်း

5 သုခမ
06:33 PM အာဒံဖွက်ခဲ့သော ပဟေဠိ (ကျော်ကျော်ဗိုလ်၊ရွှေမှုန်သဝင်)

www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

# 4TV ၏ တစ်ပတ်တာကြည့်ရှုရေး အစီအစဉ်ကောင်းများ

(၅ - ၁၂ - ၂၀၁၅ မှ ၁၁ - ၁၂ - ၂၀၁၅ အထိ)

| အားကစားရုပ်သံလိုင်းများ | သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ | ဖျော်ဖြေရေး ရုပ်သံလိုင်းများ |
|---|---|---|

**Fox Sports 2**
07:30 AM FOX College Basketball 2015-16 Alabama vs Southern Miss (LIVE)



**crime & investigation**
7:30 PM Dangerous Persuasions (S1) Prophet Or Predator?




**Star World**
4:35 PM Masterchef Junior US




**Fox Sports 3HD**
7:45 PM Champions League Tennis 2015 (LIVE)



**HISTORY**
6:30 PM The Innovators: The Men Who Built America (S1) The New Machine




**M**
6:00 PM 2015 Mnet Asian Music Awards



**Fox Sports**
6:00 PM International Premier Tennis League 2015 Japan Warriors vs Philippine Mavericks (LIVE)




**Discovery**
8:30 PM Pacific Warriors Episode 1




**4 for KIDS**
12:02 PM A Bug's Life



**Fight Sports**
10:30 PM FIGHT SPORTS MMA Tumelo Maphutha vs Marc Vlieger



**fyi,**
6:30 PM Mikie Saves The Date (S1) Glitzy Glamour




**KBS WORLD**
7:20 PM Oh My Venus




**5**
7:55 PM Tom And Jerry




**Fox Sports**
5:30 PM Mixed Martial Arts The Ultimate Fighter 22

**Fox Sports 3HD**
4:30 PM Motor Racing Red Bull X-Fighter World Tour 2015

**NATIONAL GEOGRAPHIC CHANNEL**
5:30 PM Hard Time : Love Behind Bars




**TLC**
7:20 AM Shane Delia's Spice Journey: Turkey




**Fox Sports 2**
06:30 AM FOX College Basketball 2015-16 -Boston College vs Providence (LIVE)

**Fight Sports**
4:30 PM FIGHT SPORTS MMA Irshaad Sayed vs Abdul Hassan

**ANIMAL PLANET**
7:30 PM Finding Bigfoot 4 Amazon Squatchin'



**M**
8:30 PM Pretty Avengers




**Fox Sports**
3:00 PM KIA World Extreme Games 2015 Gold Medal Runs




**crime & investigation**
7:30 PM Beyond Scared Straight (S7) History Of Violence




**4 for KIDS**
6:02 PM Rango



www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

## 4TV ၏ တစ်ပတ်တာကြည့်ရှုရေးအစီအစဉ်ကောင်းများ (၅-၁၂-၂၀၁၅ မှ ၁၁-၁၂-၂၀၁၅ အထိ)

SPORTS
for SPORTS Channel

# Player's Life
(6:30 PM, December 9 , SAT)



for Sports ပရိသတ်ကြီးကို ဒီတစ်ပတ် မိတ်ဆက်ပေးမဲ့ Player's Life အစီအစဉ်မှာတော့ ပြီးခဲ့တဲ့ ၂၈ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ ဝုရှုးအားကစားနည်းကနေ တိုင်းပြည်အတွက် ရွှေတံဆိပ်ဆု ၂ ခု ဆွတ်ခူးပေးနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့တဲ့မြန်မာ ဝုရှုးအားကစားသမား အေးသစ္စာမြင့်ရဲ့ လက်ရှိနေထိုင်မှုတွေနဲ့ အောင်မြင်တဲ့ ကစားသမားဖြစ်လာအောင် ကြိုးစားအားထုတ်ခဲ့ရပုံတွေ ကို ရိုက်ကူးတင်ဆက်ပေးထားပါတယ်။ ဒီအစီ အစဉ်ကို ပရိသတ်များအနေနဲ့ ဒီဇင်ဘာလ ၉ ရက်နေ့ ညနေ ၆း၃၀ တွင် for Sports ရုပ်သံလိုင်းမှာ ကြည့်ရှုခံစားနိုင်ပါတယ်။





# Masha and The Bear

"ဆပ်ကပ်အဖွဲ့တစ်စုကနေအနားယူပြီး တောအုပ်ထဲကအိမ်လေးမှာ အေးချမ်းစွာနေဖို့ကြိုးစားနေတဲ့ ကြင်နာတတ်တဲ့ဝက်ဝံကြီးဆီကို ပျော်ပျော်နေတတ်တဲ့၊ ထက်မြက်တဲ့(၃)နှစ်အရွယ်ကလေးမလေး Masha ရောက်လာချိန်မှာတော့...."

ကလေးတို့အတွက်ရုပ်သံလိုင်း

**For Kids Channel** တွင်

**ဒီဇင်ဘာလ(၁)ရက်** နေ့မှစတင်၍

**အဝတ်စဉ် တနင်္လာ၊အင်္ဂါ၊ဗုဒ္ဓဟူးနေ့ (ညနေ ၅နာရီခွဲ)**

**အချိန်၌ စောင့်မျှော်ကြည့်ရှုနိုင်ပါသည်။**

KIDS

## BUNDESLIGA 2015-2016
## MATCHDAY (15)

LIVE ON FOX SPORTS

| | |
|---|---|
| December 5 / 01:50 AM | Schalke vs Hannover |
| December 5 / 8:50 PM | Hamburg vs Mainz |
| December 5 / 11:50 PM | Wolfsburg vs Dortmund |

LIVE ON FOX SPORTS, FOX SPORTS 3HD

| | |
|---|---|
| December 5 / 8:50 PM | Monchengladbach vs Bayern |




# 4HD
# Star Wars
## Selection




Star Wars ပရိသတ်များအတွက် 4 HD ရုပ်သံလိုင်းကနေ Star Wars selection ရုပ်ရှင်ဇာတ်ကားကောင်းများကို ဒီဇင်ဘာလ ၁ ရက်နေ့ ၊ ည ၉ နာရီ ဝန်းကျင် မှ စတင်ပြီး ရွေးချယ်ပြသပေးမှာဖြစ်လို့ စောင့်မျှော်ကြည့်ရှုနိုင်ဖို့ သတင်းကောင်းပါးလိုက်ပါတယ်။

